# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၂၈ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၁၈၀)


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ - ၁၄၅)

# COVID-19 ရောဂါထိန်းချုပ်ရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့သော ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ တီးတိန်မြို့သို့ရောက်ရှိ





တီးတိန် မတ် ၂၇

COVID-19 ရောဂါ ထိန်းချုပ်ရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့သော ဆန်အိတ် ၆၇၀၊ ဆီ ၁၀ ပိဿာဝင် ၄၃ ပုံး၊ ကုလားပဲအိတ်ကြီး ၁၄ အိတ်၊ အိတ်သေး တစ်အိတ်၊ ဆားအိတ်ကြီး ၁၇ အိတ်၊ အိတ်သေး တစ်အိတ် တီးတိန်မြို့သို့ ယနေ့ရောက်ရှိလာသည်။

အလားတူ KMSS အဖွဲ့အစည်းမှ ဆန်အိတ် ၁၅၀၊ PSI အဖွဲ့အစည်းမှ ဆန်အိတ် ၂၅၀ ကိုလည်း ကပ်တဲလ်ကျေးရွာနေ ပြည်သူများအတွက် လှူဒါန်းကြကြောင်း သိရသည်။

ပေါင်ကျင့်မုန်(ပြန်/ဆက်)

COVID-19 ရောဂါ ထိန်းချုပ်ရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့သော ဆီပုံးများနှင့် ဆန်အိတ်များကို တွေ့ရစဉ်။


COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၂၈-၃-၂၀၂၀) ရက်နေ့၊ နံနက် (၀၀:၁၅) နာရီ — စာ ၈

အမေရိကန်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် အလုပ်လက်မဲ့ဦးရေ စံချိန်တင်မြင့်တက် — စာ ၁၃

နှာခေါင်းစည်းတပ်ဆင်သူများနဲ့ မတပ်ဆင်ကြသူများ — စာ ၁၄


## စီးတီးမတ်ဆိုင်များတွင် နေ့စဉ်မရှိမဖြစ်လိုအပ်သော လူသုံးကုန်နှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ဝယ်ယူမှုကန့်သတ်ထားသော်လည်း ကုန်ပစ္စည်းပြတ်လပ်မှုမရှိစေရန် စီစဉ်ထားရှိ

ရန်ကုန် မတ် ၂၇

City mart Holding Co., ltd သည် မတ် ၂၅ ရက်နေ့တွင် "ဈေးဝယ်သူ မိဘပြည်သူများအားလုံးအတွက် နေ့စဉ်မရှိမဖြစ် လိုအပ်သော လူသုံးကုန်ပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ပြတ်လပ်မှုမရှိစေဖို့နဲ့ မျှမျှတတ ဝယ်ယူနိုင်စေဖို့ ဝယ်ယူနိုင်မယ့် အရေအတွက်ကို ကန့်သတ်ထားပါတယ်ရှင်။ အားလုံးနားလည်ပေးပြီး ပူးပေါင်းပါဝင်ပေးကြမယ်လို့လည်း မျှော်လင့်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ရှင်" ဟူသည့် စာသားကို ၎င်းတို့ Facebook စာမျက်နှာနှင့် City Mart (စီးတီးမတ်) ဆိုင်ခွဲများတွင် ကြေညာချက်များ ထုတ်ပြန်ခဲ့သည်။

ဈေးဝယ်ယူခြင်းအား ယခုကဲ့သို့ ကန့်သတ်ရောင်းချရခြင်းအပေါ် စီးတီးမတ်ရုံးချုပ်မှ တာဝန်ရှိသူတစ်ဦးက "မတ် ၂၅ ရက်က စတင်ပြီး ကျွန်မတို့ရောင်းချတဲ့အခါမှာ တစ်ဦးချင်းကို ဘယ်လောက်ပဲ ရောင်းချမယ်ဆိုတာ သတ်မှတ်ထားတာရှိတယ်။ အဓိကကတော့ အခြေခံလူသုံးကုန်ပစ္စည်းနဲ့ အခြေခံစားသောက်ကုန်တွေ ကန့်သတ်တာပါ။

*စာမျက်နှာ ၄ ကော်လံ ၁*






မြန်မာ့အလင်း

# နားလည်မှုရှိရှိ၊ တာဝန်သိသိ ပူးပေါင်းပါဝင်

ကမ္ဘာပေါ်ရှိ လူပေါင်းသန်းသုံးထောင်ကျော်တို့ ကိုဗစ် -၁၉ ကပ်ရောဂါကို ရှောင်ကြဉ်ရေးအတွက် အသွားအလာကန့်သတ်ကာ အိမ်တွင်းမှာသာ နေထိုင်နေကြပြီဖြစ်သည်။ မိမိတို့ နိုင်ငံတွင်လည်း ရန်ကုန်၊ မန္တလေး စသည့် လူနေထူထပ်စည်ကားလှသော မြို့ကြီးများနှင့်တကွ မြို့ပေါင်းများစွာတို့မှာ လူသွားလူလာရှင်းလင်းငြိမ်သက်လျက်ရှိနေကြသည်။ မိမိတို့နိုင်ငံတွင် COVID-19 ရောဂါပိုးကူးစက်ခံရကြောင်း အတည်ပြုလူနာ နှစ်ဦးကို မတ်လ ၂၃ ရက်၌ စတင်တွေ့ရှိခဲ့ပြီးနောက်ပိုင်း လူစုလူဝေးများနှင့် စည်ကားနေသည့် မြင်ကွင်းများ တစ်နေ့ပြီးတစ်နေ့ ရှင်းလင်းသွားခဲ့ခြင်းဖြစ်သည်။

COVID-19 သည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပြီး ကူးစက်ပျံ့နှံ့မှု လွန်စွာမြန်ဆန်သည့်အတွက် လူစုလူဝေးများ မဖြစ်စေရန် တားမြစ်ခြင်း၊ အသွားအလာများ လျှော့ချကန့်သတ်ခြင်း၊ နေအိမ်အတွင်း၌သာ နေထိုင်စေခြင်း၊ အိမ်မှ မိသားစုဝင်များအတွင်း တွင်လည်း အကန့်အသတ်ဖြင့်နေရသည့် ကာလအတွင်း မည်သို့နေထိုင်ရမည်ကို ထုတ်ပြန်ပေးထားသည့် အကြံပြုတိုက်တွန်းချက်များအတိုင်း တိကျစွာလိုက်နာစေခြင်းအားဖြင့် ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေကြရသည်။ တစ်ဖက်တွင်လည်း COVID-19 ရောဂါ ကူးစက်ပျံ့နှံ့နေသည့် အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသူများ ထောင်နှင့်ချီ၍ မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ရာ ရောဂါကူးစက်ပျံ့နှံ့နိုင်မည့် အလားအလာလွန်စွာ မြင့်မားလာခဲ့ပြီး ပြည်သူလူထုအတွင်း စိုးရိမ်ပူပန်မှုများလည်း ဖြစ်ပေါ်ခဲ့ကြသည်။

"ရောဂါဖြစ်နိုင်ခြေ များသူများအနေနဲ့ အထူးဂရုတစိုက်နေကြဖို့ တိုက်တွန်းချင်ပါတယ်။ ပိုပြီးအရေးကြီးတဲ့အချက်ကတော့ စောစီးစွာဆေးကုသမှုခံယူနိုင်ရေး ဖြစ်ပါတယ်။ ရောဂါလက္ခဏာပေါ်လာပြီလို့ ထင်စရာ ဖြစ်လာတာနဲ့ ချက်ချင်း၊ နေ့မရွေး၊ ညမရွေး၊ အနီးဆုံး ကျန်းမာရေးဌာနသို့ သွားစေချင်ပါတယ်၊ "စောစောပြော၊ စောစောသိ၊ စောစောအကျိုးရှိ" ဆိုတဲ့အတိုင်းပဲ ကျန်းမာရေးဌာနကို စောစောပြောသင့်တာပြောပါ၊ . . .၊ ဒါဟာ ကိုယ့်လုံခြုံရေး၊ ကိုယ့်ပတ်ဝန်းကျင်ရဲ့ လုံခြုံရေး နှစ်ရပ်စလုံးအတွက် ဖြစ်ပါတယ်" ဟု COVID-19 ဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်းပြောကြားခဲ့ရာ COVID-19 ရောဂါတွင် စောစီးစွာကုသမှုခံယူခြင်းဖြင့် မိမိနှင့်တကွ မိမိ၏ မိသားစု၊ မိမိ၏ ပတ်ဝန်းကျင်အတွက် ရလဒ်ကောင်းများ ဖြစ်ထွန်းနိုင်မည် ဖြစ်သည်။

ယခုအခါ ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာကြပြီး မိမိတို့၏ နေထိုင်ရာ ရပ်ရွာအသီးသီးသို့ ပြန်သွားကြရာတွင် နေအိမ် သို့မဟုတ် သတ်မှတ်နေရာများတွင်နေပြီး ၁၄ ရက်တာကာလ အသွားအလာကန့်သတ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ပြန်လည်ဝင်ရောက်လာသူများကလည်း ကျန်းမာရေးဆိုင်ရာအသိပေးနှိုးဆော်ချက်များနှင့်အညီ သက်ဆိုင်ရာများသို့ သတင်းပို့ခြင်း၊ အကန့်အသတ်များနှင့်အညီ နေထိုင်ခြင်းတို့ကို တာဝန်သိစွာလိုက်နာ ဆောင်ရွက်နေကြသည်။ သို့ရာတွင် အကန့်အသတ်ဖြင့် နေထိုင်ခြင်းနှင့်စပ်လျဉ်း၍ မသိနားမလည်သူများ၊ ဘာမှန်းမသိဘဲ ကြောက်ရွံ့သူများ၊ မလိုက်နာလိုသူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများကို ရန်ပြုသူများ စသည်တို့လည်း ရှိနေကြသည်။

၁၄ ရက်တာ ကာလအကန့်အသတ်ဖြင့် နေထိုင်ခြင်းသည် COVID -19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် လွန်စွာအရေးပါပြီး သက်ဆိုင်ရာပုဂ္ဂိုလ်နှင့်တကွ ၎င်း၏ မိသားစု၊ ပတ်ဝန်းကျင်အားလုံးအတွက် လွန်စွာအရေးကြီးသည်ကို နားလည်ကြရမည်ဖြစ်သည်။ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူတိုင်းတွင် ရောဂါပိုးကူးစက်ပါရှိလာနိုင်ခြေ မြင့်မားသည့်အားလျော်စွာ သီးသန့်ခွဲခြားစောင့်ကြပ်ကြည့်ရှုခြင်းသည် အားလုံး၏အကျိုးအတွက်ပင် ဖြစ်သည်။ နားလည်မှုရှိရှိ၊ တာဝန်သိသိ ပူးပေါင်းပါဝင်ကာ ၁၄ ရက်ကန့်သတ်စောင့်ကြည့်မှုကို ခံယူခြင်းဖြင့် ကမ္ဘာ့ကပ်ရောဂါဆိုးတိုက်ဖျက်မှုတွင် ပါဝင်နိုင်ကြပါစေကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြ သည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင် လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ပြည်ပမှ ပြန်လည်ရောက်ရှိလာမည့်သူများအား အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုမည့်နေရာများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၇

COVID – 19 ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ပြည်ပမှ ရန်ကုန်တိုင်းဒေသကြီးသို့ ပြန်လည်ရောက်ရှိလာမည့် သူများအား စောင့်ကြပ်ကြည့်ရှု ထားရှိမည့် လှည်းကူးမြို့နယ်အတွင်းရှိ နေရာများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ မတ် ၂၇ ရက် နံနက် ၈ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ပြည်ပမှ ပြန်လည်ရောက်ရှိသူများအား ကန့်သတ်စောင့်ကြပ်ကြည့်ရှုရာတွင် တာဝန်ထမ်းဆောင်မည့် ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားစဉ်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ရန်ကုန်တိုင်းဒေသကြီးသို့ ပြန်လည်ရောက်ရှိလာမည့် မြန်မာနိုင်ငံသားများအား ၁၄ ရက်ကြာ သီးခြားခွဲပြီး အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုထားရှိမည့် လှည်းကူးမြို့နယ် အမြန်လမ်းတိုးဂိတ်အနီး ဇီးရိုးမိုင်အနီးရှိဓမ္မရံသီ မိုးကုတ်ရိပ်သာကျောင်းတိုက်ရှိ အဆောင်များကို ဓမ္မရံသီမိုးကုတ်ရိပ်သာ ကျောင်းတိုက်ကြီးများ၏ အဓိပတိ နာယကချုပ်ဆရာတော်အရှင်သုနန္ဒ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးသည်။ နေထိုင်စားသောက်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမည့် အစီအမံများကို ဆရာတော်အား လျှောက်ထား၍ လိုအပ်သည်များ ဆောင်ရွက်ထားရှိနိုင်ရန် ဌာနဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ဓမ္မရံသီမိုးကုတ်ရိပ်သာကျောင်းတိုက်ကြီး၌ ယခုလက်ရှိတွင် ပြည်ပနိုင်ငံများမှ ပြန်လာသူ ၉၅ ဦးအား အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) ပြုလုပ်ထားကြောင်းနှင့် ကျောင်းတိုက်တွင် အဆောင် သုံးဆောင်စီစဉ်ထားရှိပြီးလူဦးရေ ၄၀၀ ကျော်ခန့် ထားရှိနိုင်ကြောင်း ဆရာတော်ကမိန့်ကြားသည်။

ဆက်လက်၍ နံနက် ၉ နာရီတွင် လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ရှိ ဒဂုံဆောင်၊ ယုဇနဆောင်၊ ဥတ္တရဆောင်နှင့် အခြားအဆောင်များအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည့် အစီအမံများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိနိုင်ရေးအတွက် ဖောင်ကြီးညှော့ရိပ်သာ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

## ကောလင်း၌ နွေရာသီ ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းနှင့် ကုန်ထုတ်လမ်းများ ရာနှုန်းပြည့်ပြီးစီး

**ကောလင်း မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ကျော်နှင့် တာဝန်ရှိသူများသည် ဥက္ကံကျေးရွာ ကုန်ထုတ်လမ်းနှင့် ငါးကြီးအိုင်ကျေးရွာ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများကို ယနေ့ နံနက် ၈ နာရီခွဲတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် ငါးကြီးအိုင်ကျေးရွာ စက်ရေတွင်းကို ၂၀၁၉-၂၀၂၀ ဘတ်ဂျက်ခွင့်ပြု ငွေကျပ် ၁၄ ဒသမ ၃ သန်းဖြင့် ၄ လက်မ (ပေ ၄၀၀)စက်ရေတွင်း၊ ဂါလန် ၂၀၀၀ ဆံ့ရေစုကန်နှင့် အလျား ၁၀ပေ၊ အနံ ၈ ပေ၊ အမြင့်၈ ပေရှိ ရေစက်ရုံဆောင်ရွက်ပေးမည်ဖြစ်ရာ လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဥက္ကံကုန်ထုတ်လမ်းမှာ အရှည် ၀ မိုင် ၇ ဖာလုံ ရှိပြီး အောင်သီရိစံကုမ္ပဏီက ငွေကျပ် ၃၅ ဒသမ ၄၆ သန်းဖြင့်ဆောင်ရွက်နေခြင်းဖြစ်ပြီး ယင်းလမ်းဆောင်ရွက်ပြီးပါက လယ်မြေ ဧက ၁၀၀ အတွက် အကျိုးပြုမည်ဖြစ်ကာ အိမ်ခြေ ၅၆၇ အိမ်၊ လူဦးရေ၂၄၉၅ ဦးတို့၏ ထွက်ကုန်၊ ထုတ်ကုန်များကို ကုန်ကျစရိတ် အနည်းဆုံးဖြင့် လျင်မြန်စွာ ရောက်ရှိစေနိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်ကျော်ထံမှ သိရသည်။ **မွေးကြူဇင်**

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် COVID -19 ကူးစက်ရောဂါနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေးစီမံချက်ကို ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများနှင့် ဆွေးနွေး

နေပြည်တော် မတ် ၂၇

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် COVID-19 ကူးစက်ရောဂါနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေးစီမံချက်နှင့်စပ်လျဉ်းပြီး ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများနှင့် အင်တာနက်ကွန်ရက် Video Conferencing ဖြင့် ယနေ့နံနက်ပိုင်းက ညှိနှိုင်းဆွေးနွေးကြသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် COVID-19 ကူးစက်ရောဂါနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေးစီမံချက်နှင့်စပ်လျဉ်းပြီး ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများနှင့် အင်တာနက်ကွန်ရက် Video Conferencing ဖြင့် ညှိနှိုင်းဆွေးနွေးစဉ်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မြို့နယ်ပေါင်း ၂၄ မြို့နယ်၊ စခန်းစုစုပေါင်း ၁၂၈ ခုတွင် ပြည်တွင်းနေရပ်စွန့်ခွာသူဦးရေ ၁၈၄,၃၃၃ ဦး နေထိုင်လျက်ရှိပါကြောင်း၊ အဆိုပါ ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် လိုအပ်သည့် အခိုအကာ၊ စားရေရိက္ခာ၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားသော အသက်မွေးဝမ်းကျောင်းကိစ္စရပ်များကို သက်ဆိုင်ရာပြည်နယ် အစိုးရအဖွဲ့များ ၏ အနီးကပ်ကြီးကြပ်မှု၊ ဆက်စပ်ဌာန၊ အဖွဲ့အစည်းများ၏ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုနှင့် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စခန်းများတွင် နေထိုင်ကြသော ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် COVID-19 ကူးစက်ရောဂါဘေးနှင့်စပ်လျဉ်းပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပေးနိုင်ရန် စီမံချက်တစ်ခုကို ရေးဆွဲထားပြီးဖြစ်ကြောင်း၊ စီမံချက်ရေးဆွဲရာတွင် နိုင်ငံတကာ လူသားချင်းစာနာကူညီမှုနှင့် ကာကွယ်စောင့်ရှောက်ပေးမှုဆိုင်ရာ စံချိန်စံညွှန်း များ၊ Inter-Agency Standing Committee က စခန်းတွင် နေထိုင်ကြသူများအတွက် COVID-19 ကူးစက်ရောဂါနှင့်စပ်လျဉ်းပြီး ထုတ်ပြန်ထားသည့် ကြားဖြတ်လမ်းညွှန်ချက်များကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ထားပါကြောင်း၊ ယခုရေးဆွဲထားသည့် စီမံချက်မှာလည်း လက်ရှိ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ၊ အချိန်ကာလပေါ်မူတည်ပြီး လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်သည့် (Living Document) တစ်ခုဖြစ်ကြောင်း၊ စီမံချက်ရေးဆွဲရာတွင် စခန်းများတွင်နေထိုင်ကြသည့် နေရပ်စွန့်ခွာသူများအကြား COVID-19 ကူးစက်ရောဂါနှင့်ပတ်သက်ပြီး အသိပညာ၊ ဗဟုသုတများတိုးပွားစေရန်၊ စခန်းများတွင် COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် အစီအမံများ ကြိုတင်ချမှတ်ဆောင်ရွက်နိုင်ရန်နှင့် COVID-19 ကူးစက်ရောဂါအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းကိုဆောင်ရွက်ရာတွင် ဆက်စပ်ပတ်သက်သူ(Stakeholders) များအကြား ထိရောက်စွာ ညှိနှိုင်းပေါင်းစပ်နိုင်ရန် စသည့် ရည်ရွယ်ချက် သုံးခုဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ထိုရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် COVID-19 ကူးစက်ရောဂါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ COVID-19 ကူးစက်ရောဂါပြန့်ပွားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ COVID-19 ၏ရောဂါလက္ခဏာများ တွေ့ရှိပါက အရေးပေါ်တုံ့ပြန်ရေး အစီအမံများထားရေး၊ စီမံချက်အကောင်အထည်ဖော်ရာတွင် လိုအပ်သော အရင်းအမြစ်များရရှိရေး၊ စီမံခန့်ခွဲရေးနှင့် ညှိနှိုင်းပေါင်းစပ်ရေး၊ COVID-19 ကူးစက်ရောဂါနှင့်စပ်လျဉ်းပြီး သတင်းအချက်အလက်အပေါ် အခြေခံသော စီမံခန့်ခွဲမှုတွင် စောင့်ကြည့်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်း စသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခု Video Conferencing တွင် ယာယီခိုလှုံရာစခန်းများတည်ရှိသည့် ပြည်နယ် လေးခုမှ ဦးစီးမှူးများ ပါဝင်သည့်အတွက် လက်တွေ့မြေပြင် ဆောင်ရွက်ချက်များနှင့် လိုအပ်ချက်များကို ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း၊ ကူးစက်ရောဂါပြန့်ပွားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရများ၊ စခန်းစီမံခန့်ခွဲမှုကော်မတီများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိ

ထို့နောက် တက်ရောက်လာကြသော ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆွေးနွေးရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးက COVID-19 ကူးစက်ရောဂါ တားဆီးကာကွယ်ရေးအတွက် တစ်နိုင်ငံလုံးပါဝင်အောင် အစိုးရဘက်ကကြိုးပမ်း ဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်း၊ အထူးသဖြင့်ပဋိပက္ခဒေသများတွင် နေထိုင်နေကြရသူများ၊ နေရပ်စွန့်ခွာရသူများနှင့် ထိခိုက်လွယ်လူအုပ်စုများ အားလုံးကို ထည့်သွင်းစဉ်းစားပေးရန် လိုအပ်ပါကြောင်း၊ မိမိတို့ကုလသမဂ္ဂအဖွဲ့အစည်းများ အနေဖြင့်လည်း အဆိုပါဒေသများရှိ အမှန်တကယ်လိုအပ်ချက်ရှိသူများ အတွက် လူသားချင်းစာနာကူညီမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ COVID-19 ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ အဆိုပါနေရာဒေသများ အတွက်ပါ မြန်မာနိုင်ငံအစိုးရဘက်က ဆောင်ရွက်ပေးခြင်းကို ကြိုဆိုပါကြောင်း၊ မိမိတို့ဘက်ကသွားရောက်နိုင်သည့် စခန်းများတွင်လည်း COVID-19 နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပေးခြင်း၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများဘက်ကလည်း အစိုးရနှင့် မည်သို့ ပူးပေါင်းဆောင်ရွက်ပေးနိုင်မည်ကို လေ့လာဆန်းစစ်နေပါကြောင်း၊ အစိုးရဘက်ကသတင်းအချက်အလက်များ မျှဝေပေးမည်ဆိုပါက ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုထိရောက်နိုင်မည်ဖြစ်ပါကြောင်း၊ COVID-19 အတွက် ဆောင်ရွက်ချက်များကို အခြားအဖွဲ့အစည်းများအား ပြန်လည်အသိပေးမည်ဖြစ်ပါကြောင်း၊ လူသားချင်းစာနာကူညီမှုလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် နေရာများသို့ ရောက်အောင်သွားနိုင်ရန် အရေးကြီးသကဲ့သို့ အဆိုပါနေရာများတွင် ကူးစက်ရောဂါဖြစ်ပွားပါက အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီရရှိရန်လည်း လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

### ကူညီထောက်ပံ့ပေးနိုင်

ဆက်လက်၍ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် ဌာနေ ညွှန်ကြားရေးမှူးက နေရပ်စွန့်ခွာသူများ၏ စခန်းများတွင် COVID-19 ရောဂါ ကူးစက်မှုကာကွယ်နိုင်ရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ ကျန်းမာရေးသုံး ပစ္စည်းများနှင့် သန့်ရှင်းရေးသုံး ပစ္စည်းများကို ကူညီထောက်ပံ့ပေးနိုင်ပါကြောင်း ပြောကြားသည်။

### ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လို

ယင်းနောက် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ တာဝန်ရှိသူက Quarantine Facility လိုအပ်ချက်များကို ပံ့ပိုးနိုင်ကြောင်း၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) က နေရပ်စွန့်ခွာသူများအတွင်း ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ၊ ဖြစ်ရပ်စီမံခန့်ခွဲခြင်းနှင့် ညွှန်းပို့ခြင်းလုပ်ငန်းများ၊ အမျိုးသမီးနှင့် ကလေးသူငယ် ထောက်ပံ့ကြေးပေးအပ်သည့် အစီအစဉ်နှင့် Shock Responsive Social Protection လုပ်ငန်းများကို တိုးမြှင့်ပူးပေါင်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူက COVID-19 နှင့်ပတ်သက်၍ နည်းပညာ အကူအညီများ ပံ့ပိုးပေးရန် ကိစ္စရပ်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)မှ ကိုယ်စားလှယ်က ဘေးလွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး လုပ်ငန်းများ၊ ကပ်ရောဂါဘေးကြောင့် လူမှုရေးနှင့်စီးပွားရေး ဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်လေ့လာခြင်း၊ ဘေးလွန်ကာလလိုအပ်ချက် ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပေးလိုပါကြောင်း၊ ရှေ့လုပ်ငန်းစဉ်များအတွက်လည်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လိုပါကြောင်း ပြောကြားသည်။

### အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေး

ထို့နောက် UNOCHA မှတာဝန်ရှိသူက COVID-19 နှင့် ပတ်သက်သည့် သတင်းအချက် အလက်များကို Website ပေါ်တွင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးအောင်က တိုက်ပွဲရှောင်စခန်းများရှိ ထိခိုက်လွယ်အုပ်စုတွင် ပါဝင်သော သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါခံစားနေရသူများ၊ မသန်စွမ်းများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များအတွက် လိုအပ်သည့် အာဟာရဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့မှုများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက် ချမှတ်ထားသော လုပ်ငန်းစဉ်များအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

### လုပ်ငန်းစဉ်များရေးဆွဲ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီကို မတ် ၁၃ ရက်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး အဆိုပါကော်မတီ၏ အတည်ပြုချက်ဖြင့် မိမိတို့ဝန်ကြီးဌာနနှင့် MoU လက်မှတ်ရေးထိုး၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများသို့ မေတ္တာရပ်ခံ ပန်ကြားချက်ကို မတ် ၁၈ ရက်တွင် ထုတ်ပြန်ဆောင်ရွက်ခဲ့ပါကြောင်း၊ ခိုလှုံရာစခန်းများရှိ နေရပ်စွန့်ခွာသူများအနေဖြင့် ပြင်ပမှ COVID -19 ရောဂါပိုး ကူးစက်ဝင်ရောက်ပြန့်ပွားခြင်း မခံရစေရန် ကြိုတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံအတွင်း၌ COVID- 19 ရောဂါပြန့်ပွားခြင်းကို ကာကွယ်ရန် ရောဂါကူးစက်ဖြစ်ပွားနေသော နိုင်ငံမှ ဝင်ရောက်လာသူထံတွင်လည်းကောင်း၊ နိုင်ငံအတွင်းရှိ သံသယလူနာထံတွင်လည်းကောင်း၊ ရောဂါကို ဓာတ်ခွဲအတည်ပြုစစ်ဆေးတွေ့ရှိရပါက အဆိုပါပုဂ္ဂိုလ်နှင့်အတူ နေထိုင်သူများ၊ ထိတွေ့ ဆက်ဆံခဲ့သူများကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်း လူတစ်ဦးမှ တစ်ဦးသို့ ရောဂါကူးစက်ဖြစ်ပွားနေသည့် အခြေအနေကိုလည်းကောင်း အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန တို့မှ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ရှာဖွေစစ်ဆေးနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ လမ်းညွှန်ချက်ရှိပါကြောင်း၊ ယာယီခိုလှုံရာစခန်းများတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် COVID-19 ကူးစက်ရောဂါနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေးစီမံချက်ပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် စခန်းနေသူ တစ်ဦးချင်း၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးကြောင်း၊ ယခုရေးဆွဲထားသော ယာယီခိုလှုံရာစခန်းများရှိ နေရပ်စွန့်ခွာသူ (IDP) များတွင် COVID -19 ရောဂါတားဆီးကာကွယ်ရေးစီမံချက် မူကြမ်းအား ယနေ့ဆွေးနွေးချက်များပါ အချက်အလက်များကို ထည့်သွင်းစဉ်းစား၍ စခန်းအလိုက် လိုအပ်ချက်များအရ လုပ်ငန်းစဉ်များရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အားလုံးပူးပေါင်းဆောင်ရွက်ကြပါရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်း COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**ပဲခူး မတ် ၂၇**

ပဲခူးတိုင်းဒေသကြီးအတွင်း COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ကော်မတီများလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၂၇ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ကျင်းပသည်။(ယာပုံ)

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက COVID-19 ရောဂါသည် ယနေ့အချိန်တွင် မြန်မာနိုင်ငံ၌ ရောဂါဖြစ်ပွားသူ ငါးဦးရှိနေပြီဖြစ်ကြောင်း၊ အဓိကအားဖြင့် အနောက်ဥရောပနိုင်ငံများမှ ပြန်လာသူများ COVID-19 ရောဂါပိုး တွေ့ရှိရသော်လည်း ထိုင်းနိုင်ငံမှ နေ့စဉ် လူထောင်ချီ၍ ပဲခူးတိုင်းဒေသကြီးကို ဖြတ်သန်းလျက်ရှိရာ အထူးအလေးထားစောင့်ကြည့်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်ပမှ မိမိတို့နေရပ်သို့ ပြန်လာသောသူများကို သက်ဆိုင်ရာ မြို့နယ်အလိုက် စောင့်ကြည့်ရေးစခန်းတွင် ၁၄ ရက်ကြာ နေထိုင်ရမည်ဖြစ်ပြီး နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစသည့် လိုအပ်ချက်ကို ဆွေးနွေးတင်ပြရန် လိုအပ်ကြောင်း၊ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ ညွှန်ကြားချက်များအတိုင်း ဆောလျင်စွာ ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း စနစ်တကျ ဆောင်ရွက်နိုင်မှသာ ရောဂါဖြစ်ပွားမှု လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း COVID-19 ရောဂါ ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းလုပ်ငန်းများတွင် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဌာနဆိုင်ရာများ၊ NGO များ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ NGO များ၊ လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့်အတိုင်း အကာအကွယ်ပစ္စည်းများ၊ အသုံးအဆောင်များဖြင့်သာ ကူညီဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ထုတ်ပြန်ပေးရန်၊ ပညာပေးလုပ်ငန်းများကိုလည်း ရပ်ကွက်၊ ကျေးရွာနေ ပြည်သူများ သိရှိစေရန်၊ အဓိကအားဖြင့် သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါသည်များ အိမ်အပြင်မထွက်ရေး အထူးဂရုပြုရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

ထို့နောက် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဖွဲ့စည်းထားပြီးဖြစ်သည့် ကော်မတီများအလိုက် စနစ်တကျ ဖိဖိစီးစီး ဆောင်ရွက်သွားကြရန်၊ ဝန်ဆောင်မှု ဆောင်ရွက်ပေးသည့် ဝန်ထမ်းများ၊ ပြည်သူများအတွက် လိုအပ်သော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပြည့်ပြည့်စုံစုံ ရရှိနိုင်ရေး ဆောင်ရွက်ပေးရန်၊ သက်ဆိုင်ရာ မြို့နယ်အလိုက် စောင့်ကြည့်ရေးစခန်းများတွင် လိုအပ်ချက်များအား ကြိုတင်ပြင်ဆင်ထားရန်နှင့် ဒေသခံပြည်သူများကိုလည်း အသိပညာပေးထားရန်၊ လိုအပ်ပါက ကန့်သတ်နယ်မြေအဖြစ် ထားရှိရန်ကိုလည်းကောင်း၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ဆန်းက ထိုင်းနိုင်ငံမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ နေရပ်ပြန်လာသည့် ပြည်သူများအား မြဝတီသို့သွားရောက်ခေါ်ဆောင်ကာ သက်ဆိုင်ရာ မြို့နယ်စောင့်ကြည့်ရေး စခန်းများသို့ တိုက်ရိုက်ပို့ဆောင်မည့် အစီအမံများကိုလည်းကောင်း၊ တက်ရောက်လာသည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ယူထားသည့် ကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များအား တင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ကွပ်ကဲရေးရုံးအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဆောင်၍ ပဲခူးမြို့၊ သာသနာ့ဗိမာန်အောက်ထပ်၌ ဖွင့်လှစ်ထားရှိပြီး လိုအပ်ချက်များနှင့် လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ၀၉-၂၅၀၃၀၀၄၂ နှင့် ၀၅၂-၂၂၃၅၅၅ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**ဟိန်းထက်(ပဲခူး)**

# သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ခရီးသွားများ အဆင်ပြေလွယ်ကူစွာသွားလာနိုင်ရေး ယာဉ်အသင်းများက ဆောင်ရွက်ပေးမည်

**မန္တလေး မတ် ၂၇**

သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း မန္တလေးမြို့မှ နေရပ်အသီးသီးသို့ ပြန်ကြမည့် ဝန်ထမ်းများ ကျောင်းသား၊ ကျောင်းသူများနှင့် ခရီးသွားပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်စေရေးအတွက် ယာဉ်အသင်းများမှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက ပြောကြားသည်။



မန္တလေးမြို့ရှိ ကွဲဆည်ကန်ကားကွင်း။

အဆိုပါယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီမှ သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း၌ ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် အဝေးပြေးကားကွင်းရှိ ကော်မတီရုံးတွင် ဧပြီ ၉ ရက်မှ ၂၁ ရက်အထိ ယာဉ်လိုင်းအသင်းများနှင့် ပူးပေါင်းကာ ကားလက်မှတ်အခက်အခဲရှိသူများအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်ကာလအတွင်းမှာ မန္တလေးမြို့ကနေ နေရပ်ပြန်မယ့်သူ၊ ခရီးထွက်မယ့်သူတွေအတွက် ကားလက်မှတ်အခက်အခဲမရှိအောင် ကျွန်တော်တို့ကိုယ်တိုင် ဧပြီ ၉ ရက်ကနေ ၂၁ ရက်အထိ ကားဝင်းက ကော်မတီရုံးမှာ သွားနေပြီး ကားလက်မှတ် မရရှိသူတွေအတွက် ခရီးသည်ကိုယ်တိုင် မှတ်ပုံတင်နဲ့ လာရောက်ပြောပြရင် လက်မှတ်ရရှိအောင် ဆောင်ရွက်ပေးသွားဖို့ စီစဉ်ထားပါတယ်။ ဒီလိုဆောင်ရွက်ပေးမယ်ဆိုတာကို ခရီးသည်တွေ သိရှိအောင်လည်း ကားကွင်းအဝင်ဝမှာရှိတဲ့ ယာဉ်လိုင်းများ ကြီးကြပ်ရေးအဖွဲ့ရုံးရှေ့မှာ ဗီနိုင်းတွေနဲ့ ရေးသားကြေညာပြီး ချိတ်ဆွဲထားမှာဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း အဲဒီကာလမှာ ခရီးသွားတွေအဆင်ပြေအောင် ဆောင်ရွက်နိုင်ဖို့ ညွှန်ကြားချက်တွေ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီအနေဖြင့် သင်္ကြန်ကာလအတွင်း၌ ခရီးသွားပြည်သူများအတွက် မလိုလားအပ်သည့် ဆိုးကျိုးများနှင့် မှောင်ခိုရောင်းချမှုများ မဖြစ်ပေါ်စေရန် အွန်လိုင်းစနစ်ဖြင့် ကားလက်မှတ် ကြိုတင်မှာယူမှုများအား ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း သိရသည်။

"အရင်နှစ်တွေက ခုလို သင်္ကြန်ကာလမှာ ကားလက်မှတ် အခက်အခဲရှိသူတွေကို ကူညီနိုင်ဖို့ ယာဉ်အသင်းတိုင်းကို လက်မှတ် ငါးစောင်စီ ချန်ခိုင်းထားသလို စီးလုံးငှားပြီး ပို့ဆောင်ပေးနိုင်တဲ့အထိကို စီစဉ်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ မန္တလေးရဲ့ထုံးစံက သင်္ကြန်မတိုင်ခင်မှာ ကားလက်မှတ်ခက်ခဲတာ မရှိဘူး။ သင်္ကြန်အပြီးကာလမှာပဲ ပြန်တဲ့သူများတဲ့အတွက် ကားလက်မှတ်ခက်ခဲတာပါ။ ပြောရရင် မန္တလေးသင်္ကြန်ကို လာရောက်ဆင်နွှဲကြတာပေါ့။ ဒီနှစ်မှာ မန္တလေးသင်္ကြန်ပွဲတော်လည်း မရှိတဲ့အတွက် ခရီးသွားတွေအနေနဲ့ လက်မှတ်အခက်အခဲ သိပ်မရှိနိုင်ဘူး"ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ယခုနှစ်သင်္ကြန်ကာလအတွင်း မန္တလေးမြို့မှ ပြေးဆွဲမည့် ယာဉ်အစီးရေကို ဧပြီ ၉ ရက်မတိုင်မီ သိရှိစေရန် မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီက ယာဉ်လိုင်းအသင်းများထံမှ စာရင်းများကောက်ယူသွားမည် ဖြစ်ကြောင်းနှင့် လက်ရှိတွင် မန္တလေးမြို့ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းများမှ မြန်မာပြည်အထက်ပိုင်းနှင့် အောက်ပိုင်းဒေသများသို့ ယာဉ်အသင်းပေါင်း ၅၀၀ ကျော်ဖြင့် ခရီးစဉ်များ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

❑ *ရှေ့ဖုံးမှ*

ဘာကြောင့် ကန့်သတ်တာလဲဆိုတော့ သိတဲ့အတိုင်းပါပဲ။ Panic Buying (အထိတ်တလန့်ဝယ်ယူခြင်း) လုပ်တာ နှစ်ကြိမ်ရှိပြီဆိုတော့ Food Security အရရော၊ Operation ကိုလည်း ချောမွေ့အောင် ကန့်သတ်မှုတစ်ခုထားတာဖြစ်ပါတယ်" ဟု ပြောသည်။

စီးတီးမတ်ဆိုင်ခွဲများတွင် COVID-19 ကြောင့် အထိတ်တလန့်ဝယ်ယူမှုများ မပြုလုပ်ရန်၊ သတင်းမီဒီယာများနှင့် ပြည်သူများသိရှိလိုသည့် မေးခွန်းများကို မကြာခင် ထုတ်ပြန်ကြေညာချက်ထုတ်၍ ကြေညာပေးသွားမည်ဖြစ်ကြောင်း City mart Holding Co., ltd မှ သိရသည်။

စီးတီးမတ်ဆိုင်ခွဲများတွင် ကုန်ပစ္စည်းများ ပြတ်တောက်မှုမရှိစေရန် စီစဉ်ထားရှိမှုနှင့်ပတ်သက်၍ City mart Holding Co., ltd ၏ Group Corporate Affairs Director ဦးဝင်းမြင့်အောင်က "ကုန်ပစ္စည်းတွေ မပြတ်ပါဘူး။ ဈေးလည်းမတက်ပါဘူး။ ဈေးကစားမှုလည်း မရှိနိုင်ပါဘူးဆိုပြီး ကျွန်တော်တို့ Social မီဒီယာမှာ ရှင်းပြထားတယ်။ စင်ပေါ်မှာ ခင်းထားတဲ့ ပစ္စည်းအချို့မမြင်ရတော့ဘူး။ အမြင်မှာ ပစ္စည်းတွေ ပျောက်သွားတယ်။ နောက်နေ့တွေ ကျွန်တော်တို့ ပုံမှန်ပြန်ဖွင့်နိုင်တယ်။ ပုံမှန်ပြန်သွားနိုင်တယ်။ နောက်တစ်ခု ကျွန်တော်တို့ Suppliers (ကုန်ပစ္စည်းသွင်းတဲ့သူတွေ) ကို အခြေခံစားသောက်ကုန်တွေ၊ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေ ၊ အိမ်တွေမှာမရှိမဖြစ်တဲ့ ပစ္စည်းတွေကို မပြတ်အောင် သူတို့ဆီက စဉ်ဆက်မပြတ် ရနေအောင် ကျွန်တော်တို့ဆီက အဖွဲ့တွေက ဆွေးနွေးပြီးဆောင်ရွက်ထားတာတွေရှိပါတယ်"ဟု ဖြေကြားထားသည်။

စီးတီးမတ်ဆိုင်ခွဲများတွင် ယခုကဲ့သို့ ကန့်သတ်ရောင်းချသည့် အချိန်ကာလကို အတိအကျ ပြောပြနိုင်ခြင်းမရှိသေးသော်လည်း အခြေခံကုန်ပစ္စည်းများ ပြတ်တောက်မှုမရှိစေရန် စီစဉ်ဆောင်ရွက်ထားကြောင်း စီးတီးမတ်ရုံးချုပ်မှ သိရသည်။

ရန်ကုန်မြို့တွင် စီးတီးမတ်ဆိုင်ခွဲပေါင်း ၄၀ ကျော်ရှိပြီး အိမ်အရောက် ဝန်ဆောင်မှုပေးသည့် City Mall Online ဝန်ဆောင်မှုစနစ်လည်းရှိသည်။

City mart Holding Co., ltd ၏ Marketing Director အန်နာ ပူနောင်(ဂ်)ဘာရန်က "ပြီးခဲ့တဲ့အပတ်ကစလို့ ကျွန်မတို့အနေနဲ့ အွန်လိုင်းအော်ဒါတွေ ပိုများလာတာ တွေ့နေရပါတယ်။ အဲဒီအတွက် လုပ်ငန်းစဉ်နယ်ပယ်တိုင်းမှာ ကျွန်မတို့ရဲ့ စွမ်းဆောင်ရည်ကို ထပ်တိုးမြှင့်တင်ခဲ့ပါတယ်။ အလားတူပဲ ကျွန်မတို့ အဆောက်အဦနဲ့ ရောင်းနေတဲ့ စတိုးဆိုင်များမှာလည်း တခြားအခြေခံစားသောက်ကုန်တွေနဲ့အတူ သန့်စင်ဆေးရည်များ၊ သန့်ရှင်းရေးပစ္စည်းများနှင့် ပိုးသတ်ဆေးများ၊ အိမ်သာသုံးစက္ကူ၊ စည်သွတ်ဘူးများ၊ ဆန်၊ဆီ စတဲ့ ပစ္စည်းတွေကို ပိုမိုဝယ်ယူလာတာ တွေ့နေရပါတယ်။ ဒါကြောင့် ကျွန်မတို့ စားသုံးသူတွေကို အားလုံးတန်းတူညီမျှ ဝယ်ယူနိုင်ဖို့အတွက် ကန့်သတ်ဝယ်ယူစေမှုတွေကိုလည်း အကောင်အထည်ဖော် လုပ်ဆောင်နေပါတယ်" ဟု ပြောသည်။

City Mall Online စနစ်နှင့်ပတ်သက်၍ စီမံကိန်းဒါရိုက်တာ Ronald Lee က "ဒီအချိန်မှာကျွန်တော်တို့ရဲ့စွမ်းဆောင်ရည်ရဲ့ ၁၀၀ ရာခိုင်နှုန်းကို ရောက်ရှိသွားပြီဖြစ်ပြီး အခုလို ဝယ်လိုအားတိုးလာတာကို အသိအမှတ်ပြုပါတယ်။ လာမယ့် ဧပြီလရဲ့ပထမအပတ်မှာ ဒီပမာဏကိုနှစ်ဆတိုးဖို့ စီမံဆောင်ရွက်နေပါတယ်" ဟုပြောသည်။

City mart မှ ကန့်သတ်လိုက်သော အိမ်အသုံးအဆောင်ပစ္စည်းများမှာ ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲ၊ စည်သွတ်ဘူးစသည့် ကုန်ခြောက်ပစ္စည်းများ၊ ကော်ဖီ၊ လက်ဖက်ရည်၊ နို့မှုန့်၊ သကြား ၊ ပေါင်မုန့် စသည့် ပစ္စည်းများ၊ နှာခေါင်းစည်း၊ လက်ဆေးဆပ်ပြာ၊ ဗီတာမင်စီ၊ ပိုးသတ်ဆေး၊ အိမ်သာသုံးစက္ကူ စသည့် လူသုံးကုန်ပစ္စည်းများ ပါဝင်သည်။ အဆိုပါ နေ့စဉ်မရှိမဖြစ်လိုအပ်သော လူသုံးကုန်ပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများအား လူတစ်ဦးလျှင် သုံးဘူးအထက် ဝယ်ခွင့်မပြုဟု ၎င်းတို့၏ ထုတ်ပြန်ချက်တွင် ကြေညာထားသည်။

" အခုလို ကန့်သတ်ရောင်းချမယ့် အချိန်ကာလကိုတော့ အတိအကျ ပြောလို့မရသေးပါဘူး။ အခြေခံကုန်ပစ္စည်းပြတ်လပ်မှုမရှိဖို့တော့ ကျွန်မတို့ Suppliers တွေနဲ့ ပြောထားတာ ရှိပါတယ်။ ဒါကြောင့် အခြေခံကုန်ပစ္စည်းပြတ်လပ်မှု မရှိဘူးလို့တော့ ပြောနိုင်ပါတယ်" ဟု စီးတီးမတ်ရုံးချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

**ညွန့်ကိုကို**

# COVID-19 ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ပြည်နယ်အတွင်း ဝင်ရောက်လာသူများကို နေ့စဉ် စောင့်ကြည့်၍ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်သွားမည်

**မြစ်ကြီးနား မတ် ၂၇**

အသက်ရှူလမ်းကြောင်း ဆိုင်ရာ ပြင်းထန် အဆုတ်ရောင်ရောဂါ (COVID-19) ကို ကချင်ပြည်နယ် အတွင်း ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပြည်နယ်အတွင်း ဝင်ရောက်လာသူများကို နေ့စဉ် စောင့်ကြည့်၍ ထိန်းချုပ်ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ယမန်နေ့က ပြည်နယ် အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၏ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်း ပြည်နယ်အဆင့် လုပ်ငန်း ညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ် ဝန်ကြီးချုပ်က မှာကြားသည်။

ညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က ပြည်နယ်အတွင်း COVID-19 ရောဂါနှင့်ပတ်သက်၍ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ အဓိက ဦးစားပေးဆောင်ရွက်သွား ရမည်ဖြစ်ကြောင်း၊ ထိန်းချုပ်ကာကွယ် သည့်လုပ်ငန်း၏ အရေးပါကြောင်းကို ရောဂါဖြစ်ပွားလျက်ရှိသည့် နိုင်ငံ များအား လေ့လာသိရှိခြင်းအားဖြင့် သိရှိနိုင်ကြောင်း၊ ပြည်ပမှ ပြန်လည် ရောက်ရှိ လာသူများအနေဖြင့် ပြည်နယ်အတွင်းသို့ အခြားတိုင်းဒေသ ကြီး၊ ပြည်နယ်များမှတစ်ဆင့် ဝင်ရောက် လာမည်ဖြစ်သောကြောင့် နေ့စဉ်ဝင်ရောက်လာသူများ သတင်း အချက်အလက်ရယူနိုင်ရေးအတွက် ဌာနဆိုင်ရာများအနေဖြင့် ချိတ်ဆက် ဆောင်ရွက်သွားကြရေး၊ ပြန်လည် ရောက်ရှိလာပါက (၁၄) ရက်တာ သတ်မှတ်ထားသည့် နေရာတွင် စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်း အတွက် ကြိုတင်စီမံဆောင်ရွက် ထားရမည်ဖြစ်ကြောင်း၊ လိုအပ်သည့် ဆေးရုံသုံး ပစ္စည်းများနှင့် သတ်မှတ် ထားသည့် နေရာတွင် စောင့်ကြပ် ကြည့်ရှုခြင်း လုပ်ငန်းအတွက် လိုအပ်ချက်များကို စုစည်းတင်ပြရန် လိုကြောင်း၊ ပြည်သူများအနေဖြင့် မလိုအပ်ဘဲ အထိတ်တလန့်ဖြစ်ကာ ရိက္ခာစုဆောင်းခြင်း မဖြစ်ပေါ်စေရေး အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ အနေဖြင့် ပြည်သူများအား အသိပေး ခြင်းလုပ်ငန်းကို အားထည့်ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ ရပ်ကွက်/ကျေးရွာ အဆင့်ထိ အသိပညာပေးခြင်းနှင့်




ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၏ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

သတင်းအချက်အလက် ရရှိရေး အတွက် စည်းရုံးဆောင်ရွက်ရေးသည် အဓိကအရေးကြီးကြောင်း တိုက်တွန်း မှာကြားသည်။

ယင်းနောက် ပြည်နယ်လူမှုရေး ဝန်ကြီးက COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့်ကော်မတီအနေဖြင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် ပတ်သက်၍ သတ်မှတ်ထားသည့် နေရာတွင် စောင့်ကြပ်ကြည့်ရှုခြင်း အတွက် လိုအပ်သည့် အဆောက်အအုံများနှင့် ဆက်စပ် ပစ္စည်းများ စုဆောင်းရရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန် ထားသည့်လိုက်နာ ဆောင်ရွက်ရန် အချက်များ၊ ထိန်းချုပ်၊ ကာကွယ်ရေး လုပ်ငန်းအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြ သည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ် နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ များက ပြည်နယ်အတွင်း COVID-19 ရောဂါ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ခရိုင်၊ မြို့နယ်များအလိုက် ဆောင်ရွက် သွားမည့် အစီအမံများ၊ သတ်မှတ် ထားသည့် နေရာတွင် စောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းအတွက် လိုအပ် ချက်များ ကြိုတင်ဖြည့်ဆည်း ပေးရမည့် အခြေအနေများ၊ တရုတ်-မြန်မာနယ်စပ်ဂိတ် အဝင်များအတွက် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်း ဆောင်ရွက်သွားမည့် အစီအမံများ၊ ဆေးရုံသုံးပစ္စည်းများနှင့် စောင့်ကြည့် ထိန်းချုပ်ရေး လုပ်ငန်းစဉ်အတွင်း လိုအပ်မည့် ရိက္ခာ၊ အသုံးအဆောင် များအတွက် ကြိုတင်စုဆောင်းထား နိုင်မည့် ကိစ္စများ၊ သတင်းမှား၊ သတင်းတုများအတွက် သတင်းမှန် များ ထုတ်ပြန်ရေး ပေါင်းစပ် ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ် က လိုအပ်ချက်များကို ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ် (ပြန်/ဆက်)

## တီးတိန်တွင် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းတာဝန်များအတွက် မိမိတို့ဆန္ဒအလျောက် အဆိုပြုထားသည့် ဆရာဝန် ငါးဦး လုပ်ငန်းများစတင် ဆောင်ရွက်လျက်ရှိ

**တီးတိန် မတ် ၂၇**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကျရာနေရာမှ တာဝန်ထမ်းဆောင်ရန် မိမိတို့ဆန္ဒအလျောက် အဆိုပြု ထားသည့် ဆရာဝန် ငါးဦးသည် မတ် ၂၅ ရက်က တီးတိန်မြို့သို့ ရောက်ရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပေးအပ်



သည့် ဆေးပစ္စည်းများ၊လိုအပ်သည့် အထောက်အပံ့ ပစ္စည်းများကို ပေးအပ်ပြီး တာဝန်ခွဲဝေ၍ ရောဂါ ထိန်းချုပ်ရေး လုပ်ငန်းများအတွက် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းအစီအစဉ် ရေးဆွဲကာ လူနာ ကို စောင့်ကြပ်ကြည့်ရှုခြင်း၊ ကပ်တဲလ် ကျေးရွာသို့ ကွင်းဆင်းခြင်း၊ လူနာနှင့် ထိတွေ့သောသူများနှင့် နိုင်ငံခြားမှ တီးတိန်သို့ ပြန်လာသည့် သူများ စာရင်း ကောက်ယူခြင်း၊ စောင့်ကြည့် ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ (ဓါတ်ပုံ)

အဆိုပါ ဆရာဝန်များမှာ ဒေါက်တာ နုန်းမွန်းထောန်၊ ဒေါက်တာ လာလ်ရမ်ဇအို၊ ဒေါက်တာ ဘွေမန်း လျန်း၊ ဒေါက်တာ ဝတ်ရည်ဝင်းနှင့် ဒေါက်တာ ကောင်းမြတ်ဦးတို့ ဖြစ်ကြ ကြောင်း သိရသည်။

ပေါင်ကျင့်မုန် (ပြန်/ဆက်)

## COVID-19 ရောဂါ ကာကွယ်ကုသရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရေး အလှူငွေနှင့် လုပ်ငန်းသုံးပစ္စည်းများပေးအပ်လှူဒါန်း

**ပြင်ဦးလွင် မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ COVID-19 ရောဂါ ကာကွယ်ကုသရေး လုပ်ငန်း များတွင် အသုံးပြုနိုင်ရေး အလှူငွေနှင့် လုပ်ငန်းသုံး ပစ္စည်းများကို ယနေ့နံနက် ၉နာရီခွဲက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ပြုလုပ်ရာ မြို့နေအလှူရှင်များ၏ လာရောက်လှူဒါန်းမှုများကို တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မင်းက COVID-19 ရောဂါကာကွယ်ကုသရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရေး အလှူငွေနှင့် လုပ်ငန်းသုံးပစ္စည်းများ လှူဒါန်းပွဲ ကျင်းပရခြင်းအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး အလှူရှင်များက အလှူငွေ ကျပ် ၇၆၅၀၀၀၀ တို့အား တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။ COVID-19 ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြု နိုင်ရေး အလှူငွေနှင့် လုပ်ငန်းသုံးပစ္စည်းများအတွက် ထပ်မံလှူဒါန်းလိုပါက ရောဂါကာကွယ်ထိန်းချုပ်ရေး မြို့နယ်ကော်မတီအဖွဲ့ထံ ဖုန်း -၀၉ - ၇၈၆၅၀ ၆၅၀၀၊ ၀၉ - ၇၈၂၀၄၅၄၅၉၊ ၀၉ - ၇၈၅၀၀၉၅၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဇော်မျိုးထိုက် (ပြင်ဦးလွင်)

## လက်သန့်ဆေးရည် ထုတ်လုပ်မှုနည်းပညာ အခမဲ့ ဖြန့်ဝေပေးလျက်ရှိ

**ရန်ကုန် မတ် ၂၇**

ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် COVID - 19 ရောဂါကာကွယ်နိုင်ရေး အတွက် လက်ဆေးရန် ရေနှင့် ဆပ်ပြာ အလွယ်တကူ မရရှိနိုင်သည့်အခါ လက်သန့် ဆေးရည်ကို အသုံးပြုလျက်ရှိသည်။ လက်သန့်ဆေးရည်ကို ကိုယ်တိုင်ပြုလုပ်ရန် စိတ်ပါဝင်စားသူများအတွက်ရည်ရွယ်၍ နည်းပညာများကို မန္တလေးတိုင်း ဒေသကြီး အသေးစားစက်မှုလက်မှုဦးစီးဌာနက ထုတ်လုပ်မှုနည်းပညာကို အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

လက်သန့်ဆေးရည် ထုတ်လုပ်ရာတွင် ကော်မှုန့်အသုံးပြုသည့် နည်းပညာ နှင့် ဂျယ် (Gel) အသုံးပြုသည့် နည်းပညာ နှစ်မျိုးရှိပြီး ယင်းလက်သန့်ဆေးရည် ထုတ်လုပ်ရာတွင် ကုန်ကြမ်းအဖြစ် ကော်မှုန့်၊ ဂျယ် (Gel)၊ အနံ့ချွတ်သည့် အရက်ပြန်၊ ရေသန့်နှင့် အလှဆီတို့ကို အသုံးပြုကြောင်းသိရသည် ။

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုဦးစီးဌာနအနေဖြင့် နည်းပညာသင်တန်းများကို ဖွင့်လှစ်ပြီး ပုံမှန်သင်ကြားရာမှ ယခုအခါ လူစုလူဝေး မဖြစ်စေရန် သင်တန်းများကို ယာယီရပ်နားထားမည်ဖြစ်သည်။ COVID - 19 ရောဂါ ကာကွယ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် လက်သန့် ဆေးရည်ထုတ်လုပ်မှုနည်းပညာကို ဖြန့်ဝေပေးခြင်းဖြစ်သည်။ ထို့ပြင် မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ရှိ ဝန်ကြီးဌာနအသီးသီးသို့ လက်သန့်ဆေးရည် များကို အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

လက်သန့်ဆေးရည်ထုတ်လုပ်မှုနည်းပညာကိုရယူလိုပါက မန္တလေးတိုင်း ဒေသကြီး အသေးစားစက်မှုလက်မှုဦးစီးဌာန ၈၂ လမ်းနှင့် ၂၅ လမ်းထောင့် အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ ဖုန်း - ၀၂၄၀၃၉၆၀၉၊ ၀၉၇၉၇၃၀၃၀၃၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

အောင်သူရ

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၂၇-၃-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၅) ပါ " 'သကြ်န်ရင်ခုန်သံ' စကားဝိုင်း ဆွေးနွေးပွဲ MRTV တွင် ဆက်လက်ရိုက်ကူး" သတင်းတွင်ပါရှိသည့် "သရုပ်ဆောင် ဒေါ်မေရီမြင့်" အမည်အစား **"သရုပ်ဆောင် ဒေါ်မေမြင့်ရီ"** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

ကျော်စွာ (FDC)

# သတိပြုရှောင်ရှားသင့်သော လူစုလူဝေးများနှင့် COVID-19 ရောဂါ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

### Pandemic ဆိုသည်မှာ

၂၀၂၀ မတ် ၁၁ ရက်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19)ကို တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(Pandemic disease) အဖြစ် ကြေညာခဲ့ပါတယ်။ ကူးစက်ရောဂါများမှာ Epidemic ဆိုရင် တစ်နေရာတည်းမှာပဲ သီးသန့်ဖြစ်နေတာ၊ En- demic ဆိုရင် အဲဒီနေရာကနေ တခြားနေရာကို ပျံ့လာ တာနဲ့ Pandemic ဆိုရင်တော့ ကမ္ဘာအနှံ့ပျံ့နေတဲ့ သဘောကို ဆိုလိုပါတယ်။

**ကမ္ဘာမှာ အဆိုးရွားဆုံး Pandemic (၁၀)ကြိမ် ရှိခဲ့ကြောင်း သိရပါတယ်။**

(၁) HIV/AIDS (၂၀၀၅-၂၀၁၂)(သေဆုံးသူ ၃၆ သန်း)
(၂) Flu Pandemic (တုပ်ကွေးရောဂါ) (၁၉၆၈ ခုနှစ်)(သေဆုံးသူ တစ်သန်း)
(၃) Asian Flu (အာရှတုပ်ကွေးရောဂါ) (၁၉၅၆-၁၉၅၈)(သေဆုံးသူ နှစ်သန်း)
(၄) Flu Pandemic (၁၉၁၈ ခုနှစ်) (သေဆုံးသူ သန်း ၂၀ မှ သန်း ၅၀)
(၅) Sixth Cholera Pandemic(ကာလဝမ်းရောဂါ) (၁၉၁၀-၁၉၁၁)(သေဆုံးသူ ရှစ်သိန်း)
(၆) Flu Pandemic (၁၈၈၉-၁၈၉၀) (သေဆုံးသူ တစ်သန်း)
(၇) Third Cholera pandemic(ကာလဝမ်းရောဂါ) (၁၈၅၂-၁၈၆၀) (သေဆုံးသူ တစ်သန်း)
(၈) The Black Death (ပလိပ်ရောဂါ) (၁၃၄၆-၁၃၅၃) (သေဆုံးသူ ၇၅ သန်းမှ သန်း ၂၀၀)
(၉) Plague of Justinian(ပလိပ်ရောဂါ) (၅၄၁-၅၄၂) (သေဆုံးသူ ၂၅သန်း)
(၁၀) Antonine Plague (ပလိပ်ရောဂါဖြစ်နိုင်) အေဒီ ၁၆၅(သေဆုံးသူ ငါးသန်း)တို့ ဖြစ်ပါတယ်။

### ကိုရိုနာဗိုင်းရပ်စ်နှင့် COVID-19

WHO က ကြေညာထားတဲ့ COVID-19 ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့က တစ်ဆင့် ၂၀၁၉ ဒီဇင်ဘာ ၃၁ ရက်က စတင်ပျံ့နှံ့ခဲ့တယ်လို့ သိရပါတယ်။ ဒီပိုးဟာ ဆားစ်(Severe Acute Respiratory Syndrome-SARS) ခေါ် လတ်တလော အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါပိုးဝင်ရောက်ခြင်းကိုဖြစ်စေတဲ့ ဗိုင်းရပ်စ်ပိုးနဲ့ ဗီဇဆင်တူတာမို့ SARS-Cov-2 လို့လည်း ကျန်းမာရေးဘုတ်အဖွဲ့ကြီး (Health Board)က ခေါ်ပါတယ်။ အစောပိုင်းမှာတော့ Health Board က ဒီဗိုင်းရပ်စ်ပိုးမျိုးကို အချိန်အနည်းငယ်အတွင်း ကမ္ဘာအနှံ့ ပျံ့နှံ့နိုင်တဲ့ပိုးလို့ မယူဆခဲ့ပါဘူး။ သို့သော် တရုတ်နိုင်ငံ၊ အီတလီ၊ အမေရိကန်ပြည်ထောင်စု၊ စပိန်၊ ဂျာမနီ၊ ပြင်သစ်၊ အီရန်နဲ့ ကိုရီးယားသမ္မတနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံများကို လျင်မြန်စွာကူးစက်နေပြီး ကြီးမားတဲ့ ထိခိုက်မှုတွေ ဖြစ်လာတာကို တွေ့ရပါတယ်။

ဒါဟာ ဒီပိုးမှာပါတဲ့ လူစုလူဝေးများအကြားမှာ အလွယ်တကူပျံ့နှံ့စေနိုင်တဲ့ (Community based transmission risk) အချက်ကြောင့်ဖြစ်ကြောင်း သိရပါတယ်။ Diamond Princess အပျော်စီးသင်္ဘောကြီးက တစ်ဆင့် အထက်ပါနိုင်ငံများဆီ အစုအပြုံလိုက် ကူးစက်သွားတယ်လို့ ယူဆကြပါတယ်။ Diamond Princess အပျော်စီးသင်္ဘောကြီးဟာ ၂၀၁၆ ဖေဖော်ဝါရီလကလည်း gastroenteritis ခေါ် အစာလမ်းကြောင်းကူးစက်ရောဂါပိုး norovirus ဝင်ရောက်မှုဖြစ်ခဲ့ပြီး ခရီးသည်ပေါင်း ၁၅၈ ဦးနဲ့ သင်္ဘောသားများကို နာမကျန်းဖြစ်စေခဲ့ပါတယ်။

၂၀၂၀ ဇန်နဝါရီ ၂၀ ရက်က ဟောင်ကောင်နိုင်ငံသား အသက် ၈၀ အရွယ် အမျိုးသားခရီးသည်တစ်ဦးဟာ ဂျပန်နိုင်ငံ ယိုကိုဟားမားဆိပ်ကမ်းကနေ သင်္ဘောပေါ်တက်ခဲ့ပါတယ်။ ဇန်နဝါရီ ၂၅ ရက်တွင် ဟောင်ကောင်ဆိပ်ကမ်းမှာ ဆင်းသွားတယ်။ ဟောင်ကောင်ရောက်တော့ နေမကောင်းတာနဲ့ ဆေးရုံကိုသွားပြပါတယ်။ သင်္ဘောပေါ်ကဆင်းပြီး ခြောက်ရက်အကြာ ဖေဖော်ဝါရီ ၁ ရက်မှာ သူ့မှာ COVID-19 ရောဂါပိုးရှိနေကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ ဖေဖော်ဝါရီ ၄ ရက်မှာတော့ သင်္ဘောပေါ်က ခရီးသည် ၁၀ ဦးတို့မှာလည်း အလားတူ စစ်ဆေးတွေ့ရှိရပါတယ်။ ဒါနဲ့ပဲ သင်္ဘောကြီးကို ဂျပန်နိုင်ငံ ယိုကိုဟားမားဆိပ်ကမ်းမှာ ရပ်နားထားပြီး သီးသန့်စောင့်ကြပ်ကြည့်ရှုခြင်း(Quarantine) လုပ်ထားလိုက်ပါတယ်။

သင်္ဘောပေါ်တွင် ဆက်လက်စစ်ဆေးရာ အိန္ဒိယနိုင်ငံသား ၁၃၈ ဦး(ခရီးသည် ၁၃၂ ဦးနဲ့ သင်္ဘောသား ၆ ဦး)၊ ဖိလစ်ပိုင်နိုင်ငံသား ၃၅ ဦး၊ ကနေဒါနိုင်ငံသား ၃၂ ဦး၊ ဩစတြေးလျနိုင်ငံသား ၂၄ ဦး၊ အမေရိကန် ၁၄ ဦး၊ ဗြိတိန်နိုင်ငံသား နှစ်ဦး၊ မလေးရှားနိုင်ငံသား လေးဦးနဲ့ အင်ဒိုနီးရှားနိုင်ငံသား လေးဦးတို့မှာ ရောဂါပိုးတွေ့ရှိကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ သက်ဆိုင်ရာနိုင်ငံအသီးသီးက မိမိတို့နိုင်ငံသားတွေကို လာရောက်ခေါ်ဆောင်သွားပြီး Quarantine ဆက်လုပ်ကြတယ်လို့ သိရပါတယ်။ မတ် ၅ ရက်မှာတော့ သင်္ဘောပေါ်ပါ ခရီးသည် ၃၇၁၁ ဦးနဲ့ သင်္ဘောသား ၆၉၆ ဦးတို့မှာ ရောဂါပိုး စစ်ဆေးတွေ့ရှိရပြန်ပါတယ်။ အဲဒီအထဲမှာ သေဆုံးသူ ခုနစ်ဦးရှိကြောင်း သိရပါတယ်။ ဒါကြောင့် ဒီဖြစ်စဉ်အရ လူစုလူဝေးများမှာ ကူးစက်မြန်၊ ကူးစက်လွယ်ကြောင်းတွေ့ရပါတယ်။

### ကွာရင်တင်းန်(သို့မဟုတ်)ကူးစက်ရောဂါကို ထိန်းချုပ်ခြင်း

ကွာရင်တင်းန် (Quarantine) လုပ်ခြင်းဆိုတာကို ၂၀၀၆ ခုနှစ် ဆားစ်ရောဂါဖြစ်ချိန်ကပင် မြန်မာနိုင်ငံသားများ သိကျွမ်းရင်းနှီးခဲ့ကြပြီးဖြစ်ပါတယ်။ တရုတ်နိုင်ငံ အပါအဝင် ဒေသတွင်းနိုင်ငံများမှာ ဆားစ်ရောဂါခြိမ်းခြောက်ခံနေရစဉ် ပြည်ပမှ ဝင်ရောက်လာသူများကို လေဆိပ်မှာစစ်ဆေးပြီး သံသယရှိသူများကို ဝေဘာဂီ အထူးကုဆေးရုံကြီးမှာ ၁၄ ရက်ခန့် စောင့်ကြည့်ခံရပါတယ်။ ပြင်ပက ဘယ်သူနဲ့မှ ထိတွေ့ပြောဆို ဆက်ဆံမှု မပြုရဘဲ ဆေးရုံအတွင်းမှာသာနေရတာဖြစ်လို့ စောင့်ကြည့်ခံရသူများအနေနဲ့ အတော်ကို စိတ်ဆင်းရဲရတာဖြစ်ပါတယ်။ သို့သော်ပြင်းထန်တဲ့ ကူးစက်ရောဂါဖြစ်နေပြီး ဒီလိုမှ မတားဆီးထားရင် လူထုထဲကို အမြန်ဆုံးပျံ့နှံ့သွားနိုင်တာမို့ လုပ်ရတာဖြစ်ပါတယ်။ ဒီလိုစောင့်ကြည့်ခြင်းကို "State of enforced isolation" သို့မဟုတ် Quarantine လုပ်ခြင်းလို့ ခေါ်ပါတယ်။

ယခင်က Isolation ward ဆိုပြီး ဆေးရုံတွေမှာ တီဘီ၊ ဝမ်းရောဂါတွေအတွက် သီးသန့်ထားလေ့ရှိကြပါတယ်။ Quarantine ဆိုတဲ့ စကားလုံးဟာ ၁၇ ရာစု အီတာလျံစကား quaranta ဆိုတဲ့ စကားလုံးက လာတာဖြစ်ပြီး အဓိပ္ပာယ်က ၄၀(forty)လို့ ဆိုပါတယ်။ အဲဒီအချိန်က Black Death လို့ခေါ်တဲ့ ပလိပ်ရောဂါကြီး ပျံ့နှံ့နေချိန်မို့ အီတလီကိုဆိုက်ကပ်မယ့်သင်္ဘောက ခရီးသည်တွေနဲ့ သင်္ဘောသားတွေဟာ ကမ်းပေါ်ကိုမတက်ရသေးဘဲ သင်္ဘောပေါ်မှာ ရက်ပေါင်း ၄၀ နေရပါတယ်။ ဒီလိုနည်းနဲ့ ရောဂါကူးစက်နိုင်မှုကို တားဆီးဟန့်တားခဲ့ကြရာကနေ ဆက်လက်ကျင့်သုံးလာခဲ့ကြတာဖြစ်ပါတယ်။ အူရောင်ငန်းဖျားရောဂါလို့သိကြတဲ့ တိုက်ဖွိုက်ရောဂါ ပျံ့နှံ့စဉ်က Typhoid Mary ခေါ် ရောဂါပိုးသယ်သူကို quarantine လုပ်တာ ၂၄ နှစ်တောင်ကြာခဲ့တာမို့ နိုင်ငံသားအခွင့်အရေးများနဲ့ ပတ်သက်ပြီး အချေအတင် ဖြစ်ခဲ့ဖူးပါတယ်။ COVID-19 က ရောဂါပျိုးရက် (incubation period) ၁၄ ရက်ခန့်ရှိတာမို့ ၁၄ ရက် သီးသန့်ထားခြင်းဖြစ်ပါတယ်။

ရှေးက Yellow Jack လို့ခေါ်တဲ့အလံကို တင်ထားခံရတဲ့ သင်္ဘောဟာ quarantine အလုပ်ခံထားပြီဆိုတဲ့ သင်္ကေတဖြစ်ပါတယ်။ Anthrax ဆိုတဲ့ ထောင့်သန်းရောဂါ သံသယဖြစ်သူတွေကိုတွေ့တော့ ဝတ်ထားတဲ့အဝတ်တွေချွတ်၊ ရေချိုးခိုင်းပြီးတာနဲ့ Quaranrine က ပြီးသွားတယ်လို့လည်း သိရပါတယ်။ လကမ္ဘာပေါ်ကို ပထမဆုံးသွားခဲ့ကြတဲ့ အာကာသယာဉ်မှူးတွေတောင် Lunar Receiving Laboratory မှာ quarantine အလုပ်ခံကြရပါတယ်။ လကမ္ဘာပေါ်က မသိနိုင်တဲ့ ရောဂါပိုးတစ်ခုခုများ ပါလာခဲ့ရင်ဆိုတဲ့ သံသယနဲ့ လုပ်တာဖြစ်ပါတယ်။ ရှေးက ကူးစက်ရောဂါတွေဖြစ်တဲ့ ဝမ်းရောဂါ၊ ပလိပ်ရောဂါ၊ ကျောက်ရောဂါ၊ တိုက်ဖွိုက်ရောဂါ စသည်များအတွက် quarantine လုပ်ခြင်းကို ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဥပဒေပြဋ္ဌာန်းဆောင်ရွက်ခဲ့ကြပါတယ်။

### လူစုလူဝေးများနှင့် ကိုဗစ်-၁၉

COVID-19 (Coronavirus Disease 2019) ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ လူတစ်ဦးကနေတစ်ဦးထံ respiratory droplets ခေါ် ရောဂါပိုးကူးခံနေရသူရဲ့ အသက်ရှူလမ်းကြောင်းကထွက်တဲ့ ရောဂါပိုးနဲ့ အမှုန်တွေကနေ အများဆုံး ကူးစက်နိုင်ပါတယ်။ ရောဂါရှိသူရဲ့ နှာခေါင်းနဲ့ လည်ချောင်းတို့မှာ ရောဂါပိုးတွေ များစွာရှိနေတတ်ပြီး နှာချေ၊ ချောင်းဆိုးလိုက်တာနဲ့ ပိုးကပျံ့နှံ့တော့တာပါပဲ။ တရုတ်နိုင်ငံ Anyang မြို့မှာ COVID-19 နဲ့ နှာမွန်နေသူတစ်ဦးကြောင့် မိသားစုတစ်ခုလုံး ရောဂါကူးစက်ခံရကြောင်း JAMA ကျန်းမာရေးဂျာနယ်မှာ ဖော်ပြထားပါတယ်။

ရောဂါပိုးကူးစက်ခံနေရသူနဲ့ ခြောက်ပေခန့်အကွာ အတွင်းမှာ အလွယ်တကူ ကူးစက်နိုင်ပါတယ်။ လူနာရဲ့ ကိုယ်ကထွက်တဲ့ အရည်တစ်ခုခုကို ထိတွေ့မိရာကနေ ကူးစက်နိုင်ကြောင်းလည်း ယူဆကြပါတယ်။ မကြာမီက တွေ့ရှိချက်အရ ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ အရာဝတ္ထုပစ္စည်းတွေပေါ်မှာ နာရီများစွာကနေ ရက်အတန်ကြာအထိ အသက်ရှင်နေနိုင်ကြောင်း သိရပါတယ်။ National Institute of Health(NIH)ရဲ့ လေ့လာမှုက ဗိုင်းရပ်စ်ပိုးဟာ လေထဲမှာ သုံးနာရီ၊ ကြေးနီပြားပေါ်မှာ တစ်ရက်၊ ပလတ်စတစ်နဲ့သံမဏိပြားပေါ်မှာ နှစ်ရက်မှ သုံးရက် အထိ ရှင်သန်နေနိုင်ကြောင်း သိရပါတယ်။ ဒါကြောင့် လူတိုင်းလက်ကို သန့်ရှင်းစွာထားဖို့နဲ့ အများနဲ့ ဆိုင်တဲ့ နေရာများမှာ သန့်ရှင်းစင်ကြယ်ပြီး ပိုးမွှားကင်းစင်နေဖို့ လိုအပ်ပါတယ်။ သန့်ရှင်းရေးလုပ်ပြီးတာနဲ့ ပိုးသန့်စင်ရေး အစီအမံများ ဆောင်ရွက်သင့်ကြောင်း သိရပါတယ်။

ဒီရောဂါကူးစက်ခံရရင် ခံစားရတတ်တာတွေက သိပ်မပြင်းထန်တတ်ပါဘူး။ သေဆုံးမှုလည်း သိပ်နည်းပါတယ်။ သို့သော် လူများများကို ကူးစက်မိပြီဆိုရင်တော့ စောစောက သေဆုံးမှုနည်းတယ်ဆိုတဲ့ အရေအတွက်ဟာ သိသာထင်ရှားတဲ့အရေအတွက် ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် လူအများစုကို အမြန်မကူးစက်စေနိုင်ဖို့ အထူးသတိပြု တားဆီးရပါမယ်။

ကူးစက်ခံရသူအများစု(၈၀ ရာခိုင်နှုန်းခန့်) ဟာ သာမန်အအေးမိသလိုသာ ခံစားကြရတတ်ပါတယ်။ ၅ ရာခိုင်နှုန်းလောက်ဟာ ပြင်းထန်အဆင့်ကို ရောက်သွားကြပြီး ၁-၂ ရာခိုင်နှုန်းလောက်ကတော့ သေဆုံးနိုင်ကြတယ်လို့ ဆိုပါတယ်။ ၂၀၀၃ ခုနှစ်က ဆားစ်ရောဂါက သေနှုန်း ၁၄-၁၅ ရာခိုင်နှုန်းခန့် ရှိပါတယ်။ ဒီဗိုင်းရပ်စ်ပိုးများကြောင့် သေဆုံးရသူအများစုဟာ သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကိုယ်ခံအားကျ၊ ကင်ဆာစတဲ့ ရောဂါအခံရှိသူများဖြစ်ကြောင်းလည်း သိရပါတယ်။ ဒီလို ရောဂါအခံရှိသူများမှာ COVID-19 ကြောင့် သေဆုံးနိုင်မှု မြင့်မားနေတတ်ပြီး အသက် ၈၀ ကျော်သူများမှာ ၁၄ ရာခိုင်နှုန်းခန့် သေဆုံးနိုင်ကြောင်း သိရပါတယ်။

လူများများစုဝေးနေတဲ့ နေရာမျိုးမှာ လူတစ်ဦးက သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတစ်ခုခု ခံနေရပြီဆိုရင် သူ့အနီးမှာရှိတဲ့လူတွေကို အလွယ်တကူကူးစက်နိုင်ပါတယ်။ အခုလို ကိုရိုနာဗိုင်းရပ်စ်ပိုး တစ်ကမ္ဘာလုံးပျံ့နှံ့နေချိန်မျိုးမှာ ဒီအချက်ကို အထူးသတိပြုဆင်ခြင်သင့်ပါတယ်။ ပိုးဝင်နေသူတွေကို စနစ်တကျစစ်ဆေးမှုသာ တိတိကျကျ သိနိုင်ပါတယ်။ ပိုးသံသယရှိနေပြီ/ပိုးရှိနေပြီ ဆိုလည်း စနစ်တကျ သီးသန့်ခွဲထားပြီး စောင့်ကြည့်တာ၊ ကုသတာတွေကို သက်ဆိုင်ရာများက ညွှန်ကြားထားတဲ့ အတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရပါမယ်။

လူစုလူဝေးကြီးနဲ့ ပွဲလမ်းသဘင် အခမ်းအနားတွေ ကျင်းပနေရင် မသိနိုင်သေးတဲ့အခြေအနေကတစ်ဆင့် လူအများထံကို အချိန်အနည်းငယ်အတွင်း ကူးစက်သွားစေနိုင်ပါတယ်။ ဒါကြောင့် အခုလိုအလွန်အရေးကြီးနေချိန်မှာ လူများများစုဝေးမှုမျိုး လုံးဝမလုပ်သင့်တာဖြစ်ပြီး လူစုလူဝေးရှိနိုင်တဲ့ နေရာတွေကို ရှောင်ရှားသင့်ပါတယ်။ လူအများစုဝေးနိုင်မယ့် ပွဲလမ်းသဘင်၊ အခမ်းအနား၊ ဖျော်ဖြေပွဲ၊ ဇာတ်ပွဲ၊ အလုံပိတ်အခန်းတွေဖြစ်တဲ့ ရုပ်ရှင်ရုံပွဲ စသည်တို့ကို ပိတ်သိမ်းထားသင့်ပါတယ်။

### လူတိုင်းလိုက်နာရန်

ရောဂါကာကွယ်ရေးအတွက် လူတိုင်းလိုက်နာရန် အချက်များကတော့ ချောင်းဆိုးလျှင် အဝတ်တစ်ခုခု အုပ်ပြီး ဆိုးပါ။ လက်ကို မှန်မှန်ဆေးပါ။ လက်ဆေးရည်/ဆပ်ပြာနှင့် ရေကိုသုံးနိုင်ပါတယ်။ လာဗင်ဒါအဆီကိုလည်း သုံးနိုင်တယ်လို့ သိရပါတယ်။ လက်ဆေးကြွေဇလုံများ၊ တံခါးလက်ကိုင်များနဲ့ အိမ်သာများကို ကောင်းစွာ သန့်ရှင်းနေစေသင့်ပါတယ်။ စနစ်တကျအချိန်ပေးပြီး သေချာစွာ လက်ဆေးပါ။ နေအိမ်တံခါးများ ဖွင့်ထားပါ၊ လေဝင်လေထွက်ကောင်းပါစေ။ နေအိမ်ထဲမှာ တတ်နိုင်သမျှ သန့်ရှင်းခြောက်သွေ့နေအောင် ဆောင်ရွက်ပါ။

အသက် ၆၅ နှစ်အထက် လူကြီးများ၊ ကလေးငယ်များ၊ နာတာရှည်ရောဂါရှင်များ၊ ခုခံအားကျနေသူများကို အထူးဂရုပြုစောင့်ရှောက်ပါ။ လူစုလူဝေးများရာ၊ လေဝင်လေထွက်မကောင်းသောနေရာများမှာ အချိန်ကြာကြာ နေခြင်းကို ရှောင်ပါ။ Mask ခေါ် နှာခေါင်းစည်းများ တပ်ဆင်သွားလာပါ။ အထူးသဖြင့် မိမိမှာ အအေးမိနှာစေးနေပြီဆိုရင် Mask ကို မဖြစ်မနေတပ်ပါ။ Mask ကို စနစ်တကျတပ်ဆင်ရန် လိုပါတယ်။ (သာမန်သုံးတဲ့ Surgical Mask ထက် N95 ခေါ် Mask ကို လူကြိုက်များကြပါတယ်။ ၅ မိုက်ခရွန်ခန့်အထိ သေးငယ်တဲ့အမှုန်များကို စစ်ထားနိုင်လို့ ဗိုင်းရပ်စ်ကို ဟန့်တားနိုင်မယ်လို့ ယူဆကြပါတယ်။ အသက်ရှူကျပ်စေနိုင်လို့ သတိပြုသုံးသင့်ပါတယ်။ လိုအပ်မှသာ သုံးလျှင်ကောင်းပါတယ်)။ မည်သည့် Mask ကိုသုံးသည်ဖြစ်စေ သတိပြုရန်များရှိပါတယ်။ ကြာရှည်သုံးရင် အာငွေ့နဲ့ စိုစွတ်လာပြီး ရောဂါပိုးများ ကပ်လာနိုင်ပါတယ်။ ထိုအခါ ချက်ချင်း စွန့်ပစ်သင့်ပါတယ်။

အကောင်းဆုံးကတော့ မှန်မှန်လက်ဆေးခြင်းသာ ဖြစ်ပါတယ်။ နှာစေးချောင်းဆိုးရင် အဝတ်တစ်ခုခုနဲ့ ကာကွယ်ထားခြင်းကို သတိမလစ်စေဘဲ ဆောင်ရွက်သင့်ပါတယ်။ အအေးမိနှာစေးရာမှ အဖျားဝင်၊ ကိုယ်လက်ကိုက်ခဲလာပြီဆိုတာနဲ့ ဆရာဝန်များ၊ အနီးဆုံးကျန်းမာရေးဌာနများမှာ ပြသပြီး လိုအပ်သလိုဆောင်ရွက်သင့်ပါတယ်။ အရေးကြီးတာကတော့ လူတိုင်းတစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်သင့်ခြင်း ဖြစ်ပါတယ်။ ကလေးငယ်များဖျားနာရင် ဆေးရုံ၊ ဆေးခန်း အမြန်ဆုံးပြပါ။ ဖျားနာသူကို ကျောင်း၊ အလုပ်များသို့ မလွှတ်ပါနဲ့။ ကိုဗစ်အဖျားရောဂါလို့ သံသယရှိသူများကို သက်ဆိုင်ရာများသို့ အမြန်ဆုံးအသိပေးအကြောင်းကြားဖို့လည်း အထူးလိုအပ်ပါတယ်။ COVID-19 ကူးစက်ရောဂါကို ကာကွယ်တားဆီးနိုင်အောင် လူစုလူဝေးများကိုရှောင်ဖို့ အရေးကြီးလှပါတယ်ခင်ဗျား။ ။

**လူများများစုဝေးနေတဲ့ နေရာမျိုးမှာ လူတစ်ဦးက သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတစ်ခုခု ခံနေရပြီဆိုရင် သူ့အနီးမှာရှိတဲ့လူတွေကို အလွယ်တကူကူးစက်နိုင်ပါတယ်။ အခုလို ကိုရိုနာဗိုင်းရပ်စ်ပိုး တစ်ကမ္ဘာလုံးပျံ့နှံ့နေချိန်မျိုးမှာ ဒီအချက်ကို အထူးသတိပြုဆင်ခြင်သင့်ပါတယ်။ ပိုးဝင်နေသူတွေကို စနစ်တကျစစ်ဆေးမှုသာ တိတိကျကျ သိနိုင်ပါတယ်။ ပိုးသံသယရှိနေပြီ/ပိုးရှိနေပြီ ဆိုလည်း စနစ်တကျ သီးသန့်ခွဲထားပြီး စောင့်ကြည့်တာ၊ ကုသတာတွေကို သက်ဆိုင်ရာများက ညွှန်ကြားထားတဲ့အတိုင်း တိကျစွာလိုက်နာဆောင်ရွက်**

# ကယားပြည်နယ်အတွင်း COVID - 19 ရောဂါ ထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် နယ်စပ်ဝင်ပေါက်နေရာများနှင့် မြို့ အဝင်/အထွက်ဂိတ်များ စနစ်တကျ ဖြစ်စေရေး ပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ကွင်းဆင်းစစ်ဆေး



ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို COVID – 19 ရောဂါ ကာကွယ်ရေးအတွက် ဘော်လခဲမြို့နယ်အတွင်း အဝင်/အထွက်ဂိတ်များ ကွင်းဆင်းစစ်ဆေးကြည့်ရှုစဉ်။

**ဘော်လခဲ မတ် ၂၇**

ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသော အသက်ရှူလမ်းကြောင်းဆိုင်ရာ COVID – 19 ရောဂါ နှင့်ပတ်သက်၍ ကယားပြည်နယ်အတွင်း ကူးစက်ပျံ့နှံ့မှုမရှိစေရေးနှင့် ထိရောက်စွာ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် ဘော်လခဲမြို့နယ်သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကယားပြည်နယ်အတွင်း ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိပြီး နေရပ်များ ဝင်ထွက်သွားလာနိုင်သည့် လမ်းကြောင်းများအဖြစ် ရှားတောမြို့နယ်တွင် BP (9)၊ ရွာသစ် မြို့တွင် BP(10)၊ မယ်စဲ့မြို့နယ်တွင် BP (13) နှင့် BP (14) တို့ရှိရာ အဆိုပါ ဝင်ပေါက်များမှ ကုန်းလမ်းကြောင်း၊ ရေလမ်းကြောင်းများဖြင့် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာနိုင်သဖြင့် ဝင်ရောက်လာသူများအား ကျန်းမာရေး စစ်ဆေးဆောင်ရွက်ပေးနိုင်ရေးနှင့် သက်ဆိုင်ရာမြို့နယ်များတွင် ဖွင့်လှစ်ထားရှိသည့် သတ်မှတ်ထားသည့်နေရာတွင် စောင့်ကြပ်ကြည့်ရှုခြင်း နေရာများတွင် ၁၄ ရက်ကြာ စောင့်ကြည့်စစ်ဆေးမှု ခံယူနိုင်ရေးအတွက် စီမံထားရှိသည့် ဘော်လခဲမြို့နယ် စောလဖော်ခန်းမသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ဘော်လခဲမြို့နယ်အတွင်း ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် အမျိုးသမီး လေးဦးအား သတ်မှတ်ထားသည့်နေရာတွင် စောင့်ကြပ်ကြည့်ရှုရန် ထားရှိမှုအခြေအနေနှင့် နေထိုင်စားသောက်ရေး ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် သံဃာတော် နှစ်ပါးအား သီးခြားထားရှိသည့် ဘော်လခဲမြို့နယ်ပြည်သူ့ဆေးရုံသို့လည်းကောင်း သွားရောက်စစ်ဆေးကြည့်ရှုခဲ့ပြီး ထပ်မံရောက်ရှိသည့် နေရပ်ပြန်များရှိပါက စနစ်တကျထားရှိနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ COVID – 19 ရောဂါကူးစက်ခံရမှုမရှိစေရေးအတွက် မြို့ဝင်/မြို့ထွက်ဂိတ်များနှင့် နယ်စပ်ဝင်ပေါက်ဂိတ်များမှ စောင့်ကြပ်ကြည့်ရှုခြင်း၊ ပြည်ပနိုင်ငံများမှ တရားမဝင် ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန် ပြည်သူများ ဝင် /ထွက်သွားလာနိုင်သည့် နယ်စပ်ဂိတ်များတွင် အဖွဲ့စနစ်ဖြင့် စောင့်ကြပ်ကြည့်ရှုပြီး ကျန်းမာရေး စစ်ဆေးဆောင်ရွက်ပေးနိုင်ရေးနှင့် နေရပ်ပြန် ပြည်သူများအား သက်ဆိုင်ရာမြို့နယ်များ၌ သတ်မှတ်ထားသည့် နေရာတွင် စောင့်ကြပ်ကြည့်ရှုခြင်းဖြင့် ၁၄ ရက် ကြာ စောင့်ကြည့်စစ်ဆေးနိုင်ရေးအတွက် အစီအမံရေးဆွဲ အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

ဖိုးရယ်

# နယ်စပ်မှဖြတ်၍ ပြန်လာကြသူများအားလုံး သတ်မှတ်ရက်ကြာသည်အထိ ထားရှိစောင့်ကြပ်ကြည့်ရှုမှုများ ပြုလုပ်သွားမည်

**မန္တလေး မတ် ၂၇**

နယ်စပ်မှဖြတ်ပြီး ပြန်လာကြသည့် ပြည်တော်ပြန်များအားလုံးကို အထူးဂရုပြုပြီး ဆောင်ရွက်နေသည့် အချိန်ဖြစ်သည့်အတွက် ခြွင်းချက်မရှိ ၁၄ ရက်တာ စောင့်ကြပ်ကြည့်ရှုခြင်းကို Community Based Facility Quarantine Centre များတွင်ထားရှိကာ စောင့်ကြပ်မှုများ ပြုလုပ်သွားရမည် ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က ပြောကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းကပြုလုပ်သည့် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီညှိနှိုင်း အစည်းအဝေးတွင် ခေတ္တဝန်ကြီးချုပ်က "ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာတိုက်ခန်းမှာနေတဲ့ အမေရိကန်နိုင်ငံသား မြန်မာပြည်ကို ခေတ္တပြန်လာစဉ် ဒီရောဂါကို တွေ့တာပါ။ ဒေသတွင်းမှာ ကူးစက်ပျံ့နှံ့မှုမရှိရအောင် ထိန်းချုပ်ရမယ့် အခြေအနေပါ။ ရှေ့ဆက်ပြီး ကူးစက်ပြန့်ပွားမှုတွေများလာရင်လိုအပ်ရင် လိုအပ်သလို ဥပဒေတွေ၊ အမိန့်တွေ ထုတ်ပြန်သွားဖို့လည်း ရှိပါတယ်။ တရားမဝင်လမ်းကြောင်းက ပြန်လာတဲ့သူတွေရှိခဲ့ရင်လည်း စနစ်တကျ ကိုင်တွယ်ဖို့ ခက်ခဲပါလိမ့်မယ်။ မည်သည့်နိုင်ငံမှ ပြန်လာသည်ဖြစ်စေ၊ ပြည်တော်ပြန်များ အားလုံးကို Home Quarantine လုံးဝ(လုံးဝ) ခွင့်မပြုပါ။ COVID–19 ကူးစက်မှုကို ကာကွယ်ထိန်းချုပ်ကုသတဲ့ အမျိုးသားအဆင့် ဗဟိုကော်မတီကလည်း ဆုံးဖြတ်ပြီးပါပြီ။ Community Based Facility Quarantine centre လုပ်ငန်းကို လုပ်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း မဖြစ်မနေ ဆောင်ရွက်ပါမယ်။ သက်ဆိုင်ရာဌာနတွေကလည်း ကျရာကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်သွားဖို့လိုပါတယ်" ဟု ခေတ္တဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ယခုအခါတွင် ကာကွယ်သည့်အဆင့်မဟုတ်တော့ဘဲ ထိန်းချုပ်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်၍ ပညာပေးအဆင့်ကို ကျော်လွန်ကာ ဥပဒေကြောင်းအရပါထိန်းချုပ်မှုလုပ်ရမည်ဖြစ်ကြောင်း၊ ထိန်းချုပ်သည့်နေရာတွင် လက်ဦးမှုရယူနိုင်မှ ထိရောက်မှုရှိပြီး ကြိုတင်ဆောင်ရွက်နိုင်သည့် ကိစ္စများကိုလည်း လျင်မြန်စွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Community Based Facility Quarantine Centre များကို ခရိုင်/မြို့နယ်၊ ကျေးရွာအဆင့်ထိ အမြန်ဆုံးထူထောင်သွားရမည်ဖြစ်ကြောင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ထားသူများမှ COVID–19 နှင့်ပတ်သက်၍ ရောဂါလက္ခဏာများ တွေ့ရှိလာပါက သက်ဆိုင်ရာကုသရေးအဖွဲ့ဆုံးဖြတ်ချက်ဖြင့် ကူးစက်ဆေးရုံသို့ လျင်မြန်စွာ ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ရန်ပုံငွေများကိုလည်း ထူထောင်သွားရန် လိုအပ်ကြောင်း၊ ကျန်းမာရေးအတွက် အကာအကွယ်ပစ္စည်းများကိုလည်း မြို့နယ်အလိုက် ထုတ်ပေးထားရန် လိုအပ်ပြီး ရောဂါပိုးရှိသူ တွေ့ရှိလာပါက လျင်မြန်ထိရောက်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကပ်ရောဂါကို ကာကွယ်ကုသထိန်းချုပ်မှုများ ဆောင်ရွက်နေချိန်တွင် ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်နှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေချိန်တွင် လိုက်နာမှုများမရှိခဲ့ပါက ထုတ်ပြန်ထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။


ဆက်လက်၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ဒေါက်တာ သန်းသန်းမြင့်က COVID–19 နှင့်ပတ်သက်၍ ရောဂါကာကွယ် ထိန်းချုပ်ကုသမှုများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ ကျန်းမာရေးရုံးများမှ ဆောင်ရွက်ထားရှိမှု လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်/ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ အုပ်ချုပ်ရေးမှူး များက COVID–19 ရောဂါနှင့်ပတ်သက်၍ အရေးပေါ် ဖြစ်ပေါ်လာပါက သီးသန့်နေရာများ ရွေးချယ်ထားမှုနှင့် ကျန်းမာရေးအထောက်အကူပြု အကာအကွယ်ပစ္စည်းများ လိုအပ်ချက်များနှင့်ပတ်သက်၍ အသီးသီး ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက အဆိုပါလုပ်ငန်း လိုအပ်ချက်များနှင့်ပတ်သက်၍ ဖြည့်စွက် ဆွေးနွေးခဲ့ကြသည်။



မန္တလေးတိုင်းဒေသကြီးအတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

ထို့နောက် ရှင်းလင်းတင်ပြချက်များအပေါ် ခေတ္တဝန်ကြီးချုပ်က Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း လိုအပ်ချက်များနှင့်ပတ်သက်၍ တက်ရောက်လာကြသောဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)



# COVID-19 ရောဂါကာကွယ်ရေးအတွက် စလင်းမြို့မဈေးနှင့် ဆင်ဖြူကျွန်းမြို့မဈေးတို့၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**စလင်း မတ် ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့ မြို့မဈေးတွင် မတ် ၂၇ ရက် မွန်းလွဲ ၂ နာရီက COVID–19 ကူးစက်ရောဂါပြန့်ပွားမှုကို ကြိုတင်ကာကွယ်ရန်အတွက် ဝက်သား၊ ကြက်သား၊ ငါး၊ အမဲသား ရောင်းချသော ဈေးဆိုင်များအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။

ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းကို စလင်းမြို့ မြို့မဈေးတွင် မွန်းလွဲ ၂ နာရီနှင့် ဆင်ဖြူကျွန်းမြို့ မြို့မဈေးတို့တွင် ညနေ ၃ နာရီခွဲတို့တွင် စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးအေးကိုတို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ဒေသခံပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စေရန်ရည်ရွယ်၍ ဈေးအတွင်းရှိ ဝက်သား၊ ကြက်သား၊ ငါး၊ အမဲသားရောင်းချလျက်ရှိသော ဆိုင်ခန်းများအား ပိုးသတ်ဆေးများ ပက်ဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

မောင်လွင်(ပြန်/ဆက်)

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၈-၃-၂၀၂၀) ရက်နေ့၊ နံနက် (၀၀:၁၅) နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၂၇-၃-၂၀၂၀) ရက်နေ့၊ ည (၁၁:၀၀) နာရီ ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသော လူနာ(၆၂)ဦး၏ ဓာတ်ခွဲ နမူနာများအား စစ်ဆေးခဲ့ရာ (ဇယား-၁) တွင်ဖော်ပြထားရှိသော လူနာ (၃) ဦး၏ ဓာတ်ခွဲအဖြေ များတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပြီး ကျန်လူနာ (၅၉) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်မှ အသက် (၂၉) နှစ်အရွယ် အမျိုးသား (၁) ဦး သည် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (Case -03) နှင့်အတူ ဘာဘေးဒိုးနိုင်ငံ၊ အင်္ဂလန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ (၂၁-၃-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြောင်းသိရှိရသဖြင့် ၎င်းအား ဝေဘာဂီအထူးကုဆေးရုံတွင် (၂၆-၃-၂၀၂၀) ရက်နေ့မှစ၍ အသွားအလာတားမြစ်ပိတ်ပင်၍ စောင့်ကြပ်ကြည့်ရှုခဲ့ပါသည်။ အဆိုပါလူနာထံမှ (၂၆-၃-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန် မြို့) သို့ပေးပို့စစ်ဆေးခဲ့ရာ (၂၇-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်သော ဓာတ်ခွဲအဖြေအရ COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပါသည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ အသက် (၆၀) နှစ်အရွယ် ဩစတြေးလျနိုင်ငံသူ... ဩ္ဆေ

၄။ နေပြည်တော်မှ အသက်(၅၈)နှစ်အရွယ် ဆွစ်ဇာလန်နိုင်ငံသူ အမျိုးသမီးသည် (၁၇-၃-၂၀၂၀) ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့မှ ဘန်ကောက်မြို့မှတစ်ဆင့် (၁၈-၃-၂၀၂၀) ရက်နေ့တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိခဲ့ပြီး ဟိုတယ်တစ်ခုတွင် သီးခြားနေထိုင်၍ Hotel Quarantine ဆောင်ရွက်စဉ် (၂၂-၃-၂၀၂၀) ရက်နေ့တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ဝမ်းသွားခြင်းလက္ခဏာများ ခံစားခဲ့ရသဖြင့် (၂၆-၃-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ခုတင် (၁,၀၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ တက်ရောက်ဆေးကုသမှု ခံယူခဲ့ပါသည်။ အဆိုပါလူနာထံမှ (၂၆-၃-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးခဲ့ရာ (၂၇-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်သောဓာတ်ခွဲအဖြေအရ COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပါသည်။ အဆိုပါလူနာသည် ဆွစ်ဇာလန်နိုင်ငံတွင် ရောက်ရှိစဉ် (၁၃-၃-၂၀၂၀) ရက်နေ့၌ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာဖြစ်သော ၎င်း၏ ဖခင်နှင့် (၂) နာရီကြာ အနီးကပ် ထိတွေ့ခဲ့သည့်ရာဇဝင်ရှိကြောင်း သိရှိရပါသည်။

၅။ အဆိုပါ ဓာတ်ခွဲအတည်ပြုလူနာ (၃)ဦးအား သက်ဆိုင်ရာဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး လူနာများ၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

၆။ ယခင်နေ့က ထုတ်ပြန်ခဲ့သော COVID-19 လူနာများထံမှ ဓာတ်ခွဲနမူနာများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခဲ့ရာ ဓာတ်ခွဲအဖြေများ ကိုက်ညီမှုရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းမှ အကြောင်းပြန်ကြားခဲ့ပါသည်။

၇။ ယခုအခါ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိလာသဖြင့် အဆိုပါလူနာများနှင့် အနီးကပ် ထိတွေ့ဆက်စပ်မှုရှိသူများအား ရှာဖွေဖော်ထုတ်ပြီး အသွားအလာတားမြစ်ပိတ်ပင်၍ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးအချက်အလက်များအား တိကျစွာလိုက်နာ ဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

ဇယား -၁

COVID-19 ရောဂါအတွက် ဓါတ်ခွဲစစ်ဆေးမှုအခြေအနေ

(၂၈-၃-၂၀၂၀) ရက်နေ့ နံနက် (၀၀:၁၅) နာရီ

| စဉ် | အသက် | ကျား/မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရာဇဝင် | ယခုဆေးကုသမှုခံယူ လျက်ရှိသည့် ဆေးရုံ | ဆေးရုံစတင် တက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 06 | ၂၉ နှစ် | ကျား | အင်္ဂလန်နိုင်ငံ | ဝေဘာဂီအထူးကုဆေးရုံ | ၂၆-၃-၂၀၂၀ | တွေ့ရှိ |
| 07 | ၅၈ နှစ် | မ | ဆွစ်ဇာလန်နိုင်ငံ | ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော် | ၂၆-၃-၂၀၂၀ | တွေ့ရှိ |
| 08 | ၆၀ နှစ် | မ | မရှိပါ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ၂၆-၃-၂၀၂၀ | တွေ့ရှိ |

# မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ဝင်ပေါက်မှ တာချီလိတ်မြို့သို့ ပြန်လည်ဝင်ရောက်လာသော မြန်မာအလုပ်သမား တစ်ထောင်ကျော်တွင် ယနေ့အချိန်ထိ COVID -19 ရောဂါကူးစက်သူမရှိသေး




**တာချီလိတ် မတ် ၂၇**

ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမားများ မြန်မာ-ထိုင်းနယ်စပ် ဒေသ တာချီလိတ်မြို့ ချစ်ကြည်ရေးတံတား(၁)မှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည် ဝင်ရောက်လာလျက်ရှိရာ မတ် ၂၇ ရက်တွင် နေရပ်ပြန် ၉၀ ကျော်ကို ပြန်လည်လက်ခံ လျက်ရှိသည်။ **(ဓါတ်ပုံ)**

မတ် ၂၃ ရက်တွင် မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတား(၁)ပိတ်လိုက်ပြီးနောက် ထိုင်းနိုင်ငံသို့ တရားဝင် သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသော နေရပ်ပြန် မြန်မာနိုင်ငံသားများကို အဆိုပါချစ်ကြည်ရေးတံတား မှတစ်ဆင့် နှစ်နိုင်ငံ ညှိနှိုင်းသဘောတူညီချက်အရ ပြန်လည်ပို့ဆောင်ခြင်း၊ လက်ခံခြင်းကို ပြုလုပ်ခဲ့ကြရာ မတ် ၂၇ ရက်အထိ တရားဝင်နေရပ်ပြန် မြန်မာနိုင်ငံ သားများဦးရေ တစ်ထောင်ကျော်သွားပြီဖြစ်ကြောင်း သိရသည်။

မတ် ၂၃ ရက်တွင် တရားမဝင် မြန်မာအလုပ်သမား ၉၀ ကျော်တွင် COVID-19 စောင့်ကြည့် သံသယလူနာ များပါလာခဲ့သော်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ဓာတ်ခွဲခန်းအဖြေအရ ဗိုင်းရပ်စ်ပိုးကူးစက်ခံရခြင်းမရှိကြောင်း သိရသည်။

မတ် ၂၆ ရက်တွင် ထိုင်းနိုင်ငံသား ၄၃ ဦး ပြန်လည် ထွက်ခွာသွားပြီး ယနေ့တွင် ၁၀ ဦးခန့် ပြန်လည်ထွက်ခွာ သွားသည်ကို တွေ့ရှိရသည်။ **ယာဆေး(ပြန်/ဆက်)**

# မင်းဘူးခရိုင်အတွင်းရှိ ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိလာသူ ၁၀၇ ဦးတို့ကို ၁၄ရက်ကြာ သီးသန့်နေထိုင် စောင့်ကြည့်မှုဆောင်ရွက်

**မင်းဘူး မတ် ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် တွင် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ လာသူ ၁၀၇ ဦးတို့ကို မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်းရှိ ကျောင်းဆောင်များ တွင် ၁၄ ရက်ကြာ သီးသန့်နေထိုင် စောင့်ကြည့်မှု ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

"ကျွန်တော်က ထိုင်းနိုင်ငံ မဟာချိုင်မြို့ နန်မကျင်းစားသောက် ကုန်စက်ရုံမှာ အလုပ်လုပ်ပါတယ်။ ထိုင်းနိုင်ငံ မဲဆောက်မြို့မှ မတ် ၂၃ ရက်ည ၈ နာရီက စတင်ထွက်လာ ခဲ့ပါတယ်။ မြန်မာနိုင်ငံ မြဝတီမြို့ကို မတ်၂၄ ရက် နံနက် ၈ နာရီခွဲက ရောက်ရှိပါတယ်။ မြဝတီမြို့စစ်ဆေး ရေးဂိတ်မှာ ကျွန်တော့်လိုပဲ ပြန်လည် ရောက်ရှိလာတဲ့သူအားလုံး ဆေးစစ် ဆေးမှုခံယူပြီးတော့ မတ်၂၄ ရက် ည ၁၀ နာရီမှာ မြဝတီမြို့မှထွက်လာ ပြီး မကွေးမြို့ကို ၂၄ ရက် ညနေ ၃ နာရီက ရောက်ရှိပါတယ်။ မကွေးမြို့ ပြည်သူ့ဆေးရုံကြီးမှာ ဆေးစစ်မှု ခံယူပြီး မင်းဘူးမြို့ အ.ထ.က(၁) ကျောင်းကို ၁၄ ရက်ကြာ သီးသန့် နေထိုင် စောင့်ကြည့်မှုစခန်းသို့ ရောက်ရှိလာပါတယ်။ အခုလို ကျွန်တော်တို့ အားလုံးအတွက် အစား အသောက်၊ နေရေးထိုင်ရေးကအစ အစစအရာအရာ ကူညီဆောင်ရွက် ပေးခဲ့ကြသူအားလုံးကို ကျေးဇူးတင် ရှိပါတယ်" ဟု ထိုင်းနိုင်ငံမှပြန်လည် ရောက်ရှိလာသူ မင်းဘူး(စကု)မြို့နယ် ကုန်းသာကျေးရွာသား တစ်ဦးက ပြောသည်။

မင်းဘူးမြို့ အ.ထ.က (၁)ကျောင်း အတွင်း၌ မတ် ၂၅ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံမှ နေရပ်သို့ ပြန်လည် ရောက်ရှိလာသူ စုစုပေါင်း ၁၀၇ ဦးတို့ အား ၁၄ ရက်ကြာ သီးသန့်နေထိုင် စောင့်ကြည့်မှု ဆောင်ရွက်မည်ဖြစ် ကာ မင်းဘူးမြို့နယ် ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေးမှူးနှင့် ဝန်ထမ်းများက နေ့စဉ်ကျန်းမာရေး စစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ် ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား သီးသန့်ခွဲခြားစောင့်ကြည့်မည့်နေရာသို့ ပို့ဆောင်ပေးစဉ်။

# မြို့နယ်များ၌ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဆက်စပ်ပစ္စည်းနှင့် အလှူငွေများလှူဒါန်း



ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အသုံးပြုရန် ဆေးဖျန်းစက်များလှူဒါန်းစဉ်။ ဓာတ်ပုံ-ကိုကြီးစိုး(ဆိပ်ကမ်း)

**ကော့သောင်း**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်း COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် အသုံးပြုရန် အကာအကွယ်ဝတ်စုံ PPE (Personal Protective Equipment) များနှင့် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ညနေပိုင်းက ကော့သောင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပေးအပ်လှူဒါန်းသည့် PPE ဝတ်စုံ ၂၅ စုံအား တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ကော့သောင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးနေဦးက ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာခင်ဇော်သို့ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ကော့သောင်းမြို့ Happy စက်သုံးဆီအရောင်းဆိုင် ဦးညီညီအောင်မိသားစုမှ PPE ဝတ်စုံ အစုံ ၁၀၀ ၊ ရွှေတော်ဝင်သောက်ရေသန့်မိသားစုက ပိုးသတ်ဆေးဘူးများနှင့် ဦးနိုင်လင်း- ဒေါ်နုငယ် မိသားစုက ငွေကျပ် ၂၅ သိန်း ပေးအပ်လှူဒါန်းရာ ကော့သောင်းခရိုင် COVID-19 ရောဂါ ကူးစက်မှုကာကွယ်ထိန်းချုပ်၊ ကုသရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ကော့သောင်းခရိုင်အနေဖြင့် ယနေ့အထိ ကိုရိုနာဗိုင်းရပ်စ် COVID – 19 ရောဂါ ကူးစက်ခံရသူနှင့် သံသယလူနာများစစ်ဆေးပေါ်ပေါက်ခြင်း မရှိသေးသော်လည်း ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

**ဒဂုံ(ဆိပ်ကမ်း)**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄)ရပ်ကွက်(ယုဇနဥယျာဉ်မြို့တော်)ပိတောက်လမ်းနေ CHOCO ကော်ဖီနှင့် မုန့်ထုတ်လုပ်ရောင်းချရေးဆိုင်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန် ရေကမ္ဘာကိုကိုနိုင်က မတ် ၂၇ ရက်က ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေးအတွက် ဆေးဖျန်းစက်အလုံး ၂၀ အား ရွှေသံလျှင်နာရေးကူညီမှုအသင်းသို့ ၁၇ လုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့တစ်လုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ နှစ်လုံး လှူဒါန်းပေးအပ်ရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် ရွှေသံလျှင်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးအောင်နိုင်ဝင်းတို့က လက်ခံရယူကာ ညနေပိုင်းတွင် မြို့နယ်ကြက်ခြေနီအဖွဲ့တို့က ရပ်ကွက်များတွင် လိုက်လံပက်ဖျန်းခဲ့ကြသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

**ကလိန်အောင်**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ မတ် ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲက ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ(COVID-19 )ကို ထိန်းချုပ်ကာကွယ်ရာတွင်အသုံးပြုမည့် ကာကွယ်ရေးပစ္စည်းများဝယ်ယူရန်အတွက် ငွေကျပ် ၄၂ သိန်းကို လာရောက်လှူဒါန်းကြောင်း သိရသည်။

အဆိုပါအလှူငွေများကို ဇောတိကလူမှုစီးပွားဌာန၊ ရတနာလူမှုစီးပွားဌာန၊ ရဲတံခွန်လူမှုစီးပွားဌာနတို့မှ ရေဖြူမြို့နယ် ပြည်သူ့ဆေးရုံ၊ ကလိန်အောင်တိုက်နယ်ဆေးရုံ၊ ကံပေါက်တိုက်နယ်ဆေးရုံများအတွက် လာရောက်လှူဒါန်းရာ ကလိန်အောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဆော**

ဆောမြို့နယ် လောင်းရှည်ဒေသ၌ COVID-19 ရောဂါ ကြိုတင်ကာကွယ်ကုသရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဒေသခံပြည်သူအလှူရှင်များမှ အလှူငွေများကို မတ် ၂၆ ရက် နံနက် ၉ နာရီက လောင်းရှည်တိုက်နယ်ဆေးရုံတွင် လှူဒါန်းခဲ့သည်။

လောင်းရှည်ဒေသအတွင်း COVID-19 ရောဂါ ကြိုတင်ကာကွယ်တားဆီးရေး၊ကုသရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရာတွင် လိုအပ်သလိုဆောင်ရွက်နိုင်ရန်အတွက် လောင်းရှည်ဒေသ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၈၄၁၁၀၀ ကို ပေးအပ်လှူဒါန်းရာ လောင်းရှည်တိုက်နယ်ဆရာဝန် ဒေါက်တာထင်ကျော်မင်းက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ဇော်မျိုးသန့်(ဆော)**

**သရက်ချောင်း**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်တွင် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ကာကွယ်ရေးဝတ်စုံ ၁၀၅ စုံနှင့် အပူချိန်တိုင်းကိရိယာ ၄၂ ခု ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ပေးအပ်လှူဒါန်းပွဲတွင် မြို့နယ်သံဃနာယကအဖွဲ့မှ ဆရာတော်များက လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက လည်းကောင်း၊ ဒေသခံပြည်သူများနှင့် အခြားစီးပွားရေးလုပ်ငန်းရှင်များက လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် အပူချိန်တိုင်းကိရိယာ ၄၂ ခု၊ PPE ဝတ်စုံ ၁၀၅ စုံတို့အား ပေးအပ် လှူဒါန်းရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကုသရေးဦးစီးမှူး ဒေါက်တာသူရဇော်နှင့် ကျန်းမာရေးဝန်ထမ်းများက လက်ခံရယူခဲ့သည်။ ယင်းနောက် မြို့နယ်ကုသရေး ဦးစီးမှူးက အလှူရှင်များအား ကျေးဇူးတင်ကြောင်း ပြောကြားပြီးနောက် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးချစ်ဦး(ပြန်/ဆက်)**

**အင်းစိန်**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ပြည်သူများ COVID-19 ရောဂါ ကာကွယ်နိုင်စေရန်အတွက် လိုအပ်သည့်ပစ္စည်းများ လှူဒါန်းခြင်းကို ယနေ့ နံနက် ၉ နာရီက အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းရာတွင် Excellent Fortune Foundation ဥက္ကဋ္ဌ ဦးစိုင်းမျိုးဝင်း ဦးဆောင်မှုဖြင့် ဒေါ်ညိုမာသက်နှင့်အဖွဲ့က ကိုရိုနာဗိုင်းရပ်စ် COVID-19 ရောဂါ ကာကွယ်နိုင်စေရန်အတွက် လိုအပ်သည့်ပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း၊ လက်အိတ်၊ လက်ဆေးရည်၊ အကာအကွယ်အင်္ကျီ တန်ဖိုးငွေကျပ် စုစုပေါင်း ခြောက်သိန်းကျော်ကို လှူဒါန်းခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုး၊ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ဆက်လက်၍ လက်ခံရရှိသော ပစ္စည်းများကို အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# ချင်းပြည်နယ်အတွင်း COVID-19 ရောဂါကာကွယ်ထိန်းချုပ်ကုသနိုင်ရေး ဟားခါးမြို့အဝင် လုံခြုံရေးဂိတ်၌ ခရီးသွားပြည်သူများအား စစ်ဆေးမှုများ နေ့စဉ်ဆောင်ရွက်လျက်ရှိ

**ဟားခါး မတ် ၂၇**

ချင်းပြည်နယ်အတွင်း COVID-19 ရောဂါ ကာကွယ်ထိန်းချုပ် ကုသနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဘက်ပေါင်းစုံမှ နေ့စဉ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မတ် ၂၇ ရက်က ဟားခါးမြို့သို့ လာရောက်ကြသည့် ခရီးသွားပြည်သူများကို ဟားခါးမြို့အဝင် လုံခြုံရေး စစ်ဆေးရေးဂိတ်၌ ကျန်းမာရေးစောင့်ကြည့် စစ်ဆေးမှုများနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဟားခါးမြို့အဝင် စစ်ဆေးရေးဂိတ်၌ ခရီးသွားများအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်စဉ်။

ဟားခါးမြို့အဝင် လုံခြုံရေး စစ်ဆေးရေးဂိတ်၌ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ကုသရေး ပြည်နယ်အဆင့် လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်နယ် သယ်ယူပို့ဆောင်ရေးနှင့် လုပ်ငန်းလိုင်စင်ညှိနှိုင်းမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစောမြင့်လွင်နှင့် ဝန်ထမ်းများ၊ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမျိုးလွင်ဦးနှင့် ဝန်ထမ်းများ ပူးပေါင်းပါဝင်လျက် မော်တော်ယာဉ်များပေါ်တွင် စီးနင်းလိုက်ပါလာကြသည့် ခရီးသွားပြည်သူများကို ကျန်းမာရေး စောင့်ကြည့်စစ်ဆေးခြင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ကြေညာထားသည့် ပြည်သူလူထုထံသို့ မေတ္တာရပ်ခံပန်ကြားချက်များနှင့်ညွှန်ကြားချက်များအား ခရီးသွားပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားခြင်းနှင့် ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည့် COVID-19 ရောဂါနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် ပညာပေးကိစ္စရပ်များကို ခရီးသွားပြည်သူ တစ်ဦးချင်းစီအား ဆွေးနွေးပြောကြားကာ COVID -19 ရောဂါ ကာကွယ်ထိန်းချုပ်သည့် လုပ်ငန်းများ အောင်မြင်မှုရရှိစေရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန် /ဆက်)**

# အဆင့်မြင့်ဈေးချိုတော် ဖွင့်ချိန်၊ ပိတ်ချိန် ပြောင်းလဲသတ်မှတ်ထား

**မန္တလေး မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အဆင့်မြင့်ဈေးချိုတော်ကို မတ် ၂၈ ရက်မှစပြီး ဈေးဖွင့်ချိန် နံနက် ၈ နာရီမှ ဈေးပိတ်ချိန် ညနေ ၄ နာရီဟု အချိန်ပြောင်းလဲ သတ်မှတ်ထားကြောင်း အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီး ဈေးအကျိုးတော်ဆောင်ကော်မတီမှ သိရသည်။

“ကျွန်တော်တို့ဈေးကိုတော့ မပိတ်တော့ပါဘူး။ ရုံကိုယ်စားလှယ်တွေ၊ ရုံလူကြီးတွေ အားလုံးရဲ့ ဆုံးဖြတ်ချက်နဲ့အညီ ဈေးကို ပုံမှန်ပဲဖွင့်သွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဈေးပိတ်ချိန်နဲ့ ဖွင့်ချိန်ကို ပြောင်းလဲလိုက်ပါတယ်။ ဈေးဖွင့်ချိန်ကို ခါတိုင်းမနက် ၇ နာရီခွဲလောက်မှာ ဖွင့်ပြီးတော့မှ ဈေးပိတ်ချိန်ကို ညနေ ၄ နာရီမှာ စပိတ်ပြီး ၅ နာရီမှာ အပြီး ပိတ်သိမ်းတဲ့ အလေ့အထ ရှိပါတယ်။ ဒါပေမယ့် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပြီးတဲ့ အချိန်မှာ ကျွန်တော်တို့ အစည်းအဝေးဆုံးဖြတ်ချက်အရ ဈေးကို မနက် ၈ နာရီမှာ စတင်ဖွင့်လှစ်ပြီးတော့ ဈေးပိတ်ချိန်ကတော့ ညနေ ၃ နာရီက စပိတ်ပြီး ၄ နာရီမှာ အပြီးပိတ်သိမ်းဖို့ အားလုံးသဘောတူညီကြပါတယ်” ဟု အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီး ဈေးအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောသည်။

ဈေးချိုတွင် COVID –19 ရောဂါကာကွယ်နိုင်ရန်အတွက် မတ် ၃၀ ရက်(**အဖိတ်နေ့**)တွင် ဈေးပိတ်ကာ နံနက် ၉ နာရီမှစတင်၍ ဆေးဖျန်းခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လူသွားလူလာများသော စက်လှေကား အတက်အဆင်းနေရာများတွင် ရေမလိုလက်သန့်ဆေးရည်များ ထားရှိပေးခြင်း၊ လက်ဆေးကန်များထားပေးခြင်းနှင့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိပ်ထားနိုင်(ပြန်/ဆက်)**

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၆)

# နိုင်ငံသူ နိုင်ငံသားများ



မောင်စာဂ

၂၀၂၀ ပြည့်နှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲသည် အထွေထွေရွေးကောက်ပွဲဖြစ်သည်။ ပါတီတွေအားလုံး ဝင်ရောက်ယှဉ်ပြိုင်ကြမည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများဆန္ဒမဲပေးကြမည်။ ထို့ကြောင့် အထွေထွေ ရွေးကောက်ပွဲဟူသည် အရေးကြီးသည်။ နိုင်ငံသူနိုင်ငံသားများအတွက်လည်း အရေးကြီးသည်။ အထွေထွေ ရွေးကောက်ပွဲတစ်ရပ်တွင် နိုင်ငံသူနိုင်ငံသားများကဏ္ဍ အရေးကြီးသည်ဟု ဘာကြောင့်ဆိုရပါသနည်း။ အနှစ်ချုပ် မျှဝေပါရစေ။

### ဒီမိုကရေစီ၏သဘော

လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်းသည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတည်းဟူသော အချုပ်အခြာအာဏာ ကြီးသုံးရပ် ရှိကြစမြဲဖြစ်သည်။ ဒီမိုကရေစီခေတ်၊ ဒီမိုကရေစီစနစ်တွင် ယင်းအချုပ်အခြာအာဏာကြီးသုံးရပ်သည် လူတစ်ဦး၊ လူတစ်စု၊ လူတစ်ဖွဲ့တို့၏ လက်ဝယ်တွင်မရှိ။ နိုင်ငံသား ပြည်သူများ၏လက်ဝယ်တွင်ရှိသည်။ နိုင်ငံသားများထံမှ ထိုအချုပ်အခြာအာဏာကြီးသုံးရပ် သက်ဆင်းကြရစမြဲဖြစ်သည်။

### နိုင်ငံသားဟုဆိုရာတွင်

နိုင်ငံသားဟုဆိုရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ အားလုံးတို့သည် နိုင်ငံသူနိုင်ငံသားများ ဖြစ်ကြသည်။

### ရွေးကောက်ပွဲဖြင့် လွှဲအပ်ခြင်း

နိုင်ငံသားများသည် မိမိတို့လက်ဝယ်တွင်ရှိနေသော နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်ကို မိမိတို့ယုံကြည်အားကိုးလေးစားရသော နိုင်ငံသားများကိုလွှဲအပ်၍ ကျင့်သုံးဆောင်ရွက်စေသည်။ ထိုသို့လွှဲအပ်ခြင်းကို ရွေးကောက်ပွဲများကျင်းပ၍ ဆန္ဒမဲပေးကာ လွှဲအပ်သည်။ လွှဲအပ်ရယူလိုသော နိုင်ငံသားများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်နိုင်ငံသားများက ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ကြသည်။

### ဘာကြောင့်ရွေးကောက်ပွဲအရေးကြီးရသလဲ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ကျင်းပမည့် ရွေးကောက်ပွဲဖြစ်သည်။ ထိုရွေးကောက်ပွဲကျင်းပပြီးသည်နှင့် ရွေးကောက် တင်မြှောက်ခံကြရသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အသီးသီး ပြန်လည်ဖွဲ့စည်းပေါ်ပေါက်လာမည်။ လွှတ်တော်အသီးသီး၏ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ ပြန်လည်ရွေးချယ်ကြမည်။ နိုင်ငံတော်အကြီးအကဲ သမ္မတနှင့် ဒုတိယသမ္မတများ ပြန်လည်တင်မြှောက်ကြမည်။ ပြည်ထောင်စုအစိုးရအဖွဲ့ အသစ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့သစ်များ ပေါ်လာမည်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ ပြန်လည်ပြင်ဆင်ဖွဲ့စည်းမည်။ နိုင်ငံသားများပိုင်ဆိုင်သော နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို ငါးနှစ်တာ သက်တမ်းကာလအတွက် နိုင်ငံသူ နိုင်ငံသားများကိုယ်စား တာဝန်ယူ၊ တာဝန်ခံ စီမံခန့်ခွဲအကောင်အထည် ဖော်ဆောင်ရွက်ရန် လွှဲပြောင်းအပ်နှင်းလိုက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် အရေးကြီးသည်ဟု ဆိုရခြင်းဖြစ်သည်။

### နိုင်ငံတော်နှင့် နိုင်ငံသားများ၏အနာဂတ်ဖြစ်သည်

ရွေးကောက်ပွဲသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အနာဂတ်ဖြစ်သည်ဟု ဆိုနိုင်သည်။ မိမိတို့၏အနာဂတ် အတွက် မိမိတို့နိုင်ငံတော်ကို မည်သို့ဖြစ်စေလိုသလဲ။ မည်သို့သောအစိုးရမျိုးကို မိမိတို့လိုချင်ကြသလဲ။ မည်သည့်ပုံစံ၊ မည်သည့်စနစ်ဖြင့် မိမိတို့၏အနာဂတ်ခရီး လျှောက်လှမ်းလိုသလဲ။ ရွေးကောက်ပွဲတွင် မိမိတို့စိတ်ကြိုက်ရွေးချယ်၍ ဆန္ဒမဲပေးနိုင်ကြသည်။ နိုင်ငံတော်နှင့် မိမိတို့၏အနာဂတ်အတွက် ရွေးကောက်ပွဲမှတစ်ဆင့် ဖန်တီးနိုင်စွမ်းရှိကြသည်။ မိမိတို့ကိုယ်တိုင် တည်ဆောက်ခွင့်ရှိကြသည်။

### နိုင်ငံရေးဗန်းတင်ကြတော့မည်

ယနေ့နိုင်ငံသူနိုင်ငံသားများသည် မိမိတို့ပြည်ထောင်စုကြီးကို ထာဝရငြိမ်းချမ်းသော ပြည်ထောင်စုကြီးဖြစ်စေလိုကြသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားများ အားလုံး အေးအတူပူအမျှ၊ ခွင့်တူညီမျှနေကြရသည့်၊ ဝါဒဖြူစင်သည့်၊ သာယာဝပြော ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးမျိုးကို မြင်တွေ့လိုကြသည်။ နိုင်ငံရေးပါတီများအားလုံးကလည်း ပြည်သူများ၏ လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ရေးပါတီများတည်ထောင်၍ ရွေးကောက်ပွဲများတွင် ပါဝင်အရွေးခံကြသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးအတွက် နိုင်ငံရေးပါတီများသည် မိမိတို့ပါတီ၏ မူဝါဒသဘောတရားများကို ပြည်သူများသို့ ချပြကြပါတော့မည်။ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးဆိုသည့် မဟာဗျူဟာရည်မှန်းချက် ပန်းတိုင်ကတော့ တူညီကြမည်ထင်ပါသည်။ သို့ရာတွင် အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် နည်းဗျူဟာလမ်းကြောင်းများတွင်မူ မိမိတို့၏ပါတီမူဝါဒသဘောတရားများအရ ကွဲပြားခြားနားမှု ရှိကောင်းရှိနိုင်ပါမည်။

အချို့သောနိုင်ငံရေးပါတီများက နိုင်ငံရေးရှေ့တန်းတင်မည်။ အချို့က စီးပွားရေးဦးစားပေးမည်။ အချို့က တစ်ပြိုင်တည်းသွားမည်။ အလုပ်သမားရေး၊ လယ်သမားရေး၊ နိုင်ငံ့ဝန်ထမ်းများအရေး၊ ကျေးလက်ဒေသအရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစသည် စသည်ဖြင့် နိုင်ငံရေးပါတီများသည် မိမိတို့အားသန်ရာ သန်ရာ မိမိတို့၏ပါတီမူဝါဒသဘောတရား၊ လုပ်ငန်းစဉ်များကို မဲဆန္ဒရှင်ပြည်သူများသို့ ချပြကြပါတော့မည်။ ဤသည်ကို နိုင်ငံရေးဗန်းတင်ခြင်း (Political marketing) ဟု ခေါ်ကြသည်။

နိုင်ငံရေးဗန်းတင်ခြင်းသည် စီးပွားရေးဈေးဗန်းတင်ခြင်း (Economic marketing ) နှင့် ကွဲပြားခြားနားသည်။ စီးပွားရေးဈေးဗန်းတင်ခြင်းသည် စားသုံးသူများသို့ ရောင်းချရန်ဖြစ်သော်လည်း နိုင်ငံရေးဈေးဗန်းတင်ခြင်းသည် ရောင်းချရန်သဘောမဟုတ်ပါ။ နိုင်ငံတော်နှင့်ပြည်သူတို့အတွက် တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်လိုသည်များကို ချပြရှင်းလင်း၍ ပြည်သူတို့၏ထောက်ခံ ဆန္ဒမဲကို ပြည်သူတို့ထံမှ တောင်းဆိုခြင်းသာဖြစ်သည်။ ပြည်သူ့ဆန္ဒရယူလိုခြင်းဖြစ်သည်။

### မိမိတို့နှင့်တန်သည့်အစိုးရကို မိမိတို့ရကြသည်

နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည်တွင် နေထိုင်ကြသော နိုင်ငံသားပြည်သူများသည် မိမိတို့နှင့်တန်သည့် အစိုးရကို မိမိတို့ရရှိကြသည်ဟူ၍ နိုင်ငံရေးသုတေသီတို့ မှတ်ချက်ပြုပြောစကား ကြားဖူးသည်။ ယခု ၂၀၂၀ ပြည့် နှစ်အတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် မြန်မာနိုင်ငံသူနိုင်ငံသားများသည် မိမိတို့လိုလားဆန္ဒရှိသည့်အစိုးရမျိုး မိမိတို့ရရှိအောင် ရွေးချယ်ကြရပါတော့မည်။ သာမန်အားဖြင့် လွှတ်တော် သက်တမ်းငါးနှစ်အတွက် ရွေးချယ်ကြရသည် ဆိုသော်လည်း မိမိတို့ အနာဂတ်တစ်လျှောက်လုံးအတွက် ကြည့်ကြရပါမည်။ မိမိတို့သားစဉ်မြေးဆက်အတွက် ကောင်းသောအမွေများကို ခိုင်မာစွာ မျိုးစေ့ချ စိုက်ပျိုးပေးသွားနိုင်မည့်၊ မိမိတို့ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး ခိုင်မာစွာ အုတ်မြစ်ချပေးနိုင်မည့်အစိုးရမျိုး ဖြစ်ပေါ်လာရေးကို ရှေးရှုရွေးချယ်ကြရပါမည်။

ဒီမိုကရေစီနိုင်ငံများ၏ ရွေးကောက်ပွဲများသို့ သွားရောက်လေ့လာရသည့်အခါတိုင်း မည်ကဲ့သို့သောဦးတည်ချက်စိတ်ထားများဖြင့် ဆန္ဒမဲပေး ရွေးချယ်တတ်ကြသလဲ မေးမြန်းစူးစမ်းကြည့်မိသည်။ နည်းလမ်းအသွယ်သွယ် ရှိတတ်ကြကြောင်း ဤသို့သိရှိရသည်။

နှလုံးသားဖြင့် ရွေးချယ်တတ်ကြသည်၊ ဦးနှောက်ဖြင့် ရွေးချယ်တတ်ကြသည်။ နှစ်မျိုးစလုံးဖြင့် ရွေးချယ်တတ်ကြသည်။ တူညီနေလျှင် နှလုံးသားကိုပို၍ ဦးစားပေးသည်။ ဦးနှောက်ကို ပို၍ဦးစားပေးတတ်ကြသည်လည်းရှိသည်။

ပါတီကိုကြည့်၍ ရွေးချယ်တတ်ကြသည်။ ကိုယ်စားလှယ်လောင်းကိုကြည့်၍ ရွေးချယ်တတ်ကြသည်။ နှစ်မျိုးစလုံးဖြင့် ရွေးချယ်တတ်ကြသည်။ တူညီနေလျှင် ကိုယ်စားလှယ်လောင်းကို ပို၍ဦးစားပေးသည်။ ပါတီကို ပို၍ဦးစားပေးတတ်ကြသည်လည်းရှိသည်။

မည်သည်က အသင့်တော်အကောင်းမွန်ဆုံးဖြစ်ပါသလဲဟူ၍ မေးမြန်းဆွေးနွေးကြည့်သည့်အခါ တိတိကျကျ အဖြေမပေးနိုင်ကြပါ။ သက်ဆိုင်ရာနိုင်ငံ၏ အခြေအနေ အချိန်အခါနှင့် ပကတိတည်ရှိဖြစ်ပေါ်နေသည့် အခြေအနေ အရပ်ရပ်ပေါ်တွင်သာ မူတည်သည်ဟု အဖြေထွက်ပါသည်။

### တာဝန်နှင့် အခွင့်အရေး

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတို့၏ မလွဲမသွေ ဆောင်ရွက်ရမည့်တာဝန်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏အကျိုးကို ကိုယ်စားပြုဆောင်ရွက်နိုင်မည့်၊ မိမိတို့လိုလားသောကိုယ်စားလှယ်ကို ရွေးချယ်နိုင်မည့်အခွင့်အရေးကို ရရှိကြသည်။ မိမိတို့၏အနာဂတ်သည် မိမိတို့၏လက်ထဲတွင်ရှိနေသည်။ မိမိတို့ပေးလိုက်ကြသည့် ဆန္ဒမဲလက်မှတ်များက မိမိတို့၏အနာဂတ်ကို အဆုံးအဖြတ်ပြုသွားမည်။ မိမိတို့ပြည်ထောင်စုကြီးအတွက်၊ မိမိတို့တစ်ဦးချင်းစီအတွက် မိမိတို့ကို ကိုယ်စားပြုဆောင်ရွက်ပေးနိုင်မည့် ကိုယ်စားလှယ်လောင်းကို မိမိတို့လက်ဖြင့် ရွေးချယ်ခွင့်ရရှိကြတော့မည်။ ဤတာဝန်ကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားအားလုံးက အလေးအနက်ထား၍ ကျေပွန်အောင် ဆောင်ရွက်ကြရပါတော့မည်။

ဤသို့ဖြင့် မင်္ဂလာရှိသော ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများအားလုံး တစ်ယောက်မကျန် ဆန္ဒမဲပေးကြခြင်းဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ ထာဝရငြိမ်းချမ်းသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဆီသို့ ဦးတည်လျှောက်လှမ်းနိုင်ကြစေလိုကြောင်းပါ။

- ❊ **ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားအားလုံး ဆန္ဒမဲလာရောက်ပေးနိုင်ကြပါစေ၊**
- ❊ **မိမိတို့၏အနာဂတ်ကို မိမိတို့ကိုယ်တိုင် ရွေးချယ်တည်ဆောက်နိုင်ကြပါစေ၊**
- ❊ **ထာဝရငြိမ်းချမ်းသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဆီသို့ ဦးတည်လျှောက်လှမ်းနိုင်ကြပါစေ။ ။**

**“ရွေးကောက်ပွဲသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အနာဂတ်ဖြစ်သည်ဟု ဆိုနိုင်သည်။ မိမိတို့၏ အနာဂတ်အတွက် မိမိတို့နိုင်ငံတော်ကို မည်သို့ဖြစ်စေလိုသလဲ။ မည်သို့သောအစိုးရမျိုးကို မိမိတို့ လိုချင်ကြသလဲ။ မည်သည့်ပုံစံ၊ မည်သည့်စနစ်ဖြင့် မိမိတို့၏အနာဂတ်ခရီး လျှောက်လှမ်းလိုသလဲ။ ရွေးကောက်ပွဲတွင် မိမိတို့စိတ်ကြိုက်ရွေးချယ်၍ ဆန္ဒမဲပေးနိုင်ကြသည်”**



# COVID-19 ရောဂါအပေါ် မူတည်၍ လက်ရွေးစင်အသင်းအားလုံး လေ့ကျင့်မည့်ရက် သတ်မှတ်မည်

**ရန်ကုန် မတ် ၂၇**

COVID-19 ရောဂါကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဖွဲ့စည်းထားသည့် လက်ရွေးစင်အသင်းအားလုံး လေ့ကျင့်မှုရပ်နားထားပြီး ရောဂါအခြေအနေပေါ် မူတည်၍ လေ့ကျင့်မည့်ရက်များ သတ်မှတ်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းနှင့် ယူ-၂၃ အမျိုးသားအသင်းတို့မှာ ယခုလအတွင်း ကာလတိုလေ့ကျင့်ခဲ့ပြီး မတ်လတတိယပတ်တွင် လေ့ကျင့်မှုရပ်နားခဲ့သည်။ ယင်းနှစ်သင်းစလုံးသည် ဧပြီလတွင် ဒုတိယအကြိမ် လေ့ကျင့်ရန် စီစဉ်ထားသော်လည်း ရောဂါအခြေအနေပေါ် မူတည်ပြီး လေ့ကျင့်မည့်ရက်ပြောင်းလဲရဖွယ်ရှိနေသည်။ ထို့ပြင် ကာလရှည် လေ့ကျင့်ပြင်ဆင်ပြီး ပြည်တွင်းပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၁၈ အသင်းနှင့် မြန်မာ ယူ-၁၆ အသင်းတို့မှာလည်း ပြည်တွင်းပြိုင်ပွဲများရပ်နားခဲ့သောကြောင့် လေ့ကျင့်မှုရပ်နားထားသည်။ ပြည်တွင်းပြိုင်ပွဲများမှာ ရက်အကန့်အသတ်မရှိ ရပ်နားထားသည့်အပြင် ပြည်ပပြိုင်ပွဲများမှာလည်း ရွှေ့ဆိုင်းထားသောကြောင့် မြန်မာ့လက်ရွေးစင်အသင်းနှင့် လူငယ်လက်ရွေးစင်အသင်းများ အနေဖြင့် လတ်တလောလေ့ကျင့်ရန်မရှိဘဲ ကိုရိုနာဗိုင်းရပ်စ် အခြေအနေကောင်းမွန်မှသာ ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။ ထို့ပြင် စခန်းဝင်လေ့ကျင့်ရန် စီစဉ်ထားသည့် မြန်မာလူငယ် အမျိုးသမီးအသင်းများ လေ့ကျင့်မည့်အစီအစဉ်များကိုလည်း ရွှေ့ဆိုင်းထားသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် လူငယ်လက်ရွေးစင်အသင်းများသည် ယခုနှစ်အတွင်း အာဆီယံအဆင့်ပြိုင်ပွဲများအပြင် အာရှအဆင့်ခြေစစ်ပွဲများလည်း ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိနေသည်။ **ညီမြတ်သော်တာ**

◆ *ကျော်ဖုံးမှ*

YBS ယာဉ်လိုင်းကုမ္ပဏီများအနေဖြင့်လည်း မော်တော်ယာဉ်တစ်စီး ထွက်ခွာမည်ဆိုပါက ခရီးစဉ်မှတ်တမ်းရေးသွင်းခြင်းစသည့် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပုံမှန်အတိုင်း YRTA သို့ သတင်းပေးပို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)အနေဖြင့် YBS ယာဉ်လိုင်းကုမ္ပဏီများ အခက်အခဲရှိလာပါက ဖြေရှင်းဆောင်ရွက်ပေးရန် စဉ်ဆက်မပြတ် ဆောင်ရွက်နေကြောင်း ၎င်းက ဆက်ပြောသည်။

လက်ရှိ YRTA အနေဖြင့် COVID-19 ရောဂါကို တားဆီးကာကွယ် နိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်နေပြီး YBS ယာဉ်လိုင်းကုမ္ပဏီများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း။

YBS ယာဉ်လိုင်းကုမ္ပဏီများရှိ မော်တော်ယာဉ်များမှာလည်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ COVID-19 ရောဂါကို တားဆီးကာကွယ်နိုင်ရန် YBS ယာဉ်လိုင်းကုမ္ပဏီများ အပါအဝင် လူမှုအဖွဲ့အစည်းများနှင့် ပြည်သူလူထုကလည်း YBS ယာဉ်များပေါ်တွင် COVID-19 ရောဂါအတွက် လိုက်နာရမည့်အချက်များကို စတစ်ကာများ ကပ်ခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်း၊ YBS ယာဉ်များပေါ်တွင် လက်သန့်ဆေးရည်များထားရှိခြင်း၊ ကားဂိတ်၊ ရထားဂိတ်များတွင်လည်း လက်ဆေးကန်များထားရှိခြင်း၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိ COVID-19 ရောဂါကြုံတင်ကာကွယ်သည့် အနေဖြင့် လူစုလူဝေးများရှိသော လုပ်ငန်းအချို့ယာယီရပ်နားထားသော်လည်း အခြေခံခရီးသွားပြည်သူများ အသုံးပြုနေရသည့် YBS ယာဉ်လိုင်းများ ပုံမှန်ပြေးဆွဲ ပေးလျက်ရှိကြောင်း Power Eleven Company မှ မန်နေဂျင်းဒါရိုက်တာ ကိုတရုတ်လေးက ပြောသည်။

"လူစုလူဝေးရှိတဲ့ နေရာတွေမှာ COVID-19 ရောဂါကူးမှာစိုးလို့ ပိတ်တယ်ဆိုရင် YBS ကားတွေပေါ်မှာရော မကူးစက်နိုင်ဘူးလားဆိုတဲ့ ဝေဖန်သံတွေကိုလည်း ရံဖန်ရံခါ ကြားနေရပါတယ်၊ ကျွန်တော်တို့ အခြေခံခရီးသွားပြည်သူလူထုအတွက် YBS ယာဉ်လိုင်းတွေဟာ မရှိမဖြစ် နေ့စဉ်စီးနင်းနေကြရတာပါ၊ အဲဒီအတွက်ကြောင့် YBS ယာဉ်လိုင်းတွေ တော်တော်များများမှာ ကားအတွင်းခန်း သန့်ရှင်းရေးပြုလုပ်တာနဲ့ ခရီးသည်တွေကို ရောဂါကူးစက်မှု မဖြစ်ပွားရအောင် ကားအတွင်းခန်းတွေကို ပိုးသတ်ဆေးတွေနဲ့ ပွတ်တိုက်ပြီး သန့်ရှင်းရေးအပိုင်း ဂရုပြုဆောင်ရွက်လာတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ Power Eleven Company အနေနဲ့လည်း ကျွန်တော်တို့ရဲ့ ခရီးသွားပြည်သူတွေ ကျန်းမာရွှင်လန်းစွာနဲ့ ခရီးသွားလာနိုင်ဖို့အတွက် COVID-19 ရောဂါကာကွယ်ဖို့နဲ့ ယာဉ်တွေရဲ့ အတွင်းခန်းထဲမှာရှိတဲ့ လေထုကို သန့်စင်ဖို့အတွက် နေ့စဉ်သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိပါတယ်" ဟု ကိုတရုတ်လေးက ပြောသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်တင်ပြေးဆွဲနေသည့် YBS ယာဉ်လိုင်းနံပါတ် ၁၀၀ ကျော်ရှိသည့်အပြင် Airport Shuttle Bus၊ City Transit တို့ဖြင့် လမ်းကြောင်းပေါင်း ၁၃၅ ကြောင်းကို တစ်နေ့လျှင် ယာဉ်အစီးရေ ၄၅၀၀ ခန့် ပြေးဆွဲနေပြီး ခရီးသွားပြည်သူ ၁ ဒသမ ၈ သန်းကို သယ်ယူပို့ဆောင်ပေးနေကြောင်း သိရသည်။ **ငြိမ်းငြိမ်း**

❑ *ကျော်ဖုံးမှ*

တစ်ကမ္ဘာလုံး အတိုင်းအတာနှင့် ရိုက်ခတ်နေသော COVID-19 အခြေအနေကြောင့် မြန်မာနိုင်ငံမှ PUBG MOBILE ကစားသမားများနှင့် PUBG MOBILE ပရိသတ်များ၏ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အွန်လိုင်းသီးသန့် ပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပခဲ့ခြင်း ဖြစ်သည်။ သို့သော် PUBG MOBILE ပရိသတ်များနှင့် ပြိုင်ပွဲ၏ဖိုင်နယ်အဆင့်ထိ တက်ရောက်လာသော ကစားသမားအသင်းများ၏ ပရိသတ်များအနေဖြင့် မိမိလုံခြုံဘေးကင်းရာတွင် နေထိုင်ရင်း ဖိုင်နယ်ပြိုင်ပွဲကြီးကို ကြည့်ရှုခံစားအားပေးနိုင်ရန် မတ် ၂၉ ရက်နှင့် ၃၀ ရက်တွင် မွန်းလွဲ ၁ နာရီမှ ည ၈ နာရီအထိ PUBG MOBILE ၏ မြန်မာနိုင်ငံ Facebook Page မှ တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ PUBG MOBILE Myanmar Championship 2020 Spring Split ပြိုင်ပွဲကြီးသည် PUBG MOBILE ၏ အရှေ့တောင်အာရှဒေသအတွင်း အကြီးဆုံး နိုင်ငံတကာအဆင့် ပြိုင်ပွဲကြီးတစ်ခုဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများမှ အကောင်းဆုံး ကစားသမားအဖွဲ့များနှင့် မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်နိုင်မည့် PMCO (PUBG MOBILE Club Opens) SEA Final ပြိုင်ပွဲကြီးအထိ ခေါ်ဆောင်သွားနိုင်မည့် စိတ်လှုပ်ရှားဖွယ် နိုင်ငံတွင်းပြိုင်ပွဲကြီးဖြစ်သည်။

အဆိုပါပြိုင်ပွဲကြီးကို MPT မှ Official Telecom Partner အဖြစ် ပူးပေါင်းကူညီ ပံ့ပိုးထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာသည့် eSport ကဏ္ဍကို တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

"COVID-19 အကျပ်အတည်းကို ရင်ဆိုင်နေရပေမယ့် ကစားသမားတွေနဲ့ ပရိသတ်တွေ ဘေးကင်းရှင်းဖို့နဲ့ သူတို့အတွက် အကောင်းဆုံး eSport ဂိမ်းအတွေ့အကြုံ ပေးစွမ်းနိုင်ဖို့ကိုပဲ ကျွန်တော်တို့ PUBG MOBILE က အခုချိန်မှာ အဓိက အာရုံစိုက်ထားပါတယ်။ အခုကျင်းပမယ့် ဒီရာသီရဲ့ ချန်ပီယံပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် ကစားသမားအဖွဲ့တွေအားလုံး အကောင်းဆုံးပြိုင်ပွဲဝင်နိုင်ဖို့နဲ့ မကြာခင်လတွေမှာ ကျင်းပသွားမယ့် တခြား အရှေ့တောင်အာရှက အကောင်းဆုံး ကစားသမားအဖွဲ့တွေနဲ့ ယှဉ်ပြိုင်ကစားသွားရမယ့် ပြိုင်ပွဲတွေအတွက် သေချာပြင်ဆင်ပြီး အဆင်သင့်ဖြစ်နေမယ်လို့ မျှော်လင့်ပါတယ်" ဟု PUBG MOBILE မှ Mr. Andrew က ပြောသည်။

ယခု PUBG MOBILE Myanmar Championship 2020 Spring Split ပြိုင်ပွဲဗိုလ်လုပွဲအဆင့် မတိုင်မီ ပြိုင်ပွဲဝင်အသင်းများသည် တစ်အုပ်စုလျှင် အသင်း ၂၀ ဖြင့် အုပ်စု ၆၀ ခွဲကာ အွန်လိုင်း Round ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် အသင်း ၁၆ သင်းနှင့် ပြီးခဲ့သော ၂၀၁၉ ခုနှစ်တွင် PUBG MOBILE Myanmar Championship Offline ဂိမ်းပြိုင်ပွဲကြီးမှ ပထမနှင့် ဒုတိယရရှိသော အသင်းနှစ်သင်း၊ စုစုပေါင်း ၁၈ သင်းသည် PUBG MOBILE Myanmar Championship 2020 Spring Split ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

● *ကျော်ဖုံးမှ*

အခြားသူတွေအတွက် အန္တရာယ်ရှိတဲ့ အခြေအနေဖြစ်နေတာကြောင့် ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်သလို အများပြည်သူတွေ အန္တရာယ်ကင်းရှင်းဖို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရရဲ့ လမ်းညွှန်မှုအရ မနေ့ညနေပိုင်းကစပြီး အခုလို သီးခြားနေရာမှာထားရှိပြီး စောင့်ကြပ်ကြည့်ရှုနေတာ ဖြစ်ပါတယ်။ စောင့်ကြပ်ကြည့်ရှုရမယ့် အချိန်ကာလအတွင်း ဘာလက္ခဏာမှမပြတဲ့သူတွေကိုတော့ သတ်မှတ်ရက်ပြည့်ရင် မိမိတို့နေအိမ်ကို ပြန်လို့ရမှာဖြစ်ပါတယ်။ ဒါဟာလည်း အများပြည်သူတွေအတွက် လုပ်နေတယ်ဆိုတာကို အသိအမှတ်ပြုစေချင်တယ်။ ဝိုင်းဝန်းလိုက်နာဆောင်ရွက်ပေးကြပါလို့လည်း ပြောကြားလိုပါတယ်" ဟု မုံရွာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဒေါက်တာ စုစုလင်းက ပြောသည်။

ယခုလက်ရှိအချိန်တွင် မုံရွာမြို့၏ အချက်အချာနေရာများဖြစ်သော မုံရွာတောင်တိုးဂိတ်၊ မုံရွာတောင်ဇက်ဆိပ်၊ နန်းချွန်ကူးတို့ဆိပ်၊ မုံရွာလေဆိပ်၊ ချင်းတွင်းတံတားဂိတ်၊ ပြည်တော်သာရပ်ကွက်ဂိတ်၊ ကျောက္ကာမြောက် ရေနံ့ဖိုထိပ်တို့တွင် ကုန်းလမ်းမှ ဝင်ရောက်လာသူများကို လည်းကောင်း၊ ချင်းတွင်းအထက်ပိုင်းဒေသများမှ အဝင်အထွက်လုပ်သူများကို မုံရွာမြို့ သလ္လာဝတီဆိပ်ကမ်းတို့တွင် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများက ပူးပေါင်းပြီး အပူချိန်တိုင်းတာခြင်း၊ ပြန်လာသည့်ဒေသ၊ နေရပ်လိပ်စာများ မှတ်တမ်းကောက်ယူစစ်ဆေးခြင်းများကို ၂၄ နာရီ စောင့်ကြပ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

# ကမ္ဘာတစ်ဝန်းအားကစားပွဲများ ရပ်နားထားသော်လည်း ဘီလာရုစ် ပရီမီယာလိဂ်ဘောလုံးပွဲများ ယှဉ်ပြိုင်လျက်ရှိ



ဥရောပနိုင်ငံများမှ ပြည်တွင်းလိဂ်ပြိုင်ပွဲများ ရပ်နားထားချိန်တွင် ဘီလာရုစ်နိုင်ငံ၏ ပြည်တွင်းအမှတ်ပေး ၂၀၂၀ ရာသီ ပရီမီယာလိဂ်ပြိုင်ပွဲကြီးမှ ပွဲစဉ်(၁)ကို မတ် ၁၉ ရက်တွင် စတင်ယှဉ်ပြိုင်ခဲ့ပြီး ပွဲစဉ်(၂) ကို မတ် ၂၇ ရက်သောကြာနေ့ ညပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။ ပွဲစဉ်(၂)၏ အစောဆုံးပွဲစဉ်ဖြစ်သော ဗိုဒီနိုအသင်းနှင့် ဘော့ရိုက်စ်အသင်း ပွဲစဉ်တွင် အိမ်ရှင် ဗိုဒီနိုက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဗိုဒီနိုအသင်းသည် ယမန်နှစ် ၂၀၁၉ ရာသီတွင် အဆင့် ၆ တွင် ရပ်တည်နိုင်ခဲ့ပြီး ညွှန့်သည် ဘော့ရိုက်စ်သည် လိဂ်ဝမ်းမှ ချန်ပီယံဖြင့် တန်းတက်လာခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်းပွဲချိန် မိနစ် ၅၀ တွင် တိုက်စစ်မှူး ဂေါ်ဘာချိခ်က ဗိုဒီနိုအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ ဗိုဒီနိုအသင်းသည် ပွဲစဉ် (၂) အပြီး ရမှတ် ခြောက်မှတ်ရရှိထားပြီး ဘော့ရိုက်စ်အသင်းသည် နှစ်ပွဲရှုံးကာ အမှတ်မရရှိသေးပေ။

ဥရောပနိုင်ငံအများစုသည် လက်ရှိဖြစ်ပေါ်နေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် အားကစားပွဲများ ရပ်ဆိုင်းထားပြီး ဘီလာရုစ်နိုင်ငံ တစ်နိုင်ငံတည်းသာ ဘောလုံးပွဲကို ရပ်နားခြင်းမရှိဘဲ ပရိသတ်များဖြင့် ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။ ဘီလာရုစ်နိုင်ငံသည်လည်း ကိုရိုနာဗိုင်းရပ်စ်ပိုးရှိသူ ၉၄ ဦးအထိ ရှိနေပြီး သေဆုံးသူမရှိသေးပေ။ ဘီလာရုစ် ပရီမီယာလိဂ်ပြိုင်ပွဲကြီးကို ၁၉၉၂ ခုနှစ်တွင် စတင်ယှဉ်ပြိုင်ခဲ့ရာ အသင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဒိုင်နမိုမင့်ခ်အသင်းသည် စတင်သည့်နှစ်မှ ငါးနှစ်ဆက် ချန်ပီယံဖြစ်ခဲ့သည်။

ယင်းပြိုင်ပွဲကြီး၏ ဆယ်စုနှစ်ကျော် ချန်ပီယံဆုအရှည်ကြာဆုံး ကာကွယ်နိုင်ခဲ့သည့် အသင်းမှာ BATE ဘိုရီဆော့အသင်းဖြစ်ပြီး ၂၀၀၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ကြီးစိုးခဲ့သည်။ လက်ရှိ ချန်ပီယံအသင်းမှာ ဒိုင်နမိုဘရက်စ်ဖြစ်သည်။ ဘီလာရုစ် ပရီမီယာလိဂ် ပွဲစဉ်(၃)ကို ဧပြီ ၃ ရက်တွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **သီဟ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**အင်န်ဒွန်ဘီလီကို ခေါ်ယူရန် ဘာစီလိုနာ ဆန္ဒရှိ**

ဘာစီလိုနာအသင်းသည် စပါးသို့ ပေါင် ၅၅ သန်းဖြင့် လိုင်ယွန်အသင်းမှ ပြီးခဲ့သည့် နွေရာသီတွင် ပြောင်းရွှေ့ရောက်ရှိလာသော အင်န်ဒွန်ဘီလီ (၂၃နှစ်) ကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဘာစီလိုနာအသင်း၏ အပြောင်းအရွှေ့ကာလတွင် ဝယ်ယူမည့် ကစားသမားစာရင်းတွင် အင်န်ဒွန်ဘီလီပါဝင်လာသည်။ ပြင်သစ်ကစားသမားသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် စပါးအသင်း၏ ဈေးအကြီးဆုံး ကစားသမားလည်း ဖြစ်လာသည်။ ဘာစီလိုနာအသင်းသည် အဆိုပါ ကစားသမားကို လိုင်ယွန်အသင်းတွင် ကစားစဉ်ကတည်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေသည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဘောလုံးပွဲစဉ်များ ရွှေ့ဆိုင်းထားသော်လည်း အေးဂျင့်များ၊ ကလပ်ကိုယ်စားလှယ်များက ဘောလုံးသမားများ၏ အပြောင်းအရွှေ့များကို ဆက်လက်ဆောင်ရွက်လျက်ရှိနေသည်။

**ဟာလန်းကို ခေါ်ယူရန် စိတ်ဝင်စား**

ရီးရဲမက်ဒရစ်အသင်းသည် ဒေါ့မွန်အသင်းမှ ဟာလန်း (၁၉နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ ကစားသမား၏ ဒေါ့မွန်အသင်းနှင့် စာချုပ်ဖျက်သိမ်းကြေးသည် ပေါင်သန်း ၅၀ သာ ရှိကြောင်းလည်း ဖော်ပြထားသည်။

**ပေါ့ဂ်ဘာကို စာချုပ်သစ်ချုပ်ဆိုဖွယ်ရှိ**

မန်ယူအသင်းသည် ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာ (၂၇နှစ်)ကို စာချုပ်သစ်ချုပ်ဆိုဖွယ်ရှိကြောင်း စပိန်အခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

# ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို တိုက်ဖျက်ရာတွင် တရုတ်နှင့် အမေရိကန်တို့ ညီညွတ်စွာပူးပေါင်းသင့်ကြောင်း ရှီကျင့်ဖျင်ပြော

**ပေကျင်း မတ် ၂၇**

တရုတ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို တိုက်ဖျက်ရာတွင် ညီညွတ်စွာပူးပေါင်းဆောင်ရွက်သင့်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို မတ် ၂၇ ရက်က တိုက်တွန်းပြောကြားလိုက်သည်။

ထို့အတူ တရုတ်သမ္မတ ရှီကျင့်ဖျင်က အမေရိကန်နှင့် ဆက်ဆံရေး တိုးတက်ရန်လည်း တိုက်တွန်းပြောကြားလိုက်ကြောင်း သတင်းရရှိသည်။

တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံသည် မကြာသေးမီ ရက်သတ္တပတ်က ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်ပြီး သဘောထားချင်း မတိုက်ဆိုင်ခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံပိုင်မီဒီယာတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က အမေရိကန်သမ္မတဒေါ်နယ်ထရမ့်အား အမေရိကန်ပြည်ထောင်စုသည် ဆီနို-အမေရိကန် ဆက်ဆံရေး တိုးတက်ရန် ထိရောက်သော ဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်မည်ဟု မိမိအနေဖြင့် မျှော်လင့်ကြောင်း ပြောကြားလိုက်သည်။

ထို့အပြင် တရုတ်သမ္မတ ရှီကျင့်ဖျင်က နှစ်နိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ဖြစ်ပွားမှုကို အတူတကွ အကောင်းဆုံးဖြေရှင်းသွားရန်လည်း တိုက်တွန်းပြောကြားလိုက်သည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်က သတင်းအချက်အလက်များအားလုံးနှင့် အတွေ့အကြုံအားလုံးကို အမေရိကန်ပြည်ထောင်စုနှင့် အတူတကွမျှဝေသွားရန် ဆန္ဒရှိကြောင်း ဆက်လက်ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မိမိအနေဖြင့် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အလွန်ကောင်းမွန်သော ဖုန်းမှတစ်ဆင့် တွေ့ဆုံဆွေးနွေးမှုပြုခဲ့ကြောင်းနှင့် နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါနှင့်ပတ်သက်ပြီး အသေးစိတ်ဆွေးနွေးခဲ့ကြောင်း ပြောကြားလိုက်သည်။

တရုတ်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်၏သဘောသဘာဝအပေါ် အပြည့်အဝနားလည်ကြောင်းနှင့် မိမိတို့အနေဖြင့် အနီးကပ်ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ အပြန်အလှန်ပိုမိုလေးစား သွားရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဆက်လက် ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**



၂၀၁၉ ခုနှစ် ဇွန် ၂၉ ရက်က ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပသော ဂျီ-၂၀ အစည်းအဝေး၏ နှစ်နိုင်ငံ သီးသန့်ဆွေးနွေးပွဲတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ကို တွေ့ရစဉ်။

# COVID–19 ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းရန် စင်ကာပူတွင် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရမည့် စည်းမျဉ်းစည်းကမ်းများချမှတ်

စင်ကာပူ မတ် ၂၇

**COVID–19 ရောဂါကူးစက်ပျံ့နှံ့မှုကို တားဆီးရန် စင်ကာပူနိုင်ငံတွင် တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းများချမှတ်လိုက်သည်။ စင်ကာပူနိုင်ငံရှိ စင်ကာပူနိုင်ငံသားများအနေဖြင့် ရည်ရွယ်ချက်ရှိရှိ တစ်စုံတစ်ယောက်နားကပ် ရပ်နေပါက ၎င်းကို ထောင်ဒဏ် ခြောက်လအထိ ပြစ်ဒဏ်ချမှတ်သွားမည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၂၇ ရက်က ဖော်ပြလိုက်သည်။**

စင်ကာပူနိုင်ငံ မြို့တော်စင်ကာပူတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို အကောင်းဆုံးကိုင်တွယ်ဖြေရှင်းရန် စီမံချက်သစ်အတော်များများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ဘားများ၊ ရုပ်ရှင်ရုံများနှင့် အခမ်းအနားများကို ပိတ်သိမ်းမှုများလည်း ပါဝင်ကြောင်း သိရသည်။



စင်ကာပူမြို့ရှိ အများပြည်သူသွားလာနိုင်သည့် ဆိုင်တစ်ဆိုင်တွင် ခပ်ခွာခွာနေရမည့် အလေ့အကျင့် လိုက်နာဆောင်ရွက်နေသည့် ပြည်သူတစ်ဦးကို တွေ့ရစဉ်။

တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းနည်းလမ်းကို တစ်ကမ္ဘာလုံးက ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို တားဆီးသည့် အကောင်းဆုံးနည်းလမ်းတစ်ခုအဖြစ် အသုံးပြုလျက်ရှိသည်။ အဆိုပါနည်းလမ်းတွင် တစ်ဦးနှင့်တစ်ဦး သုံးပေအကွာ (တစ်မီတာထက်မနည်း) အကွာအဝေးတွင် နေထိုင်ရမည်ဖြစ်သည်။

အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် တန်းစီစောင့်ဆိုင်းနေစဉ် တစ်ဦးက အခြားတစ်ဦးနားသို့ ရည်ရွယ်ချက်ရှိရှိ နီးကပ်စွာကပ်လျက်ရပ်နေခြင်း သို့မဟုတ် တစ်ဦးနှင့်တစ်ဦး တစ်မီတာခန့်မရှိသော အကွာအဝေးတွင် ထိုင်ခြင်းစသည့် အမူအကျင့်များကိုလည်း တားမြစ်သွားမည်ဖြစ်ကြောင်း အသစ်ထုတ်ပြန်လိုက်သော စည်းမျဉ်းစည်းကမ်းသစ်များတွင် ဖော်ပြထားသည်။

ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို မလိုက်နာပါက ထောင်ဒဏ်ခြောက်လဖြစ်စေ အမေရိကန်ဒေါ်လာ ၇၀၀၀ ဖြစ်စေ ဒဏ်ရိုက်ခံရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ထိုင်ခုံများကို တစ်မီတာထက် မလျော့နည်းသည့် အကွာအဝေးတွင် စီစဉ်ထားရှိရမည်ဖြစ်ပြီး မလိုက်နာသည့် လုပ်ငန်းရှင်များကိုလည်း ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာပေါင်း ၆၈၃ ဦးရှိပြီး ၎င်းတို့အနက် နှစ်ဦးသေဆုံးခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါသည် ယခုအခါတွင် ကမ္ဘာတစ်ဝန်းကူးစက်ခဲ့ပြီး ၂၃၀၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။

**အေအက်ဖ်ပီ**

## တိုကျိုမြို့ကို အသွားအလာကန့်သတ်ပါက ဂျပန်နိုင်ငံ စီးပွားရေးခက်ခဲမှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း အာဘေးပြော

**တိုကျို မတ် ၂၇**

ဂျပန်နိုင်ငံ တိုကျိုမြို့ကို သွားလာမှုများ ကန့်သတ်လိုက်မည်ဆိုပါက ဂျပန်နိုင်ငံ၏ စီးပွားရေးသည် ခက်ခဲမှုနှင့် ရင်ဆိုင်ရနိုင်သည်ဟု ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မတ် ၂၇ ရက်က သတိပေးပြောကြားလိုက်သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်ပြီး အတိုက်အခံဥပဒေပြုသူများ၏ မေးခွန်းကို အာဘေးက ယခုလို တုံ့ပြန်ဖြေကြားလိုက်ခြင်းဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဗဟိုအစိုးရအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို ထိန်းချုပ်ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားလိုက်သည်။

စီးပွားရေးပြန်လည်ထူထောင်ရေးဝန်ကြီး ယာဆူတိုရှိ နီရှိမူရာက ဂျပန်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်တန်ပြန်တိုက်ဖျက်ရေးဥပဒေနှင့်ပတ်သက်ပြီး အဓိကအရေးပါသူဖြစ်ကြောင်း၊ မလိုအပ်ဘဲ နိုင်ငံတော်ကိုအရေးပေါ်အခြေအနေ ကြေညာသွားမည်မဟုတ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# COVID-19 ထိန်းချုပ်ရန် နိုင်ငံတကာလေကြောင်းလိုင်းများနှင့် နိုင်ငံခြားသားပြည်တော်ပြန်များကို တရုတ်နိုင်ငံက တားမြစ်သွားမည်

**ပေကျင်း မတ် ၂၇**

COVID–19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို တားဆီးထိန်းချုပ်ရန် တရုတ်နိုင်ငံက ၎င်း၏ နိုင်ငံတကာလေကြောင်းလိုင်းများကို ဖြတ်တောက်လိုက်ပြီး တရုတ်နိုင်ငံ၌ အခြေချနေထိုင်သည့် နိုင်ငံခြားသား (ပြည်တော်ပြန်)များကိုလည်း တားမြစ်သွားမည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၂၇ ရက်က ဖော်ပြလိုက်သည်။

တရုတ်နိုင်ငံတွင် နှစ်ရက်ဆက်တိုက် ပြည်တွင်း၌ အသစ်ဖြစ်ပွားသော ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာ ထပ်မံမတွေ့ရသော်လည်း သက်ဆိုင်ရာ အာဏာပိုင်များက ပြည်တော်ပြန် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမည့် အခြေအနေများကို စိုးရိမ်လျက်ရှိသည်။ တရုတ်နိုင်ငံတွင် ပြည်တော်ပြန် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု အရေအတွက်၅၀၀ ကျော်လာပြီဖြစ်ရာ တရားဝင်ဗီဇာဖြင့် နေထိုင်လျက်ရှိသော နိုင်ငံခြားသားများနှင့် အမြဲတမ်းနေထိုင်ခွင့်ဖြင့် နေထိုင်လျက်ရှိသော နိုင်ငံခြားသားများကိုလည်း မတ် ၂၈ ရက် သန်းခေါင်ယံအချိန်မှစပြီး ပြည်တော်ပြန်ခွင့်များ ပိတ်ပင်တားမြစ်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ယခုလို တားမြစ်ပိတ်ပင်မှုများကို ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းသိမ်းရန် ယာယီမျှသာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

သို့သော်လည်း သံတမန်များ၊ နိုင်ငံတကာလေကြောင်းလိုင်းများမှ လေယာဉ်အမှုထမ်းများနှင့် ကုန်တင်လေယာဉ်များကိုမူ နိုင်ငံတွင်းသို့ ဆက်လက် ဝင်ထွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ထပ်လောင်းဖော်ပြထားသည်။

တရုတ်နိုင်ငံ ပေကျင်းသို့ ဦးတည်ပျံသန်းထွက်ခွာလာသည့် နိုင်ငံတကာလေကြောင်းလိုင်းများကိုလည်း တရုတ်နိုင်ငံရှိ ဆင်ခြေဖုံးဒေသများသို့ လမ်းကြောင်းလွှဲထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ဟူပေပြည်နယ်ရှိ ဆေးရုံတစ်ရုံရှေ့တွင် ဖျားနာမှုကို စစ်ဆေးရန် ရောက်ရှိနေသူများကို တွေ့ရစဉ်။

# အမေရိကန်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် အလုပ်လက်မဲ့ဦးရေ စံချိန်တင်မြင့်တက်

**ဝါရှင်တန်   မတ် ၂၇**

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် -၁၉ ကူးစက်ခံရမှုမှာ အခြားနိုင်ငံများထက် မြင့်တက်နေပြီး အလုပ်လက်မဲ့ပမာဏမှာလည်း စံချိန်တင်မြင့်တက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်အတွင်း ကမ္ဘာအနှံ့လူဦးရေ ၁ ဒသမ ၈ သန်းမှာ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးနိုင်သည်ဟုလည်း ခန့်မှန်းထားသည်။ ကမ္ဘာအနှံ့လူပေါင်း ၅၃၀၀၀၀မှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖျားနာနေကြရသည်။

ဘဏ္ဍာရေး၊ သိပ္ပံနည်းပညာ၊ ဆေးပညာနှင့် စစ်ဘက်ဆိုင်ရာအရင်းအမြစ်များအသုံးပြုကာ ကိုရိုနာဗိုင်းရပ်စ်ကို နှိမ်နင်းနိုင်ရေး အမေရိကန်နိုင်ငံအနေဖြင့် အစွမ်းကုန်ကြိုးပမ်းနေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

ယခုအခါ အမေရိကန်နိုင်ငံသား ၄၀ ရာခိုင်နှုန်းမှာ ဝင်ထွက်ခွင့်ပိတ်ဆို့ခံထားရပြီး ပြည်သူများအနေဖြင့် နေအိမ်အတွင်း၌သာ နေကြရန်၊ အိမ်မှာပင်အနားယူကြရန် သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

ကမ္ဘာ့စီးပွားရေးအင်အား အကြီးဆုံးနိုင်ငံဖြစ်သည့် အမေရိကန်တွင် လွန်ခဲ့သော သီတင်းပတ်အတွင်း အလုပ်လက်မဲ့အကျိုးခံစားခွင့်အတွက် လာရောက်လျှောက်ထားသူ ၃ ဒသမ ၃ သန်းရှိကြောင်း အလုပ်သမားဌာနက သတင်းပို့ခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် အရေးမကြီးသည့် စီးပွားရေးလုပ်ငန်းများကို ပိတ်ထားရာ အစားအသောက်ပို့ဆောင်သည့် ဝန်ဆောင်မှုလုပ်ငန်းမှစ၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအထိ အလုပ်လက်မဲ့ပမာဏများ များပြားလျက်ရှိသည်။

အမေရိကန်သည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနှုန်းတွင် တရုတ်နိုင်ငံကိုကျော်တက်သွားပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု အမြင့်ဆုံးနိုင်ငံဖြစ်လာခဲ့သည်ဟု ဂျွန်ဟော့ကင်းတက္ကသိုလ်က ပြောကြားခဲ့သည်။

မတ် ၂၇ ရက်တွင် နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်မှာ ၈၅၆၅၃ ဦးရှိကာ သေဆုံးသူအရေအတွက်မှာ ၁၂၉၀ အထိရှိလာခဲ့သည်။

နယူးယောက်မြို့တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်မှာ ၄၀၀၀၀ရှိပြီး ရောဂါဖြစ်ပွားရာ ဗဟိုချက်မ နေရာဖြစ်လာခဲ့သည်။ နယူးယောက်မြို့တွင် လူဦးရေ ၈ ဒသမ ၆ သန်း မှီတင်းနေထိုင်လျက်ရှိသည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ**




နယူးယောက်မြို့တွင် လူသူရှင်းလင်းနေသည်ကို မတ် ၂၄ ရက်က တွေ့ရစဉ်။

# ကိုဗစ် -၁၉ ကူးစက်ခံရသည်ဟု ပြောကာ လေယာဉ်ချိန်နှောင့်နှေးစေခဲ့သည့် အမျိုးသားကို ဖမ်းဆီး

**တိုကျို မတ် ၂၇**

ဂျပန်နိုင်ငံတွင် မတ် ၂၇ ရက်က ပြည်တွင်း ပျံသန်းသည့်လေကြောင်း ခရီးစဉ်တွင် ခရီးသည်တစ်ဦးက လေယာဉ်ပျံမတက်မီ ၎င်း၌ ကိုဗစ် -၁၉ ကူးစက်ခံရ သည်ဟုဆိုကာ လေယာဉ်ချိန်ကို နှောင့်ယှက်ခဲ့သဖြင့် ၎င်းကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အသက် ၆၉ နှစ်အရွယ် နိုရီဟီတို ကိုဂျီမာသည် ဂျက်စတားဂျပန်အဲလိုင်း၏ ပျံသန်းချိန်ကို အနှောင့်အယှက်ပေးသည်ဟု သံသယရှိပြီး ၎င်းသည် မတ် ၂၆ ရက် ညနေ ၄နာရီ ၅မိနစ်က လေယာဉ်အမှုထမ်းများအား ၎င်းမှာ ကိုဗစ် -၁၉ ကူးစက်ခံထားရကြောင်း၊ သို့သော် အခြေအနေမှာ ကောင်းမွန်ကြောင်း ပြောကြားခဲ့သည်။



ဂျပန်ပြည်တွင်းလေကြောင်းလိုင်း ဂျက်စတားမှ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

တိုကျိုမြို့အနီး နာရီတာ လေဆိပ်တွင် ဂျက်စတား တန်ဖိုးနည်း လေကြောင်းလိုင်း၏ ထွက်ခွာရမည့်အချိန် တစ်နာရီကျော်ကြာ နှောင့်နှေးအောင် ပြုလုပ်ခဲ့သည်။ ၎င်း၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရခြင်းရှိ မရှိကိုမူ မသိရသေးပေ။

အဆိုပါ လေကြောင်းလိုင်းတွင် လေယာဉ်အမှုထမ်းများ အပါအဝင် ခရီးသည်ပေါင်း ၁၁၄ ဦး လိုက်ပါလာခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ရှိသည်ဟူသော ၎င်း၏ ပြောကြားချက်ကို လေယာဉ်အမှုထမ်းက လေယာဉ်မှူးထံ အသိပေးခဲ့သည်။

ထို့နောက် အဆိုပါ ခရီးသည် လေယာဉ်ပေါ်မှ ပြန်လည်ဆင်းသက်နိုင်ရေး လေယာဉ်မှူးသည် လေယာဉ်ပျံမတက်မီ နောက်ပြန်လှည့်ခဲ့ရသည်။

**ကျိုဒိုနယူးစ်**

# နယူးဇီလန်နိုင်ငံတွင် ကိုဗစ် -၁၉ အသစ်ကူးစက်ခံရမှု ၇၆ ဦးအထိရှိလာ

**ဝယ်လင်တန် မတ် ၂၇**

နယူးဇီလန်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုအသစ် ၇၆ ဦး မတ်၂၇ ရက်က ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်းကူးစက်ခံရသူဦးရေမှာ ၃၈၆ ဦးအထိ ရှိလာခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူဟု ယူဆရသူ ၈၅ ဦးတွေ့ရှိခဲ့ပြီး ဖြစ်နိုင်ခြေရှိသည်များကို ၂၄ နာရီအတွင်း ဖော်ပြသွားမည်ဟု ကျန်းမာရေးညွှန်ကြားရေးမှူးချုပ် အက်ရှလေဘလွန်းဖီးက ပြောသည်။

အဆိုပါ ၈၅ ဦးတွင် ၇၆ ဦးမှာ ကိုရိုနာဗိုင်းရပ်စ်ရှိသည်ဟု အတည်ပြုနိုင်ခဲ့ပြီး ကိုးဦးမှာမူ ကူးစက်နိုင်ဖွယ်ရှိသည်ဟု သိရသည်။ လူပေါင်း ၃၇ ဦးမှာပြန်လည်ကျန်းမာလာပြီဖြစ်ပြီး ရှစ်ဦးမှာ ဆေးရုံပေါ်တွင် ဆက်လက်နေရဆဲဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် ရှိ မရှိစစ်ဆေးမှုပေါင်း ၁၂၀၀၀ ပြုလုပ်ပေးနိုင်ခဲ့ပြီး တိုင်းပြည်တစ်ဝန်း စစ်ဆေးရေးနေရာများလည်း ထူထောင်ပေးခဲ့သည်။

နိုင်ငံရပ်ခြားပြန်လာသူများထံမှ ကူးစက်မှုအသစ်များ တွေ့ရပြီး ပြည်တွင်းကူးစက်မှုများကိုလည်း တွေ့ရကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။ မတ်၂၇ ရက်သည် နယူးဇီလန်နိုင်ငံတစ်ဝန်းလုံး ဝင်ခွင့်ထွက်ခွင့်ပိတ်ဆို့ထားသည့် ဒုတိယမြောက်နေ့လည်းဖြစ်သည်။

**ဆင်ဟွာ**

# ကိုရိုနာဗိုင်းရပ်စ်ကို အတူတကွ တိုက်ဖျက်သွားရန် တရုတ်သမ္မတ တိုက်တွန်း

**ပေကျင်း မတ် ၂၇**

ကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်ရာတွင် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းနှင့် အတူ ပူးပေါင်းဆောင်ရွက်ကြရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က တောင်းဆိုခဲ့သည်။ မတ် ၂၆ ရက်က ပြုလုပ်သည့် ဂျီ - ၂၀ ထိပ်သီးခေါင်းဆောင်များ ဗီဒီယိုဖြင့် ဆက်သွယ်ကာ ပြုလုပ်သည့် အစည်းအဝေးတွင် တရုတ်သမ္မတလည်း ပါဝင်ခဲ့သည်။

သမ္မတရှီက တရုတ်နိုင်ငံသည် အားသွန်ခွန်စိုက် ကြိုးပမ်းကာ အခက်အခဲကို ရင်ဆိုင်ခဲ့ကြောင်း၊ စွန့်လွှတ်အနစ်နာခံမှုများလည်း ပြုလုပ်ခဲ့ကြောင်း၊ ယင်းကြောင့် ယခုအခါ အခြေအနေများ အကောင်းဘက်သို့ တဖြည်းဖြည်း ရွေ့လျားလာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယခုအခါ ကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာ တစ်ဝန်းလုံးသို့ ပျံ့နှံ့နေကြောင်း၊ အခြေအနေများမှာ စိုးရိမ်စရာကောင်းကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းအနေဖြင့် ယုံကြည်ချက်ရှိရှိ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန် ၎င်းက တောင်းဆိုခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်သည် နယ်စည်းမခြားဘဲ အားလုံး၏ ဘုံရန်သူဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကို တားဆီးနိုင်ရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကြိုးပမ်းအားထုတ်မှုများအတွက် တရုတ်နိုင်ငံက ထောက်ပံ့လျက် ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အလုပ်သမားများ နေအိမ်၌ပင်နေကြရန် အမေရိကန်ပြည်နယ် အများစု အမိန့်ထုတ်

**နယူးယောက်   မတ် ၂၇**

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှု အရှိန်မြင့်တက်လွန်းသောကြောင့် အမေရိကန်နိုင်ငံရှိ ပြည်နယ်ထက်ဝက်ခန့်မှ အလုပ်သမားများနေအိမ်၌ပင်နေကြရန် အမိန့်ထုတ်ထားကြောင်း၊ မတ် ၂၆ ရက်တွင် ဝါရှင်တန်ဒီစီနှင့်ပြည်နယ် ၂၇ ခုတို့တွင် အလုပ်သမားများနေအိမ်၌ပင် နေကြရန် အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

မတ် ၂၈ ရက်တွင် နောက်ထပ်ပြည်နယ်နှစ်ခုတွင်လည်း အလားတူအမိန့်မျိုးထုတ်မည်ဟု မျှော်လင့်ရသည်။ ယင်းအမိန့်ထုတ်ပြန်ချက်တွင် ရဲများ၊ ကျန်းမာရေးလုပ်သားများမပါဝင်ပေ။

နယူးယောက်ပြည်နယ်တွင် သေဆုံးသူအရေအတွက်မှာ တစ်ရက်တာအတွင်း ၁၀၀ နီးပါးခုန်တက်သွားသည်ဟု နယူးယောက် အုပ်ချုပ်ရေးမှူး အန်ဒရူး ကူမိုက ပြောသည်။ ပြည်နယ်အတွင်း ဆေးရုံလိုအပ်ချက်များ များပြားလာနိုင်ကြောင်း ၎င်းက သတိပေးထားသည်။

ထိုစဉ် နယူးယောက်မြို့ရှိ စူပါမားကတ်များ၊ ကုန်စုံဆိုင်များ၊ ဆေးဆိုင်များအနေဖြင့် နံနက်စောစောတွင် သက်ကြီးရွယ်အိုများအတွက် ဖွင့်လှစ်ပေးရန် နယူးယောက်မြို့တော်ဝန် ဘေးလ်ဒီဘယ်စီယို က တောင်းဆိုထားသည်။ သက်ကြီးရွယ်အိုများသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့်ထိခိုက်မှုအများဆုံးလည်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၉၁ ဦးအထိရှိလာ

**ကဘူးလ်   မတ် ၂၇**

အာဖဂန်နစ္စတန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်မှာ ၉၁ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝါဟီဒူလာ မေယာက မတ် ၂၇ ရက်တွင် ပြောကြားခဲ့သည်။

ဟီရတ်မြို့တွင် အသစ်ကူးစက်ခံရသူ ရှစ်ဦးနှင့် နမ်ဂါဟာပြည်နယ် အရှေ့ပိုင်းနှင့် နမ်ရိုဇ်မြို့တွင် နှစ်ဦး အသစ်ထပ်မံတွေ့ရှိခဲ့သည်။ အာဖဂန်နစ္စတန်တွင် ဖေဖော်ဝါရီလအတွင်းမှစတင်ကာ ကိုရိုနာဗိုင်းရပ်စ် စတင်ကူးစက်ခံရပြီး သံသယလူနာ ၉၇၆ ဦးကို စမ်းသပ်ပေးခဲ့သည်။ ၎င်းတို့ထဲမှ ၉၁ ဦးတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်းတွေ့ရှိခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံအခြေစိုက် နေတိုးဦးဆောင်သည့်အဖွဲ့မှ တပ်ဖွဲ့ဝင်လေးဦးနှင့် နိုင်ငံခြားသံတမန် နှစ်ဦးတွင်လည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသည်။

အာဖဂန်နစ္စတန်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူများထဲမှ သုံးဦး သေဆုံးခဲ့ပြီး သုံးဦးပြန်လည်ကျန်းမာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# နှာခေါင်းစည်းတပ်ဆင်သူများနဲ့ မတပ်ဆင်ကြသူများ

ကလျာမိုးမြင့်

ယခုရက်တွေအတွင်း သင်ဟာ ဟောင်ကောင်၊ ဆိုးလ် ဒါမှမဟုတ် တိုကျိုမြို့မှာ နေထိုင်သူတစ်ယောက်ဆိုရင် နှာခေါင်းစည်းမတပ်ဘဲ အပြင်ကိုထွက်လိုက်ပြီဆိုတာနဲ့ သင့်ကိုမနှစ်မြို့တဲ့အကြည့်တွေကို ရင်ဆိုင်ရပါလိမ့်မယ်။ COVID–19 ဗိုင်းရပ်စ်လို့အမည်ပေးထားတဲ့ ကူးစက်မြန်ဗိုင်းရပ်စ်စတင်ပျံ့နှံ့ခဲ့ချိန်ကစပြီး တချို့နေရာဒေသတွေမှာ လူတွေအားလုံးနီးပါး နှာခေါင်းစည်းတွေတပ်ဆင်ထားကြတာကိုတွေ့ရပြီး နှာခေါင်းစည်းတပ်မထားတဲ့သူဟာ လူမှုရေးနယ်ပယ်မှာ ဝိုင်းပယ်ခံထားရတဲ့အထိတောင် ကြုံရပါတယ်။

## လက်ခံတဲ့နိုင်ငံတွေရှိ

သို့သော်လည်း ဗြိတိန်၊ အမေရိကန်၊ ဩစတြေးလျနဲ့ စင်ကာပူနိုင်ငံတွေကစပြီး ကမ္ဘာကြီးရဲ့ တခြားသောနေရာအများအပြားမှာ မျက်နှာပေါ်ဘာအကာအကွယ်မှမပါဘဲ လမ်းလျှောက်သွားလာနေတာကို အပြည့်အဝလက်ခံပေးလို့ရနေတုန်းပါပဲ။ နိုင်ငံအချို့မှာ နှာခေါင်းစည်းတွေနဲ့ လုံးပန်းနေချိန် ကျန်တဲ့နိုင်ငံတွေက နှာခေါင်းစည်းကို လုံးဝမတပ်ဆင်ဘဲနေတာဟာ အစိုးရရဲ့ညွှန်ကြားချက်တွေ၊ ဆေးပညာဆိုင်ရာ အကြံပြုချက်တွေနဲ့ မဆိုင်တော့ဘဲ ယဉ်ကျေးမှုနဲ့ သမိုင်းကြောင်းဆိုင်ရာတွေပါ ပါဝင်လာပါတယ်။ ဒါပေမယ့် ကပ်ရောဂါဖြစ်ပွားမှုကတော့ ပိုပြီးအခြေအနေဆိုးလာနေတုန်းပါပဲ။

## နှာခေါင်းစည်းတပ်ဆင်ဖို့လိုတဲ့ သူနှစ်မျိုး

ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားတဲ့အချိန်ကစပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်လိုက်တဲ့ တရားဝင်အကြံပြုချက်ကတော့ ရှင်းလင်းတိကျပါတယ်။ နှာခေါင်းစည်းတပ်ဆင်ရမယ့်လူ နှစ်မျိုးရှိတယ်။ တစ်မျိုးကတော့ ဖျားနာပြီး ရောဂါလက္ခဏာပြလာတဲ့လူဖြစ်၍ နောက်တစ်မျိုးကတော့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရတယ်လို့ သံသယရှိတဲ့ လူနာကို ပြုစုစောင့်ရှောက်နေတဲ့သူ အဲဒီလူနှစ်မျိုးဟာ မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်ထားရမယ့်သူတွေဖြစ်တယ်လို့ အတိအလင်းဆိုထားတာဖြစ်ပါတယ်။

ဒီတော့ ကျန်တဲ့လူတွေဟာ နှာခေါင်းစည်းတပ်ဆင်ထားဖို့မလိုအပ်ပါဘူး။ တပ်ဆင်ဖို့ မလိုတဲ့အကြောင်းပြချက်တွေလည်း ရှိပါတယ်။ အကြောင်းပြချက်တစ်ခုကတော့ နှာခေါင်းစည်းဟာ ယုံကြည်စိတ်ချရတဲ့ အကာအကွယ်ပစ္စည်းတစ်ခုလို့ မဆိုနိုင်ပါဘူး။ လက်ရှိလုပ်ဆောင်ထားတဲ့ သုတေသနပြုလေ့လာမှုတွေအရ ဗိုင်းရပ်စ်ဟာ အရည်အစက်တွေကနေ ကူးစက်နိုင်ပြီး သန့်ရှင်းမှုမရှိတဲ့ မျက်နှာပြင်တွေကို ထိတွေ့တာကနေ ကူးစက်နိုင်ပါတယ်။

## လက်ဆေးခြင်းကပို ထိရောက်

ဒီတော့ နှာခေါင်းစည်းက သင့်ကိုဘယ်လိုအချိန်မျိုးမှာအကာအကွယ်ပေးနိုင်သလဲဆိုတော့ ရောဂါကူးစက်ခံထားရတဲ့သူ တစ်ယောက်ယောက်က သင်နဲ့နီးကပ်တဲ့နေရာမှာရှိနေတဲ့အခါ ၎င်းနှာချေလိုက်တဲ့အချိန်နဲ့ ချောင်းဆိုးလိုက်တဲ့အချိန်တွေမှာ နှာခေါင်းစည်းတပ်ဆင်ထားတဲ့ သင့်ကို ကာကွယ်ပေးနိုင်ပါတယ်။ လက်ကိုဆပ်ပြာနဲ့ရေသုံးပြီး အကြိမ်ကြိမ်ဆေးတာကတော့ ဒီထက်ပိုထိရောက်တဲ့နည်းလမ်းဖြစ်တယ်လို့ ကျွမ်းကျင်သူတွေက အကြံပြုထားပါတယ်။

အာရှနိုင်ငံအချို့မှာ အခုဆိုရင် လူတိုင်းလိုလို နှာခေါင်းစည်းကို လူတိုင်းက ကန့်ကွက်မှုမရှိဘဲ တပ်ဆင်နေကြတာကိုတွေ့ရပါတယ်။ လူတွေက ဒါကိုပိုပြီးဘေးကင်းတယ်၊ တစ်ဦးနဲ့တစ်ဦးလည်း ပိုပြီးစာနာထောက်ထားရာရောက်တယ်လို့ ထင်မြင်ကြဖွယ်ရှိပါတယ်။

## လူတိုင်း ဗိုင်းရပ်စ်သယ်ဆောင်သူဖြစ်နိုင်သလား

တရုတ်ပြည်မကြီး၊ ဟောင်ကောင်၊ ဂျပန်၊ ထိုင်းနဲ့ ထိုင်ဝမ်တို့မှာ လူတိုင်းဟာ ဗိုင်းရပ်စ်သယ်ဆောင်သူဖြစ်နိုင်တယ်။ ကျန်းမာရေးဒေါင်ဒေါင်မြည်နေတဲ့သူတစ်ယောက်ဖြစ်နေပါစေ ဗိုင်းရပ်စ်သယ်ဆောင်သူတစ်ယောက်ဖြစ်လာနိုင်တယ်ဆိုတဲ့အတွေးကို ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားကြပါတယ်။ ဒီတော့ စည်းလုံးညီညွတ်ဖို့လိုတယ်ဆိုတဲ့ အသိစိတ်နဲ့ သင်ဟာ သင့်ဆီကဗိုင်းရပ်စ် တခြားသူဆီမကူးအောင်၊တခြားသူဆီက ဗိုင်းရပ်စ်လည်း သင့်ဆီကူးစက်မလာအောင် အပြန်အလှန်ကူညီတဲ့အနေနဲ့ နှာခေါင်းစည်းတပ်ဆင်ခြင်းဖြင့် ကာကွယ်ခြင်းဖြစ်တယ်ဆိုတဲ့သဘောလည်း ဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံတွေမှာ ဗိုင်းရပ်စ်ကူးစက်ခံထားရတယ်လို့အတည်ပြုခြင်းမရှိသေးတဲ့ သံသယရှိလူနာအများအပြားရှိနေပြီး မြို့ကြီးတွေမှာနေထိုင်ကြတဲ့ ပြည်သူအများစုဟာ တစ်ဦးကနေ တစ်ဦးဆီ ဗိုင်းရပ်စ်မရောက်ရှိစေရေး တားဆီးဖို့အတွက် နှာခေါင်းစည်းတွေစပြီး တပ်ဆင်နေကြပြီ ဖြစ်ပါတယ်။



ဟောင်ကောင်၌ ဗိုင်းရပ်စ်အန္တရာယ်မှ ကာကွယ်ရန် နှာခေါင်းစည်းတပ်ဆင်ထားကြသည့် ပြည်သူများ။

## မယဉ်ကျေးတဲ့အပြုအမူ

တချို့နိုင်ငံတွေမှာ နှာခေါင်းစည်းတပ်ဆင်တာဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ဖြစ်မလာခင်ကတည်းက ယဉ်ကျေးမှုဆိုင်ရာစံနှုန်းသတ်မှတ်ချက်တစ်ခုအဖြစ် ရှိနေခဲ့တာပါ။ နှာခေါင်းစည်းတွေက ဖက်ရှင်ကျတဲ့ ဖော်ပြချက်တစ်ခုဖြစ်လာတာမျိုးတောင် ရှိပါတယ်။ တစ်ခုတော့ရှိပါတယ်။ ဟောင်ကောင်မှာဆိုရင် Hello Kitty ရုပ်ပုံပါတဲ့ နှာခေါင်းစည်းတွေဟာ ပြည်သူလူထုကို အမျက်ဒေါသထွက်စေတဲ့ အကြောင်းတွေရှိခဲ့ဖူးပါတယ်။

အရှေ့အာရှဒေသမှာ လူတွေဟာ ဖျားနာတဲ့အခါ ဒါမှမဟုတ် ဖျားနာတဲ့ရာသီချိန်တွေရောက်တဲ့အခါ နှာခေါင်းစည်းတွေတပ်ဆင်လေ့ရှိကြပါတယ်။ ဘာကြောင့်လဲဆိုတော့ အကာအကွယ်မပါဘဲ လူပုံအလယ်မှာ ချောင်းဆိုးတာ၊ နှာချေတာတွေဟာ မယဉ်ကျေးဘူးလို့ ထင်မြင်ယူဆကြလို့ပါပဲ။

## အသစ်လိုဖြစ်နေဆဲ

၂၀၀၃ခုနှစ်က ဆားစ်ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားခဲ့ချိန်က ဒေသတွင်းနိုင်ငံအများအပြားအထိ ဗိုင်းရပ်စ်ပျံ့နှံ့ခဲ့ပြီး အထူးသဖြင့် ဆားစ်ဗိုင်းရပ်စ်ကြောင့် လူအများအပြားသေဆုံးခဲ့ရတဲ့ ဟောင်ကောင်မှာဆိုရင် နှာခေါင်းစည်းတပ်ဆင်တာကို အရေးတကြီးလုပ်ဆောင်ချက်တစ်ခုအနေနဲ့ ဆောင်ရွက်ခဲ့ကြပါတယ်။

ဒီတော့ လူမှုအဖွဲ့အစည်းတွေနဲ့ အနောက်နိုင်ငံက လူမှုအဖွဲ့အစည်းတွေအကြား မတူတဲ့အချက်တစ်ခုက ၎င်းတို့ဖြတ်သန်းကြုံတွေ့ခဲ့ရတဲ့ ဗိုင်းရပ်စ်ကူးစက်ခံမှုအတိတ်ဖြစ်ရပ်ဆိုးတွေဟာ အခုချိန်အထိ အသစ်လိုဖြစ်နေဆဲ၊ နာကျင်ခံစားနေရဆဲဖြစ်လို့ အနောက်နိုင်ငံတွေထက်စာရင် ဒီကိစ္စမှာပိုပြီး အထိအခိုက်မခံနိုင်အောင်ဖြစ်နေကြတဲ့သဘောမျိုး တွေ့ရနိုင်ပါတယ်။

## လေထုညစ်ညမ်းမှုကြောင့်လည်းတပ်ဆင်

ဘယ်လိုပဲဆိုဆို အရှေ့တောင်အာရှဒေသမှာတော့ အထူးသဖြင့် လူဦးရေပိုမိုထူထပ်များပြားတဲ့မြို့ကြီးတွေမှာ လူအများအပြားဟာ လေထုညစ်ညမ်းမှုကြောင့် လမ်းမတွေပေါ်သွားလာတဲ့အခါမှာ နှာခေါင်းစည်းတွေတပ်ဆင်ထားကြပါတယ်။ ဒါပေမယ့် ဒီလိုပုံစံမျိုးက အာရှရဲ့ နေရာတိုင်းမှာတော့ မတွေ့ရပါဘူး။

စင်ကာပူမှာ အစိုးရက ကျန်းမာရေးလုပ်သားတွေအတွက် ပစ္စည်းမလုံလောက်မှုမဖြစ်စေဖို့ နှာခေါင်းစည်းတွေမတပ်ဆင်ကြဖို့ တိုက်တွန်းထားပြီး ပြည်သူအများစုဟာ နှာခေါင်းစည်းတပ်ဆင်ထားခြင်းမရှိဘဲ ဟိုနားသည်နားလမ်းလျှောက်သွားလာနေကြပါတယ်။ ပြည်သူလူထုဟာ အစိုးရအပေါ်မှာ အပြည့်အဝယုံကြည်ထားတာဖြစ်တဲ့အတွက်ကြောင့်လည်း ဒီလိုအကြံပြုချက်မျိုးကို လိုက်နာဆောင်ရွက်ကြဟန်ရှိတာကိုတွေ့ရပါတယ်။ သေချာတာကတော့ လက်ရှိအချိန်အတွင်း နှာခေါင်းစည်းတွေဟာ ဈေးကွက်မှာယခင်ကထက်ကြီးမြင့်တဲ့ဈေးနှုန်းတွေနဲ့ ဈေးကွက်မှာ နေရာယူလျက်ရှိတယ်ဆိုတာပါပဲ။ ။

**ကိုးကား – အေအက်ပီ၊ဘီဘီစီ**

---

**နိုင်ငံတကာသတင်းတိုထွာ**

## COVID–19 နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်ကြရန် တူရကီသမ္မတ တိုက်တွန်း

**အစ္စတန်ဘူလ် မတ် ၂၇**

COVID–19 တိုက်ဖျက်ရေးအတွက် ကမ္ဘာနိုင်ငံများ ပူးပေါင်းဆောင်ရွက်ကြရန် တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်ကပြောကြားခဲ့သည်။ တစ်ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးပြဿနာကို နိုင်ငံအားလုံး မျှမျှတတ ပူးပေါင်းဆောင်ရွက်ကြရန် တူရကီသမ္မတက ပြောကြားခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကိုရိုနာဗိုင်းရပ်စ်နှင့်ရင်ဆိုင်ရာတွင် အခက်အခဲများရှိနိုင်ပြီး အကူအညီများ လိုအပ်နိုင်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

စစ်ဘေးဒဏ်ခံနေရသည့် ဒေသများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘဏ္ဍာရေးအရ ကူညီထောက်ပံ့မှုများ ပြုလုပ်သင့်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

တူရကီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့်သေဆုံးသူမှာ မတ် ၂၅ ရက်တွင် ၅၉ ဦးမြင့်တက်သွားပြီး ကူးစက်ခံထားရသည့်အတည်ပြုလူနာမှာ ၂၄၃၃ ဦးအထိရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် မရှိမဖြစ်လိုအပ်သည့်ကုန်ပစ္စည်းများအပေါ် ပိတ်ဆို့မှုများ ဖယ်ရှားပေးရန် ရုရှားသမ္မတက ဂျီ–၂၀ ခေါင်းဆောင်များအားတိုက်တွန်း

**မော်စကို မတ် ၂၇**

COVID–19 ဖြစ်ပွားနေချိန်တွင် မရှိမဖြစ်လိုအပ်သည့်ထောက်ပံ့ရေးပစ္စည်းများကို ပိတ်ဆို့ထားမှုများဖယ်ရှားပေးရန် ဂျီ –၂၀ ထိပ်သီးခေါင်းဆောင်များအား မတ်၂၆ ရက်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်ကတိုက်တွန်းခဲ့သည်။ ဆေးဝါး၊ အစားအသောက်၊ နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များကိုပိတ်ဆို့ထားမှုမရှိဘဲ လွတ်လပ်ခွင့်ပေးရမည့် အချိန်ဖြစ်ကြောင်း ဂျီ –၂၀ ခေါင်းဆောင်များအား သမ္မတ ပူတင်က တိုက်တွန်းခဲ့သည်။

ယခု COVID–19 ကြောင့် ကြုံတွေ့နေရသည့်ဘဏ္ဍာရေးဆိုင်ရာအခက်အခဲသည် ၂၀၀၈–၂၀၀၉ ခုနှစ်က ဘဏ္ဍာရေးအကျပ်အတည်းထက်ပို၍ဆိုးရွားကြောင်းကိုလည်း သမ္မတ ပူတင်က ပြောကြားခဲ့သည်။

အခြေအနေများ တည်ငြိမ်လာစေရေး၊ စီးပွားရေးကိုအထောက်အပံ့ပြုရန် ကမ္ဘာ့ဈေးကွက်ကို ပြန်လည်ထိန်းသိမ်းရန် ဂျီ –၂၀ တိုင်းပြည်များက ဘုံအစီအစဉ်ချမှတ်ရန် လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၇-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID–19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၂၆-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီမှ (၂၇-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီအထိ စောင့်ကြည့်လူနာအသစ် (၄၇) ဦး ရှိပါသည်။

၃။ ယနေ့ (၂၇-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအချိန်အထိ စောင့်ကြည့်လူနာ (၆၈) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲအဖြေများရရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

၄။ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၅) ဦးအနက် ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် ကုသမှုခံယူလျက်ရှိသော လူနာ (၁) ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ကုသမှုခံယူလျက်ရှိသော လူနာ (၂) ဦးနှင့် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံတွင် ကုသမှုခံယူလျက်ရှိသော လူနာ (၁) ဦး၊ စုစုပေါင်း (၄) ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိပါသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဓာတ်ခွဲအတည်ပြုလူနာအား (၂၇-၃-၂၀၂၀) ရက်နေ့၊ နံနက်ပိုင်းတွင် ဝေဘာဂီအထူးကုဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုခံယူစေခဲ့ပြီး အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိ၍ ဆေးကုသမှုပေးလျက်ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ ပြည်သူများကို COVID-19 ကူးစက်မြန်ကပ်ရောဂါနှင့် ပတ်သက်၍ လိုက်နာပူးပေါင်းဆောင်ရွက်ရမည့် အချက်များကို အသိပညာပေးခြင်းများ ကျယ်ပြန့်စွာပူးပေါင်းဆောင်ရွက်

နေပြည်တော် မတ် ၂၇

**COVID–19 ကမ္ဘာလုံးဆိုင်ရာ ကူးစက်မြန်ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်ပြီး ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ ပြည်သူများ လိုက်နာပူးပေါင်းဆောင်ရွက်ရမည့် အချက်များကို သိရှိနိုင်ရန်နှင့် သတိနှင့် ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများကို နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဒေသများရှိ အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။**

ထိုသို့ဆောင်ရွက်ရာတွင် COVID–19 ရောဂါ ကူးစက်ပျံ့နှံ့မှုများ မဖြစ်ပွားစေရန် အများပြည်သူ အလွယ်တကူ သိရှိလိုက်နာဆောင်ရွက်ရန် အချက်များ၊ COVID–19 ရောဂါဖြစ်ပွားလျှင် ခံစားရသော ရောဂါလက္ခဏာများကို သိရှိစေရန်နှင့် အဆိုပါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနကို သွားရောက်ပြသရေးအတွက် တိုက်တွန်းနှိုးဆော်မှုများ၊ COVID–19 ရောဂါ ဖြစ်ပွားပါက အသက်ကြီးသူများ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါရှိသူများ၊ ကိုယ်ခံအားနည်းသူများတွင် ပိုမိုပြင်းထန်စွာ ခံစားရနိုင်မှုများ၊ လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာတွင် နေထိုင်ရန်နှင့် ချောင်းဆိုး၊ နှာချေလျှင် တစ်ရှူး၊ တံတောင်ဆစ်နှင့် ကာရန် လိုအပ်မှုများ၊ COVID–19 ရောဂါသည် လက်မှတစ်ဆင့် မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့ကို ထိတွေ့ကိုင်တွယ်ရာမှ ကူးစက်နိုင်မှုများ၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်း ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးကြရန် လိုအပ်မှုများ၊ လူစုလူဝေးရှောင်ကြဉ်ရန်နှင့် ကိုယ်ခံအားကောင်းစေရန်အတွက် သန့်ရှင်းပြီး အာဟာရရှိသော အစားအသောက်များကို ချက်ပြုတ်စားသောက်ရန် လိုအပ်မှုများ၊ ရောဂါကူးစက်ရာဒေသနှင့် နိုင်ငံခြားတိုင်းပြည်များမှ ပြန်လာသူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များအတိုင်း လိုအပ်ချက်အရ အသွားအလာကန့်သတ်ခြင်း (Quarantine) နှင့် ရောဂါရှိသူအား သီးခြားထားရှိခြင်း (Isolation) လုပ်ငန်းများတွင် တာဝန်သိစွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မှုများ၊ ပြည်သူများကလည်း မိမိတို့ ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှ ပြန်ရောက်လာသူများ ရှိပါက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် သတင်းပို့ကြရန် လိုအပ်မှုများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ မည်သူမဆို ပေါ့ဆစွာဆောင်ရွက်မှုကြောင့်ဖြစ်စေ၊ တမင်ပြုလုပ်မှုကြောင့်ဖြစ်စေ၊ ဘေးအန္တရာယ်ဖြစ်ပေါ်လျှင်သော် လည်းကောင်း၊ အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် သတင်းလွှင့်လျှင်သော် လည်းကောင်း ဥပဒေအရ အပြစ်ပေး အရေးယူခံရနိုင်မှုများ၊ ပြည်သူများအနေဖြင့် ဥပဒေကိုသိရှိပြီး လိုက်နာဆောင်ရွက်ရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သော ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပေးကြရန်နှင့် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ကြရန် လိုအပ်မှုများကို လက်ကိုင်အသံချဲ့စက်များ၊ အသံချဲ့စက်များဖြင့် ရပ်ကွက်နှင့် ကျေးရွာများအတွင်း လှည့်လည်နှိုးဆော်ခြင်းများ၊ အသိပေးပန်ကြားခြင်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကရင်ပြည်နယ် ဘားအံမြို့တွင် COVID–19 ကပ်ရောဂါနှင့် ပတ်သက်၍ အသိပညာပေးဆောင်ရွက်စဉ်။



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် COVID–19 ကပ်ရောဂါနှင့် ပတ်သက်၍ အသိပညာပေးလှည့်လည်ဆောင်ရွက်နေစဉ်။




ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် COVID–19 ကပ်ရောဂါနှင့် ပတ်သက်၍ အသိပညာပေးဆောင်ရွက်စဉ်။



ချင်းပြည်နယ် ဟားခါးမြို့တွင် COVID–19 ကပ်ရောဂါနှင့် ပတ်သက်၍ အသိပညာပေးဆောင်ရွက်စဉ်။

# အိမ်ပြင်မထွက် အသက်ရှည်စေ - ၂

ပါမောက္ခ ဒေါက်တာမောင်



COVID–19 ရောဂါသည် လူသားများဆီသို့ အရှိန်အဟုန်နှင့် ပြေးလာနေသည်။

ရက်ပိုင်းအတွင်း တစ်မြို့လုံး သို့မဟုတ် တစ်နယ်လုံးသို့ ပျံ့နှံ့သွားနိုင်သည်။ ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် (မတ်လ ၂၇ ရက်နေ့အထိ) သေဆုံးသူနှစ်သောင်းခြောက်ထောင်ကျော်နှင့် အတည်ပြုလူနာငါးသိန်းခုနစ်သောင်းကျော် ရှိနေပြီဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က "ရက်ပေါင်း ၆၇ ရက်အတွင်း ဖြစ်ပွားသည့်အရေအတွက် တစ်သိန်းရောက်ရှိလာပြီး နောက်ထပ် ၁၁ ရက်အတွင်း နှစ်သိန်းအထိ တိုးလာကြောင်းနှင့် နောက်ထပ် လေးရက်အတွင်း သုံးသိန်းကျော်အထိ မြင့်တက်လာခဲ့ကြောင်း" ပြောကြားခဲ့သည်။ ထို့ကြောင့် "ကူးစက်မှုရပ်တန့်ရန် အိမ်တွင်း၌သာ နေကြရန်" လည်း တောင်းဆိုထားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ်တွင် လူနာများ တိုးပွားလာသည်နှင့် ၁၀ ရက်အတွင်း ဆေးရုံနှစ်ရုံ အပြီးတည်ဆောက်ခဲ့သည်။ သို့တိုင် ရက်ပိုင်းအတွင်း လူနာများ ပြည့်လျှံသွားခဲ့ပြန်သည်။ ရှိသမျှဆရာဝန်များကို ပြန်လည်ခေါ်ယူခဲ့ရသည်။ ရက်တိုသူနာပြုသင်တန်းများဖြင့် သူနာပြုများ ဖြည့်ဆည်းပေးရသည်။ ကာကွယ်ရေးဝတ်စုံများ လုံလောက်စွာ မလဲလှယ်နိုင်တော့သဖြင့် ကျန်းမာရေးဝန်ထမ်းများစွာ ကူးစက်ခံကြရပြီး ၁၄ ရက် စောင့်ကြည့်စာရင်းထဲ ဝင်သွားကြသည်။ အချို့လည်း သေဆုံးသွားကြသည်။ ထိုအခါ တစ်ဖက်မှ တိုးပွားနေသော လူနာအရေအတွက်ကြောင့် ဆေးရုံ၏အခြေအနေမှာ ပိုမိုဆိုးရွားလာတော့သည်။

ထိုအခြေအနေမျိုး ရောက်မလာရန်နှင့် ရုတ်တရက် ချက်ချင်း လူနာအရေအတွက်များစွာ ပေါ်ပေါက်မလာရန် ပြုလုပ်ရမည့် တစ်ခုတည်းသောနည်းမှာ လူများအားလုံး မိမိအသိစိတ်နှင့် အိမ်တွင်း၌သာ နေထိုင်ရန် ဖြစ်သည်။ သို့မဟုတ် အိမ်တွင်း၌သာနေထိုင်ရန် စောင့်ကြည့်ခံရလျှင်လည်း တိကျစွာလိုက်နာရန် ဖြစ်သည်။

**ဖြစ်ပွားနှုန်းကို လျော့နည်းစေသော**
**အိမ်တွင်း၌ နေထိုင်ခြင်း (Quarantine)**

စောင့်ကြည့်ခြင်း (Quarantine) သည် ရောဂါလက္ခဏာ မရှိသေးသော်လည်း အတည်ပြုလူနာနှင့် ထိတွေ့မှုရှိခဲ့သောသူများ၊ ရောဂါပြန့်ပွားနေသော ဒေသမှ ရောက်ရှိလာသူများကို အိမ်တွင်း၌ နေထိုင်စေခြင်းဖြစ်သည်။ Quarantine သည် ဖြစ်ပွားနှုန်းကို လျှော့ချနိုင်ရန် ရိုးရှင်းပြီး ထိရောက်သောနည်းဖြစ်သည်။

ထိုနည်း၏ ထိရောက်ပုံကို ၁၉၁၈ ခုနှစ်တွင် ဖြစ်ပွားသော ကမ္ဘာ့တုပ်ကွေးကပ်ရောဂါကို ထိန်းချုပ်စဉ်က စတင်သတိပြုမိခဲ့ကြသည်။ အမေရိကန်နိုင်ငံ ဖီလာဒါးဖီးယားမြို့တွင် ပထမဦးဆုံးလူနာကို စက်တင်ဘာ ၁၇ ရက်နေ့တွင် စတင်တွေ့ရှိခဲ့သည်။ ချက်ချင်း Quarantine မလုပ်ခဲ့ဘဲ လူများ အိမ်ထဲတွင်နေဖို့ အမိန့်ကိုလည်း မထုတ်ပြန်ခဲ့ချေ။ ရောဂါဖြစ်သူများ အလျင်အမြန်တိုးလာပြီး အောက်တိုဘာလလယ်တွင် သေဆုံးသူ ၃၀၀ နီးပါး ဖြစ်လာခဲ့သည်။ စိန့်လူဝစ်မြို့တွင် တစ်ချိန်တည်းတွင် ရောဂါရှိသူတွေ့ရှိခဲ့ပြီး ချက်ချင်း Quarantine ပြုလုပ်ခဲ့ပြီး လူများအိမ်ထဲတွင်နေဖို့ အမိန့်ကို ထုတ်ပြန်ခဲ့သည်။ အောက်တိုဘာလလယ်တွင် သေဆုံးသူ ၂၅ ဦးသာရှိခဲ့သည်။

ဝူဟန်မြို့သည် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် မြို့ကို အလုံပိတ်လိုက်ပြီး ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကျန်မြို့ကြီး ၁၅ မြို့ကိုလည်း ပိတ်လိုက်သည်။ ထိုအချိန်မှစ၍ ဖြစ်ပွားနှုန်းတန့်သွားပြီး နှစ်ရက်အကြာတွင် ပြန်လည်ကျဆင်းလာသည်။

**အီတလီနိုင်ငံမှ သင်ခန်းစာ**

အီတလီနိုင်ငံသည် Quarantine နောက်ကျခဲ့သဖြင့် COVID–19 အထိအနာဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။

> **"စောင့်ကြည့်ခြင်း (Quarantine) သည် ရောဂါလက္ခဏာ မရှိသေးသော်လည်း အတည်ပြုလူနာနှင့် ထိတွေ့မှုရှိခဲ့သောသူများ၊ ရောဂါပြန့်ပွားနေသော ဒေသမှ ရောက်ရှိလာသူများကို အိမ်တွင်း၌ နေထိုင်စေခြင်းဖြစ်သည်။ Quarantine သည် ဖြစ်ပွားနှုန်းကို လျှော့ချနိုင်ရန် ရိုးရှင်းပြီး ထိရောက်သောနည်းဖြစ်"**

COVID–19 ပထမဦးဆုံးသော လူနာတွေ့ရှိခဲ့ပြီး တစ်လမပြည့်မီ လူနာအများဆုံးနှင့် အသေအပျောက်အများဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် အသက် ၃၈ နှစ်အရွယ် အမျိုးသားတစ်ဦး၌ ရောဂါစတွေ့ရှိချိန်တွင် နိုင်ငံအာဏာပိုင်များသည် စီးပွားရေးကဏ္ဍကို ဦးစားပေးခဲ့ကြပြီး Quarantine ကို ထိရောက်စွာမလုပ်ခဲ့ကြချေ။ ယနေ့အချိန်(မတ်လ ၂၆ ရက်နေ့) အထိ ကိန်းဂဏန်းများအရ အတည်ပြုလူနာပေါင်း ၆၃၉၂၇ ဦးနှင့် သေဆုံးသူပေါင်း ၆၀၇၇ ဦးရှိနေပြီဖြစ်သည်။ မတ်လ ၂၅ ရက်နေ့ တစ်နေ့တည်းတွင် လူနာ ၅၂၁၀ တိုးလာခဲ့သည်။ စတင်ဖြစ်ပွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သေဆုံးသူပေါင်း ၃၂၈၃ ဦးသာရှိခဲ့သည်။

အီတလီမြောက်ပိုင်း မြို့တစ်မြို့(Bergamo)တွင် သေဆုံးသူများ အလွန်များသဖြင့် ရုပ်ကြွင်းများကို သင်္ဂြိုဟ်ရာတွင် တပ်၏အကူအညီကို ယူခဲ့ရသည်။ နံနက်အရုဏ်တက်ချိန်တွင် အခေါင်းများတင်ဆောင်ထားသော စစ်ကားများ မြို့ထဲမှ ထွက်ခွာသွားသောအသံကို မြို့သူမြို့သားများ ကြားလိုက်ကြရသည်။ ယနေ့အချိန်တွင် အီတလီနိုင်ငံ ဆေးရုံများရှိ ဆရာဝန်/ဆရာမများသည် အဆမတန်များသော လူနာများ၏တာဝန်ကို အသက်နှင့်ရင်း၍ ထမ်းဆောင်နေကြရသည်။

ဤအဖြစ်ဆိုးအားလုံးသည် Quarantine ကို လျင်မြန်စွာမလုပ်နိုင်ခဲ့ခြင်းမှ စတင်ခဲ့သည်။ အိမ်ထဲတွင် မနေခဲ့ကြခြင်းမှ စတင်ခဲ့သည်။

**Quarantine ၏ ထိရောက်မှု**

ကိုရိုနာဗိုင်းရပ်စ်သည် လူတစ်ဦးမှတစ်ဦးသို့ ခုန်ပျံ၍ကူးလာခြင်း မဟုတ်ပါ။ ခြေထောက်ပေါက်၍ လျှောက်လာခြင်းလည်း မဟုတ်ပါ။

နှာချေချောင်းဆိုးရာမှ ထွက်လာသော တံတွေးသလိပ်အမှုန်အမွှားများနှင့်အတူ ထွက်လာပြီး နှစ်မီတာ (၆ ပေ) အတွင်းရှိ အခြားသူတစ်ဦးအား ကူးစက်သွားခြင်းဖြစ်သည်။ သို့မဟုတ် အဝတ်အစားများ၊ အသုံးအဆောင်များ၊ သတ္တု၊ ကြွေထည်နှင့် ပလတ်စတစ်များပေါ်သို့ ကျရောက်သွားလျှင် ကိုးရက်ကြာသည်အထိ တွယ်ကပ်၍ ကူးစက်နိုင်စွမ်းရှိနေသည်။ ထို့ကြောင့် စားပွဲမျက်နှာပြင်များ၊ တံခါးလက်ကိုင်ဖုများ၊ လှေကားလက်ရန်းများသည် ရောဂါဖြန့်ဖြူးရာနေရာများ ဖြစ်လာသည်။ ထိုကူးစက်မှုကို ဖြတ်တောက်ရန်မှာ လက်ကို မကြာခဏ စနစ်တကျဆေးကြောခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး ထိတွေ့မှုမရှိစေသော Quarantine ပြုလုပ်ခြင်းတို့ဖြစ်သည်။

Quarantine ပြုလုပ်ခြင်းသည် နည်းလမ်းလေးမျိုးနှင့် ကျေးဇူးပြုနေသည် –

၁။ လူအချင်းချင်း ထိတွေ့မှုနည်းသွားသောကြောင့် ရောဂါကူးစက်မှုနှုန်း လျော့နည်းသွားသည်။

၂။ ရောဂါကူးစက်မှုနှုန်း လျော့နည်းသွားသောကြောင့် အချိန်တိုအတွင်း ရုတ်တရက် လူနာများ တိုးပွားလာခြင်းမရှိသဖြင့် ဆေးရုံဝန်ထမ်းများသည် ရောက်ရှိနေသော လူနာများကို နိုင်နင်းထိရောက်စွာ ကုသပေးနိုင်သည်။

၃။ နိုင်နင်းထိရောက်စွာ ကုသပေးနိုင်သောကြောင့် သေဆုံးမှုနှုန်း လျော့နည်းလာသည်။

၄။ အရေးကြီးဆုံးမှာ ကာကွယ်ဆေး (Vaccine) ထုတ်လုပ်ရန် အချိန်ပိုရလာခြင်းဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်သည် အလွယ်တကူ ဗီဇပြောင်းလဲခြင်းမရှိသဖြင့် ထွက်ပေါ်လာမည့် ကာကွယ်ဆေးသည် ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်သည်။

**အိမ်ပြင်မထွက် အသက်ရှည်စေ**

COVID–19 ကို ထိန်းချုပ်နိုင်သော တစ်ခုတည်းသော နည်းလမ်းမှာ မိမိအသိနှင့်မိမိ အိမ်ပြင်မထွက်ဘဲနေခြင်း သို့မဟုတ် အိမ်တွင် Quarantine ပြုလုပ်ခံရပါကလည်း Quarantine၏ သဘောတရားကို နားလည်ပြီး ညွှန်ကြားသည့်အတိုင်း တိကျစွာလိုက်နာခြင်း ဖြစ်သည်။

ထို့ကြောင့် ယခုအချိန်တွင် အိမ်ပြင်မထွက်ခြင်းသည် အသက်ရှည်စေခြင်းဖြစ်ကြောင်း ထပ်မံတင်ပြလိုက်ပါသည်။ ။

**ရည်ညွှန်း**

1. Flattening the COVID–19 Curves.
   https://blogs.scientificamerican.com
2. Lessons from Italy on coronavirus.
   Standard Digital Media.
   www. standardmedia.co.ke/health
3. The Washington Post. March 10, 2020.

# ဘားအံမြို့ပေါ်ရှိ ဈေးများတွင် COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးများပက်ဖျန်း

**ဘားအံ မတ် ၂၇**

ကရင်ပြည်နယ် ဘားအံမြို့ပေါ်ရှိ ဈေးများတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာနနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေး ကလိုရင်းဆေးရည်(ပိုးသတ်ဆေး)များ ပက်ဖျန်းပေးလျက်ရှိကြောင်း သိရသည်။



ဘားအံမြို့ပေါ်တွင် လူအများစည်ကားသည့် ဈေးခြောက်ဈေးရှိပြီး ဘားအံမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးဇော်လင်းထွန်းတို့၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ဈေးသူဈေးသားများ ပူးပေါင်း၍ မတ် ၂၄ ရက်က ကမ်းနားလမ်းညဈေးတန်းနှင့် ကန်သာယာညဈေးတန်း၊ မတ် ၂၅ ရက်တွင် ဘားအံမြို့မဈေးကြီးနှင့် အမှတ်(၁)စံပြဈေးကြီး၊ မတ် ၂၆ ရက်တွင် အမှတ်(၂) စံပြဈေးကြီး(မဲဘောင်)တို့တွင် ဘက်တီးရီးယားနှင့် ရောဂါပိုးမွှားများ ရှင်သန်ပေါက်ပွားမှုမရှိစေရေး၊ ရေဆိုးစွန့်ပစ်မြောင်းများတွင် ရေစီးရေလာကောင်းမွန်ရေး၊ အမှိုက်ကင်းစင်၍ ဈေးအတွင်း သန့်ရှင်းသာယာလှပရေးနှင့် COVID–19 ကူးစက်မြန်ရောဂါ ကြိုတင်ကာကွယ်ရေး အနေဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်၍ ကလိုရင်း (ပိုးသတ်ဆေး)များ ပက်ဖျန်းခဲ့သည်။

ထိုသို့ ပိုးသတ်ဆေးပက်ဖျန်းရာတွင် အများပြည်သူ စိတ်အနှောင့်အယှက်မဖြစ်စေရေးအတွက် ဈေးသူဈေးသားနှင့် ဈေးဝယ်သူ နည်းပါးချိန်ကို ရွေးချယ်ပက်ဖျန်းခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပက်ဖျန်းခြင်းဖြစ်သည့်အတွက် ဘေးအန္တရာယ်မရှိကြောင်း၊ ဘားအံမြို့ပေါ်တွင် ကျန်ရှိသည့် သံလွင်ဈေး၊ သီရိဈေး၊ မာန်အောင်ဈေးနှင့် လူစည်ကားရာနေရာများတွင်လည်း ပိုးသတ်ဆေးများ ပက်ဖျန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် ဘားအံမြို့တွင် COVID–19 ကူးစက်မြန်ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး အများပြည်သူတို့၏ စားဝတ်နေရေး အခက်အခဲမရှိစေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ အခက်အခဲမရှိစေရေးအတွက် ဈေးများကို ပိတ်သိမ်းသွားမည် မဟုတ်ဘဲ နေ့စဉ်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## သထုံ၌ နေရပ်ပြန် ၁၂ ဦးကို ဆေးရုံတွင်ထားရှိ၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေး

**သုဝဏ္ဏဝတီ မတ် ၂၇**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ပတ်ဝန်းကျင်ကျေးရွာများမှ နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်၍ ပြန်လာကြသော ပြည်သူများအား စာရင်းကောက်ယူ၍ COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာမှ စစ်ဆေးဆောင်ရွက်ပေးနေကြောင်း သိရသည်။

ရောဂါနှင့်ပတ်သက်၍ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့် ရောဂါမပြန့်ပွားအောင် အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ ရပ်ကွက်၊ ကျေးရွာများအတွင်း လူစုလူဝေးများ မဖြစ်ပေါ်စေရန်အတွက် ပွဲလမ်းသဘင်များ မကျင်းပရန်၊ ကူးစက်ပြန့်ပွားမှုများ မဖြစ်ပေါ်စေရန်၊ မလိုအပ်ဘဲ ခရီးသွားလာခြင်းများ မပြုရန် အသိပညာပေး၍ နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်ပြီး နေရပ်ပြန်လာသူများအား မြို့အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်ဝင်းနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများ ပူးပေါင်း၍ စာရင်းကောက်ယူပြီး အိမ်တိုင်ရာရောက် သတိပေး၊ စည်းရုံး၊ ပြောဆို၍ ဆေးရုံသို့ပို့ဆောင် ဆေးစစ်ပေးနေကြောင်း သိရသည်။

ယခုအချိန်သည် ဒေသတွင်း အလှူအတန်း၊ ပွဲလမ်းသဘင်၊ သင်္ကြန်ပွဲတော်များ ကျင်းပသည့် အချိန်ကာလဖြစ်သောကြောင့် နိုင်ငံခြားတွင် အလုပ်လုပ်ကိုင် ပြန်လာသူများ အများအပြားရှိနေကြောင်း သိရသည့်အပြင် မတ် ၂၇ ရက် ညနေအထိ သထုံမြို့နယ်အတွင်း ကျေးရွာများမှ နေရပ်ပြန်သူ စုစုပေါင်း ၁၂ ဦးအား စောင့်ကြည့်လူနာအဖြစ် ဖော်ထုတ်တွေ့ရှိရပြီး တိုင်းရင်းဆေးရုံ(သထုံ)သို့ ပို့ဆောင်၍ ဗိုင်းရပ် ပိုး ရှိ မရှိ စစ်ဆေးနေကြောင်း သထုံခရိုင်ပြည်သူ့ကျန်းမာရေး အရေးပေါ် တုံ့ပြန်ရေးဌာနမှ သိရသည်။

**ခွန်(ဝင်းပ)**

## ငါးသိုင်းချောင်းမြို့၌ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ငါးသိုင်းချောင်း မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ မတ် ၂၇ ရက် နံနက်ပိုင်းက ငဝန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်အတွင်းရှိ လမ်းဆုံလမ်းခွနေရာများ၊ မြို့စည်ပင်သာယာမြို့မဈေး၊ အောင်ဆန်းရပ်ကွက်ဈေးနေရာများ၌ လက်ဆေးရန် နေရာများထားရှိ၍ လက်ဆေးခြင်း လက်တွေ့သရုပ်ပြဆောင်ရွက်ပေးခြင်း၊ COVID–19 ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဆိုင်းဘုတ်များ မြို့အနှံ့စိုက်ထူပညာပေးပြသထားခြင်း၊ မြို့မဈေးအတွင်း၌ ပိုးသတ်ဆေးဖျန်းသန့်ရှင်း ဆောင်ရွက်ပေးခြင်းတို့ကို မြို့ပြည်သူ့ဆေးရုံ ဆရာဝန်ဒေါက်တာနေဝင်းထွန်းနှင့် ကျန်းမာရေးဌာနဝန်ထမ်းများ၊ မြို့စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများက လိုက်လံဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ပြည်ပနိုင်ငံများမှ ငါးသိုင်းချောင်းမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများသို့ ပြန်လည်ရောက်ရှိလာကြသူများအတွက် ကန့်သတ်စောင့်ကြည့်ရေးစင်တာကို ငါးသိုင်းချောင်းမြို့ အ-ထ-က ကျောင်း၌ ဖွင့်လှစ်ထားရှိရာ မတ် ၂၇ ရက် နံနက်ပိုင်းတွင် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား အပူချိန်တိုင်းစောင့်ကြည့်စစ်ဆေးခြင်း၊ နေရာကန့်သတ်စောင့်ကြည့်မှုခံယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေး စစ်ဆေးစောင့်ကြည့်ခြင်းများကို သက်ဆိုင်ရာကော်မတီတာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိသည်။ ယနေ့ နံနက်ပိုင်းအချိန်အထိ အဆိုပါစင်တာတွင် နေရာကန့်သတ်စောင့်ကြည့်မှုခံယူသူ ၁၆ ဦးရှိပြီး ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ စောင့်ကြည့်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိအချိန်တွင် ငါးသိုင်းချောင်းမြို့၌ စည်ပင်သာယာမြို့မဈေး၊ အောင်ဆန်းရပ်ကွက်ဈေးများ ဖွင့်လှစ်ထားရှိပြီး ဒေသခံပြည်သူများ ပုံမှန်ဆက်သွယ်သွားလာ ရောင်းဝယ်လျက်ရှိနေကြောင်း သိရှိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

## ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ထိန်းချုပ်ရေး ရဲတပ်ဖွဲ့နှင့် ကြက်ခြေနီပူးပေါင်းအသိပညာပေး

**ရန်ကုန် မတ် ၂၇**

လှိုင်သာယာမြို့နယ်တွင် ပြည်သူများ ကျန်းမာရေးအသိ ပိုမိုသိရှိလိုက်နာစေရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတို့ ပူးပေါင်း၍ လူစည်ကားရာ ဈေးတို့တွင် ကမ္ဘာ့ကပ်ရောဂါ ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် အသိပေးဆိုင်းဘုတ်လှဲ့ဆော်ခြင်းကို ယနေ့ နံနက်က ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**




လူနှင့်ယာဉ် ဖြတ်သန်းသွားလာမှုများသော ဘုရားလမ်းဆုံရှိ ကျန်စစ်သားလမ်းမကြီးတွင် ကမ္ဘာ့ကပ်ရောဂါ (ကိုရိုနာ)မဖြစ်စေဖို့ စက္ကန့် ၂၀ ကြာ လက်ဆေးပါ၊ နှာချေချောင်းဆိုးလျှင်ဖုံးအုပ်ပါ၊ လူထူထပ်တဲ့နေရာ မသွားပါနှင့် စသောစာတန်းများနှင့် အတူ ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရပါက ချောင်းဆိုး၊ အဖျားတက်၊ အသက်ရှူကျပ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးပြသရန် လက်ကိုင်ဆိုင်းဘုတ်များဖြင့် အသိပညာပေးခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။

"မြို့နယ်အုပ်ချုပ်ရေး၊ ကျန်းမာရေးနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။တကယ်လို့ ရောဂါဖြစ်ပွားခဲ့ရင် စက်ရုံ၊ စားသောက်ဆိုင်တွေ ပိတ်တဲ့အတွက် အလုပ်လက်မဲ့တွေ များလာနိုင်တယ်။ လုယက်မှုနဲ့ အခြားပြစ်မှုတွေ မဖြစ်ပွားအောင် ရဲကင်းတွေ ဖွဲ့ပြီး ကြိုတင်စီမံမှုတွေ လုပ်ဆောင်ထားပါတယ်။ ပြီးတော့ ဒီနေ့ ကြက်ခြေနီနဲ့ အသိပညာပေးတွေ လုပ်ဆောင်ပြီးတော့ ယခင်ရက်တွေက လွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး လူစည်ကားတဲ့နေရာတွေမှာ လက်ကမ်းစာစောင်တွေ ဖြန့်ဝေခဲ့ပါတယ်။ ရဲတပ်ဖွဲ့အနေနဲ့ ရောဂါကာကွယ် ထိန်းချုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိနေပါတယ်"ဟု မြို့နယ်(အရှေ့ပိုင်း) ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်ဇော်က ပြောသည်။

လှိုင်သာယာမြို့နယ် ဈေးများနှင့် ကားမှတ်တိုင်များ၊ ရန်ကုန်-ပုသိမ်ကားလမ်း၊ ညောင်တုန်းကားလမ်းနှင့် အနော်ရထာ ကားလမ်းမကြီး တစ်လျှောက်ရှိ လူ၊ ယာဉ်နှင့် စက်ရုံလုပ်သား မပြတ်သောနေရာတို့၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် အုပ်ချုပ်ရေးတို့ ဆောင်ရွက်လျက်ရှိပြီး ရဲတပ်ဖွဲ့နှင့် ကြက်ခြေနီတို့ ပူးပေါင်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေး အသိပညာပေးခဲ့ကြောင်း သိရသည်။ **၁၆၄**

**ဓာတ်ပုံ – အောင်သန်းဦး**

## မရမ်းကုန်းမြို့နယ် ရပ်ကွက် ၁၀ ခုအတွင်း ပြည်ပမှ ပြန်ရောက်လာသူ ၁၁၀ အား ဟိုတယ်နှစ်ခုတွင်ခွဲ၍ ၁၄ ရက် စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အားလုံးကျန်းမာရေးကောင်းမွန်လျက်ရှိ

ရန်ကုန် မတ် ၂၇

**ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ရပ်ကွက် ၁၀ ခုအတွင်း ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ပါဝင်သော အဖွဲ့ဝင် ကိုးဦးနှင့် သတင်းကွန်ရက်အဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ပါဝင်သော အဖွဲ့ဝင် ၁၁ ဦးနှင့်လည်း သတင်းယူ/သတင်းပေး ကွန်ရက်များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်ကွက်အလိုက်၊ လမ်းအလိုက် အသံချဲ့စက်များနှင့် နှိုးဆော်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လက်ဆေးကန်များထားရှိခြင်းများ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။**

"မတ် ၂၄ ရက်ကစပြီး ကျွန်တော်တို့ မရမ်းကုန်းမြို့နယ်ကို အမေရိကန်၊ အင်္ဂလန်နိုင်ငံကို ဆေးကျောင်းသွားတက်တဲ့ ဆရာဝန်လောင်းကျောင်းသားကျောင်းသူတွေ ပြန်ရောက် လာတာများပါတယ်။ (၆) ရပ်ကွက် ၇ မိုင်ဟိုတယ်မှာ ၅၇ ဦး ထားပါတယ်။ (၈ )ရပ်ကွက် ဂန္ဓမာဟိုတယ်မှာ ၅၃ ဦးထားပါတယ်။ စုစုပေါင်း ၁၁၀ ကို ၁၄ ရက် စောင့်ကြပ်ကြည့်ရှုမှု ဆောင်ရွက်နေပါတယ်။ စားသောက်နေထိုင်မှု အားလုံးကိုတော့ ဟိုတယ်က တာဝန်ယူထားပါတယ်။ ဒီရက်ထဲ ထိုင်းနိုင်ငံက အမျိုးသား တစ်ဦး၊ အမျိုးသမီး ငါးဦး နေအိမ်မှာပဲ မိသားစုနဲ့ ထားပြီး စောင့်ကြပ်ကြည့်ရှုထားပါတယ်။ အားလုံးကျန်းမာရေးကောင်းမွန်နေပါတယ်" ဟု မရမ်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်က ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ မရမ်းကုန်းမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများအလိုက် အလှူအတန်းပြုလုပ်ခြင်း၊ တရားပွဲများ အပါအဝင် ပျော်ပွဲရွှင်ပွဲ လူစုလူဝေး မပြုလုပ်ရန်နှင့် COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် မြို့နယ်တွင် အရေးပေါ်ဖွဲ့စည်းထားရှိသော သတင်းကွန်ရက်အဖွဲ့မှ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက ပြည်ပမှ ပြန်ရောက်လာသူ ၄၅၀ အတွက် မရမ်းကုန်းမြို့နယ် အထက(၁) နှင့် အထက(၂) တွင် စောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**




# COVID -19 ကြိုတင်ကာကွယ်နိုင်ရန် ဟုမ္မလင်းမြို့ပေါ်ရှိ ကုန်စုံဆိုင်၊ စားသောက်ဆိုင်များတွင် လက်ဆေးကန်များ ထားရှိဆောင်ရွက်ပေးကြရန် အသိပညာပေးဆောင်ရွက်


**ဟုမ္မလင်း မတ် ၂၇**

ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့က COVID–19 ကြိုတင်ကာကွယ်ရေးအတွက် ဟုမ္မလင်းမြို့ပေါ်ရှိ ဈေးဆိုင်များ၊ ကုန်စုံဆိုင်၊ စားသောက်ဆိုင် အစရှိသည့် ဈေးဆိုင်များတွင် ဈေးဝယ်သူများအား လက်ဆေးခြင်းများ ဆောင်ရွက်စေရန်အတွက် လက်ဆေးကန်ထားရှိကြရန်နှင့် စားသောက်ဆိုင်များအတွင်း စားပွဲ၊ ထိုင်ခုံများကိုလည်း သုံးပေအကွာ ထားရှိဆောင်ရွက်ကြရန် အသိပညာပေးခြင်းကို ယမန်နေ့က မြို့ပေါ် ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့ကြသည်။**(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဒေါ်စန်းယဉ်နှင့် ဝန်ထမ်းများက COVID–19 ကြိုတင်ကာကွယ်နိုင်ရေးအတွက် လက်ဆေးကန်များကို ဈေးအဝင်အထွက်နှင့် လူစည်ကားရာနေရာများတွင် ထားရှိကာ ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်သူများအား လက်ဆေးကန်များ၌ လက်ဆေးခြင်းပြုလုပ်ကြရန်နှင့် ကုန်စုံဆိုင်၊ စားသောက်ဆိုင် အစရှိသည့် ဈေးဆိုင်ပိုင်ရှင်များထံသို့ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**လင်းလင်း (ပြန်/ဆက်)**






COVID – 19 ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး ဦးအေးမြင့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ မတ် ၂၇ ရက်က ရွှေဘိုမြို့ နေရာအနှံ့တွင် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။ မိုးသောက် (ရွှေဘို)

## 2019 Novel Coronavirus အဆုတ်ရောင်ရောဂါ ကာကွယ်နိုင်ရန် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုခြင်းဆိုင်ရာ အကြံပြုချက်များ

- ဖျားခြင်း၊ နှာချေ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာရှိသူများသည် ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို အနီးကပ် ပြုစုစောင့်ရှောက်နေသူများသည်လည်း ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို ပြုစုကုသနေသော ကျန်းမာရေးဝန်ထမ်းများအနေဖြင့်မူ အခြေအနေအပေါ် မူတည်၍ ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) သို့မဟုတ် N95 Mask ကို အသုံးပြုရပါမည်။

**အထက်ပါအခြေအနေများမှလွဲ၍ သာမန်ပြည်သူများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုရန် မလိုအပ်ပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပြုထားပါသည်။**

## ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုရာတွင် လိုက်နာရမည့်အချက်များ

- Surgical Mask ကို အသုံးပြုရာတွင် အရောင်ပိုရင့်သည့် မျက်နှာပြင်ကို အပြင်ဘက်တွင် ထားရှိပါ၊
- ပါးစပ်နှင့်နှာခေါင်း နှစ်ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ၊
- Mask ၏ ဘေးအနားစွန်းများနှင့် မိမိ၏ မျက်နှာကြားတွင် လစ်ဟာမှု (Gap) မရှိစေရပါ၊
- Mask အသုံးပြုနေစဉ် Mask ကို လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်း မပြုရပါ၊
- Mask ကို ဖယ်ရှားမည်ဆိုပါက Mask အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်ဖယ်ရှားပါ၊
- Mask ကို ဖယ်ရှားပြီးပါက မိမိ၏ လက်ကို စနစ်တကျ ပြန်လည်ဆေးကြောပါ၊
- မိမိအသုံးပြုနေသော Mask သည် စိုစွတ်လာပါက Mask အသစ်တစ်ခုနှင့် လဲလှယ်သုံးပြုပါ၊
- အသုံးပြုပြီးသား Mask များကို ပြန်လည်၍ အသုံးမပြုရပါ၊
- ချည်ထည်၊ ပိတ်စအဝတ်တို့ဖြင့် ပြုလုပ်ထားသည့် Mask များကို အသုံးမပြုရပါ။



Reference : World Health Organization

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
Version 1.0 (3-2-2020)

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပေါ်ကြိုဘုရားဘက်စုံပြုပြင်ရေးအတွက် ငွေလှူဒါန်း

**သီပေါ မတ် ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပေါ်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရေးနှင့် သာသနိက အဆောက်အအုံများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို မတ် ၂၅ ရက်က ပေါ်ကြိုဘုရားကြီး အရှေ့ဘက်မုခ်ရင်ပြင်တော်၌ ကျင်းပသည်။

ပြည်နယ် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်က ငွေလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ပြောကြားပြီး ပေါ်ကြိုဘုရာကြီး ဘက်စုံပြုပြင်မွမ်းမံရေးအတွက် အလှူငွေကျပ် ငါးသိန်း၊ သိမ်တောင် သာသနိကနယ်မြေရေရရှိရေးအတွက် ငွေကျပ်ငါးသိန်းနှင့် မိုင်းလင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ပြန်လည်ဆောက်လုပ်ရေးအတွက် အလှူငွေကျပ် သိန်း ၂၀ တို့ကို ပေါ်ကြိုဘုရားကြီးဂေါပက ဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွန့်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးတို့ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပေါ်ကြိုဘုရားကြီး ဂေါပက ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များက မုခ်လေးမုခ်တွင် စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော် လေးဆူ၏ ဆင်းတုတော်များကို ပြည်နယ် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (ယာပုံ)

စိုင်း(သီပေါ)



# သောက်သုံးရေ ဖူလုံစွာရရှိရေး စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေ

**သဲကုန်း မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရပ်သာကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာတွင် သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ကြို့ကုန်းကျေးရွာတွင် သောက်သုံးရေရရှိရေး လေးလက်မ အနက်ပေ ၄၀၀ အဝီစိစက်ရေတွင်းတစ်တွင်း၊ ဂါလန် ၂၄၀၀၀ဆံ့စင်မြင့် ရေစင်တစ်ခု၊ အလျား ၁၀ ပေ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတစ်ခု တည်ဆောက်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံ ငွေကျပ် ၁၉ ဒသမ ၃၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာများက ယခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ဆောင်ရွက်လျက်ရှိပြီး အဆိုပါ သောက်သုံးရေရရှိရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာရှိ အိမ်ခြေ ၁၄၁ အိမ်မှ လူဦးရေ ၄၄၈ ဦးတို့၏ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြတ်ထွန်းနှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး အလေးထားဆောင်ရွက်ကြရန် မြို့နယ်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

ငြိမ်းသူ

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် မတ် ၂၇**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO Daewoo Corporation(Myanmar E&P) သည် Shwe Phase 2 Development Project အရ ကမ်းလွန်လုပ်ကွက်အမှတ် A-1 တွင် တွင်းတူးဖော်ရေး လုပ်ငန်းများအား Semi-submersible rig "OCEAN MONARCH" (Call Sign:V7IY3)ရေယာဉ်ဖြင့် Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၁၄ ဒသမ ၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၀ မိနစ် ၂၀ ဒသမ ၄၇ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၅ မိနစ် ၂၁ ဒသမ ၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၀၆ ဒသမ ၄၀ စက္ကန့်၊ Point Cမြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၁၃ ဒသမ ၉၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၈ မိနစ် ၄၀ ဒသမ ၄၃ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၃၈ ဒသမ ၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၁ မိနစ် ၀၇ ဒသမ ၄၄ စက္ကန့်တို့တွင် (၆-၄-၂၀၂၀) ရက်နေ့မှ (၆-၁-၂၀၂၂) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ (၆-၄-၂၀၂၀)ရက်နေ့မှ (၆-၁-၂၀၂၂)ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့် တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်း ကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

# ဝှေဆန်ကျေးရွာမှ မီးဘေးသင့် အိမ်ထောင်စုကို ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း

**ဖာပွန် မတ် ၂၇**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ဝှေဆန်ကျေးရွာတွင် မတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် မီးဘေးသင့်ခဲ့သည့် အိမ်ထောင်စုကို ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ပေးအပ်ရာတွင် ဖာပွန်မြို့ အုတ်သဲကျောက်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်လှဲ့လှဲ့ဝင်း (ရန်ကုန်သူ) က မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်တစ်လုံး အိမ်ထောင်စုတစ်စုအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၅၀၀၀၀၊ ဆန်ခြောက်ပြည်အိတ် တစ်အိတ်၊ စောင်၊ ခြင်ထောင်၊ အဝတ်အစားများနှင့် လိုအပ်သောအသုံး အဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စိုင်းကျော်ဝဏ္ဏ၊တိုးဝေဇင်(ပြန်ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇-၃-၂၀၂၀

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၆၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၉၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၆၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၉၇၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၀၀/၅၅၅ | ကျပ် | ၅၄၀/၅၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၁၀/၅၆၅ | ကျပ် | ၅၅၅/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၃၈၀/၄၅၀ | ကျပ် | ၄၇၀/၅၀၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၂၀/၅၈၀ | ကျပ် | ၆၁၅/၆၄၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၀ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၆၈ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၃၉ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၈ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၃၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၈ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၂၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၇၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၆ . ၇၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၇၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၀၀၀ | ၃၁၀၁ | ၃၂၅၁၇၅၀၀ |
| MTSH | ၃၆၀၀ | ၃၅၅၀ | ၁၆၈၀၃ | ၆၀၁၃၄၁၀၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၆၄၇ | ၁၃၉၁၀၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၈၅ | ၂၃၃၇၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အေးမြတ်သူက "အချစ်၏ နောက်ဆက်တွဲစာမျက်နှာ"ဇာတ်လမ်းတွဲတွင် အကောင်းဆုံးသရုပ်ဆောင်မည်



Myanmar Media7 မှ ထုတ်လုပ်ရိုက်ကူးပြီး 5Plus Channel မှ ထုတ်လွှင့်ပြသမည့် ဇာတ်လမ်းတွဲ ခုနစ်ခုတွင် တစ်ခုအပါအဝင်ဖြစ်သော အချစ်၏ နောက်ဆက်တွဲ စာမျက်နှာ ဇာတ်လမ်းတွဲတွင် အကောင်းဆုံးဖြစ်အောင် ပါဝင်သရုပ်ဆောင် သွားမည်ဖြစ်ကြောင်း သရုပ်ဆောင် အေးမြတ်သူက ပြောကြားသည်။

အမျိုးသားစာပေဆုရ စာရေးဆရာမကြီး ဝင်းဝင်းလတ်၏ ဝတ္ထုဖြစ်သည့် အချစ်၏ နောက်ဆက်တွဲစာမျက်နှာ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့်ကိစ္စနှင့်ပတ်သက်၍ အေးမြတ်သူက "ဝတ္ထုကို ကိုယ်တိုင်လည်း အကြိမ်ကြိမ်ဖတ်ပြီး အလွန်ကြိုက်ခဲ့တာပါ။ ဒီဇာတ်လမ်းကို ရိုက်ကူးဖို့ Media7 က ကြေညာထားတော့ ပရိသတ်တွေက အေးမြတ်သူဆီကို အကြံဉာဏ်ပေးတာတွေ၊ အားပေးစကား ပြောတာတွေလည်း ရှိတယ်။ အဲဒီအတွက်လည်း အများကြီး ဝမ်းသာရပါတယ်။ ဇာတ်လမ်းတွဲရိုက်ဖို့အတွက်လည်း အားတွေပိုရှိသွားသလိုပါပဲ"ဟု ပြောသည်။

အဆိုပါ ဇာတ်လမ်းတွဲကို ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်က ရိုက်ကူးပုံဖော်သွားမည်ဖြစ်ပြီး သရုပ်ဆောင်များအဖြစ် မင်းမော်ကွန်း၊ ညိမ်းသော်၊ အေးမြတ်သူနှင့် ထက်ထက်ထွန်းတို့ အဓိက ပါဝင်၍ အခြား သရုပ်ဆောင်များစွာလည်း ပါဝင်သွားမည်ဖြစ်ကာ ရိုက်ကူးပြီးစီးပါက 5Plus ရုပ်သံလိုင်းမှ ဇွန်နှင့် ဇူလိုင်လခန့်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း

# အွန်လိုင်းတွင် လူပြောများခဲ့သည့် MTV ကြောင့် "တစစ်တမက် ကိုယ်နှင့်သက်ကို" ဇာတ်လမ်းတွဲတွင် ပါဝင်ရန် ငြင်းပယ်ခံခဲ့ရကြောင်း မင်းဟိဏ်းပြောကြား

တပ်မတော်ဂုဏ်ပြုဇာတ်လမ်းများကို ရိုက်ကူးလေ့ရှိသည့် ဝါရင့်သရုပ်ဆောင် မင်းဟိဏ်းက ယခု MRTV 4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသနေသော တစစ်တမက် ကိုယ်နှင့်သက်ကို ဇာတ်လမ်းတွဲတွင်လည်း ပါဝင်ရိုက်ကူးရန် ပြင်ဆင်ပြီးမှ မရိုက်ကူးဖြစ်သည့်အကြောင်းမှာ အွန်လိုင်းတွင် လူပြောများခဲ့သည့် MTV ကြောင့် ဇာတ်လမ်းတွဲတွင်ပါဝင်ရန် ငြင်းပယ်ခံခဲ့ရ၍ ဖြစ်ကြောင်း ပြောကြားသည်။

"ကျွန်တော်က ဒီဇာတ်ကားကို ရိုက်ဖို့ ရက်ရွှေ့သွားတာလား၊ လုံးဝ မရိုက်ဖြစ်တော့တာလားလို့ လှမ်းမေးမှ 'မဟုတ်ဘူး၊ ကိုမင်းဟိဏ်းကို ဒီဇာတ်လမ်းတွဲမှာကို ထည့်မရိုက်ဖြစ်တော့တာ'လို့ ပြောတယ်။ ဒါကိုတောင် ကျွန်တော်လှမ်းမေးမှ သိရတာပေါ့။ ဘာအကြောင်းကြောင့် ကျွန်တော်နဲ့ မရိုက်ဖြစ်တော့တာလဲဆိုတဲ့ ဖြေရှင်းချက်စာလေးတော့ ပေးသင့်တယ်။ အခုက မရိုက်ဖြစ်တော့တာကို ပါးစပ်နဲ့တော့ ပြောတယ်ပေါ့။ ဒီဇာတ်လမ်းတွဲ မရိုက်ခင်မှာ ကျွန်တော်က အဆိုတော် ရှုမငြိမ်းနဲ့ အွန်လိုင်းမှာ လူပြောများခဲ့တဲ့ MTV လေးတစ်ပုဒ် ရိုက်ခဲ့တဲ့အတွက်လို့ ပြောပါတယ်။ ဒီလို MTV ကို ရိုက်ထားတဲ့ သရုပ်ဆောင်တစ်ယောက်က သူတို့ဇာတ်လမ်းတွဲမှာပါဝင်ဖို့ မသင့်တော်ဘူး၊ မဖြစ်သင့်ဘူးလို့ တာဝန်ရှိသူတွေက ဆုံးဖြတ်ခဲ့တာလို့ သိရတယ်"ဟု သရုပ်ဆောင် မင်းဟိဏ်းက ပြောသည်။

Myanmar Media 7 မှ ရိုက်ကူးတင်ဆက်ထားပြီး သရုပ်ဆောင် မင်းဟိဏ်းလည်း ပါဝင်ထားသော "လူးလူးစိန်" ဇာတ်လမ်းတွဲကိုမူ 5 Plus ရုပ်သံလိုင်းမှ မကြာမီကာလအတွင်း စတင်ထုတ်လွှင့်ပြသွားမည်ဟု သိရသည်။

ကိုလင်း



# ဇာတ်ပို့ဇာတ်ရံ အလုပ်ကို ဘဝအတွက်ရွေးချယ်ပြီး လုပ်ခြင်းဖြစ်ကြောင်း သူဇာပွင့် ပြောကြား



မကြာသေးမီက ရုံတင်ပြသခဲ့သည့် "ပလေယာ"ရုပ်ရှင်ဇာတ်ကားတွင် မြင့်မြတ်၊ ထွန်းထွန်းတို့နှင့်အတူ တွေ့ဆုံရသည့် လမ်းပေါ်မှ မိန်းကလေးတစ်ဦးအဖြစ် ပါဝင်ရသော ဇာတ်ဝင်ခန်းတွင် ထူးခြားကောင်းမွန်စွာ သရုပ်ဆောင်နိုင်မှုကြောင့် ပရိသတ်သတိထားမိလာသူ ဇာတ်ပို့ဇာတ်ရံ သူဇာပွင့်သည် အနုပညာလောကထဲသို့ ၂၀၀၆ ခုနှစ်မှစပြီး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

"ညီမက ဆယ်တန်းအောင်ပြီးကတည်းက ဒီအနုပညာလောကကို စဝင်ခဲ့တာပါ၊ ဒေါ်ထားအဖွဲ့ကနေ ဖြတ်လျှောက်အခန်းလေးတွေရိုက်ရင်းပေါ့နော်၊ ရှုတင်ရိုက်ပြီးလို့ ခဏနားတာနဲ့ ညီမထက် ဝါရင့်တဲ့သူတွေဆီကနေ သရုပ်ဆောင်ပညာလေးတွေ နားထောင်ဖြစ်၊ လေ့လာဖြစ်ခဲ့တယ်၊ ညီမတို့လို ဇာတ်ပို့တစ်ယောက်က ဇာတ်ကားတစ်ကားမှာဆိုရင် ကိုယ့်ရဲ့လုပ်ကွက်က အင်မတန်နည်းတယ်လေ၊ ပလေယာကားထဲမှာဆိုလည်း ညီမက လုပ်ကွက်လေးတစ်ခုပဲ ရတာပါ။ ကိုမြင့်မြတ်က အငှားကားဆရာ၊ သူက ခရီးသည်မရသေးလို့ ထိုင်စောင့်နေရတဲ့အချိန်မှာ ညီမက လမ်းဘေးက မိန်းကလေးအဖြစ် သရုပ်ဆောင်ထားတယ်၊ သူ့ကို သွားရစ်တာပေါ့နော်၊ နောက်ဆုံး ကိုထွန်းထွန်းနဲ့ ညီမကို သူက ချိတ်ဆက်ပေးတဲ့ အခန်းလေးပါ၊ အဲဒီအခန်းလေးကို ပရိသတ်က ကြိုက်ကြတယ်၊ ပြီးတော့ မီဒီယာတွေကလည်း သတိထားမိသွားတယ်ဆိုတော့ ကျေးဇူးတင်ပါတယ်၊ အဲဒီတုန်းကလည်း ဒါရိုက်တာက ကာရိုက်တာတစ်ခုကို ပီပီပြင်ပြင်ဖြစ်အောင် လုပ်ခိုင်းတဲ့အပေါ်မှာ ညီမက သေချာကြိုးစားပြီး လုပ်ခဲ့တာပါ"ဟု သူဇာပွင့်က ပြောသည်။

သူဇာပွင့်သည် နာမည်ကြီး ရွှေကြာ ရုပ်ရှင်ဇာတ်ကားတွင်လည်း ထိုကဲ့သို့ ကာရိုက်တာမျိုးကို သရုပ်ဆောင်ခဲ့ဖူးပြီး ယင်းကာရိုက်တာအတွက် ပြင်ဆင်မှုများနှင့်ပတ်သက်၍ "လမ်းဘေးက မိန်းကလေးတွေရဲ့ ကာရိုက်တာကိုရဖို့ ညီမ ရွှေကြာကားကတည်းက သေချာသွားပြီး လေ့လာထားတာပါ၊ အဲဒီလို ပုံစံလေးတွေကို အတုယူပြီး ညီမ သရုပ်ဆောင်ခဲ့တာ ပလေယာကားထဲမှာတော့ လုံးဝ အံဝင်ခွင်ကျ ဖြစ်သွားတာပေါ့နော်၊ ကိုမြင့်မြတ်နဲ့ ကိုထွန်းထွန်းကလည်း ညီမကို အကောင်းဆုံးလုပ်ဆောင်နိုင်အောင် သင်ပေးကြတယ်"ဟု သူဇာပွင့်က ဆက်လက်ပြောကြားသည်။

ကိုလင်း

# သရုပ်ဆောင် အိုင်းရစ်လေပြေဦးက မွေးနေ့အမှတ်တရအဖြစ် ကိုလူချောအဖွဲ့အား ဆန်၊ ဆီနှင့် ခေါက်ဆွဲခြောက်များ လှူဒါန်း



သရုပ်ဆောင် အိုင်းရစ်လေပြေဦးက ကိုလူချောအဖွဲ့အတွက် ဆန်၊ ဆီနှင့် ခေါက်ဆွဲခြောက်ထုပ်များ လှူဒါန်းပေးအပ်ပွဲကို မတ် ၂၅ ရက် ညနေပိုင်းက ရန်ကုန်မြို့ ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပခဲ့သည်။

"ညီမရဲ့ မွေးနေ့အမှတ်တရအနေနဲ့ ကိုလူချောတို့အဖွဲ့ကို လာလှူဖြစ်တာပါ။ မွေးနေ့တိုင်း တခြားနေရာတွေမှာလည်း လှူဒါန်းဖြစ်ပါတယ်။ အခု လတ်တလောအခြေအနေတွေကြောင့် ရုပ်ရှင်တွေမရိုက်ဖြစ်ဘဲ ရပ်ထားရတဲ့အချိန်လည်းဖြစ်တော့ သူတို့အတွက် အခက်အခဲလေးတွေ ရှိနိုင်မယ်။ ပြီးတော့ အိုင်းရစ် ရုပ်ရှင်ရိုက်တုန်းက နာမည်တစ်ခုရအောင် ပံ့ပိုးပေးခဲ့တာတွေလည်း ရှိပါတယ်။ အဲဒီကျေးဇူးတွေကိုလည်း ဆပ်တဲ့အနေနဲ့ရော မွေးနေ့အမှတ်တရလေးလည်း ဖြစ်သွားအောင် ဦးအောင်ခိုင်နဲ့တိုင်ပင်ပြီး ကိုယ်တတ်နိုင်သလောက် လှူဒါန်းဖြစ်တာပါ"ဟု သရုပ်ဆောင် အိုင်းရစ်လေပြေဦးက ပြောသည် ။

သရုပ်ဆောင် အိုင်းရစ်လေပြေဦးက ကိုလူချောအဖွဲ့သားများအား တစ်ဦးလျှင် ဆန် ၁၂ ပြည်၊ ဆီတစ်ဘူး၊ ဆား၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခရီးစရိတ်များ စုစုပေါင်း တန်ဖိုး ကျပ်သိန်း ၂၀ ခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။ ကိုလူချောအဖွဲ့ဝင်များသည် ရုပ်ရှင်သရုပ်ဆောင်လူကြမ်းများစုပေါင်း၍ ဖွဲ့စည်းထားသောအဖွဲ့ဖြစ်ပြီး လတ်တလောတွင် ကားရိုက်များ ရပ်နားထားသောကြောင့် အဖွဲ့ဝင်အချို့ ငွေကြေးအခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

ကိုလင်း

# နိုင်ငံတကာအနုပညာ သတင်းပဒေသာ

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဟယ်ရီစတိုင်၏ နယ်လှည့်ဖျော်ဖြေပွဲရွှေ့ဆိုင်း

One Direction အဖွဲ့သားဟောင်းတစ်ဦးဖြစ်သည့် ဟယ်ရီစတိုင်သည် Love On Tour ဟု အမည်ပေးထားသောနယ်လှည့်ဖျော်ဖြေပွဲကို ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။ ဥရောပတစ်ခွင် လှည့်လည်ပြီး ပွဲပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း တစ်ကမ္ဘာလုံးအနှံ့ ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားနေသည့်အတွက် ယခုလို ရက်ရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်ကြောင်း သိရသည်။နယ်လှည့်ဖျော်ဖြေပွဲ ပြန်လည်ပြုလုပ်မည့်နေ့ရက်ကို နောက်ပိုင်းတွင် အကြောင်းကြားသွားမည်ဖြစ်ပြီး ၂၀၂၁ ဖေဖော်ဝါရီဟု မျှော်မှန်းထားကြောင်း ဟယ်ရီစတိုင်က ၎င်း၏ အင်စတာဂရမ်တွင် ဖော်ပြထားသည်။ ယခုဝယ်ယူထားသည့် လက်မှတ်များအားလုံးသည် နောက်တစ်ကြိမ်ပြုလုပ်မည့်ပွဲအတွက် လက်မှတ်များပင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သီချင်းသီဆိုဖျော်ဖြေရခြင်းမှာ ၎င်းအကြိုက်ဆုံး အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း ယခုအချိန်မျိုးတွင် နယ်လှည့်ဖျော်ဖြေပွဲအဖွဲ့သားများ၏ ကျန်းမာရေးလုံခြုံစိတ်ချရမှု၊ ပရိသတ်များ၏ ကျန်းမာရေးအတွက် ရက်ရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်ကြောင်း ဟယ်ရီစတိုင်က ပြောကြားခဲ့သည်။ ယခုလိုအချိန်မျိုးတွင် အပြင်မထွက်ဘဲ နေအိမ်များ၌သာ သီးခြားခွဲနေကြရန် လည်း ပရိသတ်များကို တိုက်တွန်းခဲ့သည်။ ၂၀၂၁ခုနှစ်တွင် ဗြိတိန်နှင့် ဥရောပတစ်လွှား နယ်လှည့်ဖျော်ဖြေပွဲပြန်လည်စတင်မည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အသက် ၂၆ နှစ်အရွယ် ဟယ်ရီစတိုင်သည် ၎င်း၏ဒုတိယမြောက် တစ်ကိုယ်တော်အယ်လ်ဘမ်ဖြစ်သည့် Fine Line ကို ဒီဇင်ဘာလအတွင်းတွင် ထုတ်ဝေခဲ့သည်။

**အမ်တီဗွီဒေ့ါကွန်း**



အဆိုတော် ဟယ်ရီစတိုင်

## ဒစ္စနေးရုပ်ရှင်တွင် ဆာဆက်မြို့စားကတော် မီဂန် အသံဖြင့် ပါဝင်သရုပ်ဆောင်မည်

အမေရိကန်ရုပ်ရှင်မင်းသမီး မီဂန်မာကယ်သည် ဗြိတိန်မှတော်ဝင်မင်းသား ဟယ်ရီနှင့် လက်ထပ်ပြီးနောက် ဟောလိဝုဒ်ကို ကျောခိုင်းခဲ့သည်။ သို့သော် ယခုအချိန်တွင်မူ ဟောလိဝုဒ်သို့ပြန်လည်ခြေချလာပြီဖြစ်သည်။ မီဂန်မာကယ်သည် ဆင်များအကြောင်း ရိုက်ကူးထားသည့် မှတ်တမ်းရုပ်ရှင်တွင် နောက်ခံစကားပြောအဖြစ် ပါဝင်မည်ဟု ဒစ္စနေးမှ တာဝန်ရှိသူက ပြောကြားခဲ့သည်။

အဆိုပါမှတ်တမ်းရုပ်ရှင်ကို Elephants ဟုရိုးရှင်းစွာ အမည်ပေးထားပြီး ဧပြီ ၃ ရက်တွင် စတင်ပြသမည်ဖြစ်သည်။ အဆိုပါ ရုပ်ရှင်တွင် အာဖရိကဆင်ရှန်နီနှင့် သားဖြစ်သူ ဂျူမိုတို့၏ ကာလာဟာရီ ကန္တာရကိုဖြတ်ကျော်သည့် ခရီးစဉ်အကြောင်းကို ပြောပြသွားမည်ဖြစ်သည်။

မီဂန်မာကယ်သည် တော်ဝင်တာဝန်ဝတ္တရားများ မစွန့်လွှတ်မီအချိန်ကတည်းက ဒစ္စနေးနှင့် စာချုပ်ချုပ်ဆိုခဲ့သည်ဟူသောအချက်ကိုမူ ဒစ္စနေးဘက်က ငြင်းဆိုခဲ့သည်။ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း တော်ဝင်မင်းသားဟယ်ရီနှင့် မီဂန်တို့သည် တော်ဝင်မိသားစုထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို စွန့်လွှတ်ပြီး ဘဏ္ဍာရေးအရ သီးခြားရပ်တည်ရန် ဆုံးဖြတ်ခဲ့ကြသည်။

**အင်းဆိုက်ဒါ ဒေ့ါကွန်း**



တော်ဝင်မင်းသားဟယ်ရီနှင့် ဇနီးဖြစ်သူ မီဂန်မာကယ်

ခြိုး



# ဘာသာစာပေပေါင်းကူး(၈)

**မောင်ခင်မင် (ဓနုဖြူ)**

"နောက်တစ်ချက်က သဘောသဘာဝချင်းတူတဲ့ အကြောင်းအရာ အချက်အလက်တွေကို ထပ်ကာထပ်ကာရေးရင် အရေးအသားမှာလဲ ပုံစံတူတွေနဲ့ထပ်ကာထပ်ကာ ရေးမိတတ်တဲ့ အချက်ပဲကွဲ့"

"ဘာဘပြောတာ သမီးရုတ်တရက်တော့ နားမလည်သေးပါဘူး ဘာဘ"

"ဒီလိုဆိုရင် စမ်းကြည့်ရအောင်။ သမီးက နေရာသုံးနေရာမှာ။ အဲ...ဈေးသုံးခုမှာဆိုပါတော့၊ အဲဒီဈေးသုံးခုမှာ ပစ္စည်းသုံးမျိုးဝယ်ခဲ့တဲ့အကြောင်း ဘာဘကို ပြောပြမယ်ဆိုရင် ဘယ်လိုပြောမလဲ။ ပြောကြည့်စမ်းကွယ်"

"ဩော်... ဟုတ်ကဲ့၊ သမီးက သိမ်ကြီးဈေးမှာ ဖိနပ်ဝယ်ခဲ့ပါတယ်။ ဗိုလ်ချုပ်ဈေးမှာ စာအုပ်ဝယ်ခဲ့ပါတယ်။ ပုဇွန်တောင်ဈေးမှာတော့ အင်္ကျီဝယ်ခဲ့ပါတယ် ဘာဘ"

"ဟုတ်ပါပြီ။ အခုသမီးပြောတာကို ဘာဘက မှတ်တမ်းတင်မယ်ဆိုပါတော့။ 'ခိုင်ခိုင်သည် သိမ်ကြီးဈေးတွင် ဖိနပ်ဝယ်၍ ဗိုလ်ချုပ်ဈေးတွင် စာအုပ်ဝယ်ပြီး ပုဇွန်တောင်ဈေးတွင် အင်္ကျီဝယ်ခဲ့သည်'လို့ မှတ်တမ်းတင်လိုက်မှာပဲလေ"

" ဟုတ်ပါတယ် ဘာဘ"

" ကဲ... အခု ဘာဘရေးထားတဲ့ ဝါကျကိုကြည့်လေ။သမီးဈေးသုံးဈေးမှာပစ္စည်းသုံးမျိုးဝယ်တာကို ပုံစံတူစကားစုသုံးစုနဲ့ ရေးထားတာ မဟုတ်လား။ 'သိမ်ကြီးဈေးတွင်-ဗိုလ်ချုပ်ဈေးတွင်-ပုဇွန်တောင်ဈေးတွင်'ဆိုပြီး ...တွင်နဲ့ဆုံးတဲ့ ပုံစံတူစကားက သုံးစု၊ 'ဖိနပ်ဝယ်၍-စာအုပ်ဝယ်ပြီး-အင်္ကျီဝယ်သည်'ဆိုပြီး၊ ဝယ်ဆိုတဲ့ကြိယာကို ထပ်ထပ်သုံးတဲ့ ပုံစံတူစကားက သုံးစု ဟုတ်တယ်မဟုတ်လား"

" ဩော်...ဟုတ်ပါတယ် ဘာဘ"

" သမီးပြောတဲ့စကားမှာ ဝယ်တဲ့နေရာ ဈေးသုံးခုရယ်၊ ဝယ်တဲ့ပစ္စည်းသုံးမျိုးရယ်ပါတယ် မဟုတ်လား။ ဈေးသုံးခုက ဈေးဆိုတဲ့ သဘောသဘာဝချင်းတူတယ်။ ဝယ်တဲ့ပစ္စည်းသုံးခုကလဲ အသုံးအဆောင်ဆိုတဲ့ သဘောသဘာဝချင်းတူတယ်။ အဲဒီအကြောင်းအရာကို သမီးပြောပြတော့ ပြောတဲ့စကားပုံစံတွေကလဲ သဘောသဘာဝချင်း တူတယ်နော်"

"ဟုတ်ပါတယ် ဘာဘ"

"ဒီတော့ ဘာဘ မေးမယ်။ သမီးက အဲဒီသဘောသဘာဝချင်းတူတဲ့အကြောင်းအရာ သုံးမျိုးကိုပြောတော့မယ်လို့ စိတ်ထဲမှာ စဉ်းစားတဲ့အခါ 'ငါတော့ သဘောချင်းတူတဲ့အကြောင်းအရာတွေပြောမှာမို့ ပုံစံတူစကားစုသုံးစုနဲ့ ပြောလိုက်မယ်'လို့ ကြိုစဉ်းစားပြီးမှ ပြောတာလား သမီး"

"ဟာ၊ မဟုတ်ပါဘူး ဘာဘရယ်။ သမီးအဲဒီလို စဉ်းစားဖို့ဆိုတာ လုံးဝစိတ်ကူးမရပါဘူး။ အဲဒီလို စဉ်းစားပြီးပြောနိုင်တယ်ဆိုတာကိုလဲ လုံးဝမသိပါဘူး။ ဘာဘက အဲဒီအကြောင်းပြောပြပါဆိုတာနဲ့ အဲဒီစကားတွေ သမီးပါးစပ်က သူ့အလိုလို ထွက်လာတာပါ ဘာဘ"

" ဟုတ်ပါပြီ။ သမီးပြောတဲ့ 'သူ့အလိုလို ထွက်လာတာ'ဆိုတဲ့ အချက်က အရေးကြီးတယ်။ ရှေ့မှာပြောခဲ့တဲ့ သာဓကတွေမှာတုန်းကလိုပဲ၊ ကဗျာစာဆိုတွေက ရေးမဲ့အကြောင်းအရာနဲ့ လိုက်ဖက်တဲ့ အသံတွေ၊ ကာရန်တွေ စိတ်ထဲက ရွေးလိုက်သလို သမီးရဲ့စိတ်ကူးထဲမှာ လိုက်ဖက်တဲ့ ပုံစံတူတွေ ပေါ်လာတာဖြစ်မယ်လို့ စဉ်းစားကြည့်နိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဘာဘ။ သမီးစဉ်းစားကြည့်ပါ့မယ်"

"ဒီတော့ တို့နေ့တိုင်းပြောနေတဲ့ သာမန်စကားတွေမှာတောင် အဲဒီသဘောရှိရင် ကဗျာတွေ၊ စကားလုံးတွေ ရေးတဲ့နေရာမှာလဲ အဲဒီလိုပဲ။ အကြောင်းအရာတူတွေကို ပုံစံတူတွေနဲ့ ရေးတတ်တဲ့သဘောမျိုးဟာ ပိုပြီး ထင်ရှားတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"မိန်းကလေးတစ်ယောက်ကို ချီးကျူးရေးထားတဲ့ စာကလေးတစ်ကြောင်း စာပိုဒ်ထဲမှာ တွေ့လို့ ဘာဘ ဖတ်ပြမယ်။ '၎င်းမိန်းကလေးသည် ရုပ်ကလည်းချော၊ သဘောကလည်း ကောင်း၊ ပညာကလည်းတတ်ပေရာ အဘယ်မှာဆိုဖွယ် ရှိအံ့နည်း'တဲ့"

"ဩော်၊ ဟုတ်ကဲ့ပါ"

"အဲဒီဝါကျမှာ 'ရုပ်ကလည်းချော၊ သဘောကလည်း ကောင်း၊ ပညာကလည်းတတ်'ဆိုတဲ့ ပုဒ်သုံးခု၊ အဲ...စကားစုသုံးစုဆိုပါတော့ အဲဒီစကားစုတွေဟာပုံစံတူစကားစုတွေပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဘာဘ"

"ဘယ်လိုပုံစံတူတာလဲကွယ်"

" ပုဒ်သုံးခုစလုံးမှာ '...ကလည်း...'ဆိုတဲ့ စကားကို ပုံစံတူသုံးခါထပ်သုံးထားပါတယ် ဘာဘ။ ရှေ့က'ရုပ်'၊ 'သဘော'၊ 'ပညာ'ဆိုတဲ့ နာမ်သုံးခုကလဲ ပုံစံတူပါတယ်။ နောက်က 'ချော'၊ 'ကောင်း'၊ 'တတ်' ဆိုတဲ့ ကြိယာသုံးခုကလဲ ပုံစံတူပါတယ်။ ပုံစံတူပုဒ်သုံးခုကို ထပ်ကာထပ်ကာနဲ့ သုံးထားတာပါ ဘာဘ"

"အဲဒီလို ပုံစံတူတွေ ထပ်ကာထပ်ကာဖွဲ့တာကို အပြိုင်ဖွဲ့တယ်လို့ခေါ်တယ်။ 'ပုံစံတူအပြိုင်အဖွဲ့'လို့ ခေါ်နိုင်တာပေါ့ကွယ်"

"မှတ်ထားပါ့မယ် ဘာဘ"

"ဘယ်လိုပုံစံတူတာလဲ 'ဘယ်လိုအပြိုင်ဖွဲ့တာလဲဆိုတာကိုတော့ သမီးခုန ခွဲခြမ်းစိတ်ဖြာကြည့်သလို စနစ်တကျနဲ့ ခွဲခြမ်းစိတ်ဖြာကြည့်မှ မြင်နိုင်တာပေါ့ကွယ်။ ရေးတဲ့ပုံစံတူသလို အကြောင်းအရာကရောကွယ်"

"မိန်းကလေး ရုပ်ချောတာ၊ သဘောကောင်းတာ၊ ပညာတတ်တာဆိုတဲ့ အရည်အချင်းသုံးမျိုးကို ရေးပြတာပါ ဘာဘ"

"ဟုတ်တယ်။ ဒီတော့ မိန်းကလေးရဲ့ ဂုဏ်သုံးရပ်ကို ပုံစံတူအပြိုင်ဖွဲ့ထားတယ်လို့ ခေါ်နိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဘာဘက ပုံစံတူအပြိုင်အဖွဲ့တွေမှာ သဘောချင်းတူတဲ့ အကြောင်းအရာတွေကို ဖွဲ့ထားတဲ့ အကြောင်းပြောထားတော့ ထပ်ပြောစရာတစ်ခု ရှိသေးတယ်။ သဘောချင်းတူတဲ့အကြောင်းအရာတွေကို ပုံစံတူအပြိုင်ဖွဲ့သလို သဘောချင်း ခြားနားတဲ့၊ ဆန့်ကျင်တဲ့အကြောင်းတွေကိုလဲ ပုံစံတူအပြိုင်ဖွဲ့လေ့ရှိတယ်...ကွဲ့"

"ဟုတ်ကဲ့၊ ဘယ်လိုအကြောင်းအရာမျိုးပါလဲ ဘာဘ"

"သမီးမြင်သာအောင် စကားပုံနှစ်ခုရဲ့ပုံစံကို သာဓကပြမယ်။ စကားလုံးဆိုတာလဲ ဘာသာစကားကို ကျစ်ကျစ်လျစ်လျစ် ဖွဲ့ထားတဲ့စကားတွေပဲလေ။ တစ်ခုက 'အမိမဲ့သား ရေနည်းငါး'တဲ့။ နောက်တစ်ခုက 'ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ'တဲ့"

"ဟုတ်ကဲ့ပါ"

"အမိမဲ့သား ရေနည်းငါးဆိုတာက အမေမရှိတဲ့သားနဲ့ မှီခိုစရာရေနည်းနေတဲ့ ငါးနဲ့ တူတဲ့ သဘောချင်းထပ်တူပြုထားတဲ့ စကားပုံလေ။ 'အမိ' နဲ့'ရေ'ဆိုတဲ့ နာမ်ချင်း၊ 'မဲ့'နဲ့ 'နည်း'ဆိုတဲ့ ကြိယာချင်း၊ ပြီးတော့ 'သား'နဲ့'ငါး'ဆိုတဲ့ နာမ်ချင်းပုံစံတူ ထပ်ထားတာ မဟုတ်လား။ သဘောချင်းလဲတူ၊ ပုံစံချင်းလဲတူတာပေါ့"

"ဟုတ်ကဲ့ပါ"

"ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာဆိုတာက ကုသိုလ်နည်းပြီး အကုသိုလ်များတာ၊ ဆန့်ကျင်ဘက်သဘောလေ။ ကုသိုလ်နဲ့ ငရဲ၊ တစ်ပဲနဲ့တစ်ပိဿာလဲ ဆန့်ကျင်ဘက်တွေပဲပေါ့။ အဲဒီဆန့်ကျင်ဘက်သဘောနှစ်ခုကို ပုံစံတူအပြိုင်ဖွဲ့ထားတာလေ။ ကုသိုလ်နဲ့ငရဲက နာမ်ချင်းတူတယ်၊ တစ်ပဲနဲ့ တစ်ပိဿာလဲ ပမာဏချင်းတူတယ်"

"ဟုတ်ကဲ့ပါ"

"ဆရာကြီးပီမိုးနင်းက ဆန့်ကျင်ဘက်သဘောနှစ်ခုကို ပုံစံတူအပြိုင်ဖွဲ့ပြထားတဲ့ သာဓက ကလေးတစ်ခု ဘာဘ ပြမယ်။ သမီးဖတ်ကြည့်စမ်းပါ"

"အရည်အချင်းချင်းတူညီလျက် တစ်ယောက်က စိတ်နှလုံးယဉ်ကျေး၍ တစ်ယောက်ကရိုင်းစိုင်းချေက ယဉ်ကျေးသူမှာ သူဌေးဖြစ်နိုင်၍ ရိုင်းသူမှာ ခွေးဖြစ်နိုင်မည်။ ပြီးပါပြီ ဘာဘ"

"အေး၊ ပုံစံတူအပြိုင်ဖွဲ့ထားတာ ဘယ်လောက်ထိမိသလဲ၊ 'ယဉ်ကျေး'နဲ့'ရိုင်းစိုင်း'၊ 'သူဌေး'နဲ့'ခွေး'၊ ဆန့်ကျင်ဘက်ချင်းယှဉ်ပြထားတာလေ။ ဝါကျထဲက စကားစုတွေကတော့ ပုံစံတူပဲလေ"

"တော်တော်ထိမိတယ်နော် ဘာဘ"

"ဆက်ပြောရရင် ဝါကျတစ်ခုထဲက ပုဒ်တွေကို ပုံစံတူအပြိုင်ဖွဲ့သလိုပဲ ဝါကျတစ်ခုနဲ့တစ်ခုလဲ ပုံစံတူအပြိုင်ဖွဲ့လေ့ရှိတယ်။ ဘာဘတို့ပြောခဲ့ကြတဲ့ အတိုင်း သဘောချင်းတူတဲ့အချက်တွေ၊ ဒါမှမဟုတ် သဘောချင်းဆန့်ကျင်တဲ့အချက်တွေကို ဝါကျတစ်ခုထဲမှာ ပုံစံတူပုဒ်တွေနဲ့အပြိုင်ဖွဲ့သလို ပုံစံတူဝါကျတွေစုပြီးတော့လဲ အပြိုင်ဖွဲ့နိုင်တာပေါ့"

"သဘောပေါက်ပါပြီ ဘာဘ"

"စာရေးသူရဲ့စိတ်အာရုံထဲမှာ သဘောချင်းတူတဲ့အကြောင်းတွေကို ရေးဖို့ဖြစ်လာရင် ရပ်ကို ပုံစံတူအပြိုင်ဖွဲ့ထားတယ်လို့ ခေါ်နိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

လက်ကရေးချလိုက်တဲ့အခါ ပုံစံတူဝါကျတွေနဲ့ သမီးပြောသလိုပဲ သူ့အလိုလိုရေးမိတတ်တာ သဘာဝပဲပေါ့ကွယ်။ ပုဂံခေတ်က ကျစွာမင်းရဲ့ မိထွေးတော်ဟာ သားတော်ဘုရင်မင်းမြတ်က သူ့ကိုချီးမြှင့်တဲ့ အိမ်တွေ၊ ကျွန်တွေ၊ လယ်တွေကို အသုံးပြုတဲ့အကြောင်းဂုဏ်ယူစိတ်က စေ့ဆော်တဲ့အခါကျတော့ 'အိမ်လည်းငါနေ၏။ ကျွန်လည်း ငါစေ၏။ လယ်လည်းငါစား၏'ဆိုပြီး ပုံစံတူဝါကျသုံးခုနဲ့ ကျောက်စာအဖြစ်မှတ်တမ်းတင်ထားတဲ့ စာမျိုးပေါ်လာတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီလို သဘောချင်းတူတဲ့ ဆန့်ကျင်တဲ့အကြောင်းအရာတွေကို ပုံစံတူပုဒ်တွေ၊ ဝါကျတွေနဲ့ အပြိုင်ဖွဲ့ထားတဲ့အဖွဲ့တွေမှာ အကျိုးတရားသုံးခုရှိတယ်လို့ ပညာရှင်တွေကပြောကြတယ်"

"ပြောပြပါ ဘာဘ"

"တစ်ခုက ပုံစံတူကလေးတွေဖွဲ့ထားတဲ့အတွက်ဖတ်ရတာ ချိုသာပြေပြစ်လို့နှစ်သက်စရာကောင်းတယ်။ နောက်တစ်ခုက တစ်ကြိမ်မက နှစ်ကြိမ်သုံးကြိမ်ထပ်ကာထပ်ကာ ပြောတဲ့အတွက် ပိုပြီးလေးနက်လာတယ်။ 'နှစ်ထပ်ရှိတော့ မှတ်မိ'ဆိုတာကို ပိုပြီးမှတ်မိတယ်။ နောက်ဆုံးတစ်ခုကတော့ အပြိုင်ဖွဲ့ထားတဲ့ အနက်အဓိပ္ပာယ်တွေ တစ်ခုနဲ့တစ်ခု ဆက်စပ်ပြီးနေတဲ့အတွက် ဆက်စပ်ပုံလို့နားလည်ရတယ်။ အဲဒီအချက်တွေပဲပေါ့ကွယ်"

"ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ် ဘာဘ "

**"အမိမဲ့သား ရေနည်းငါးဆိုတာက အမေမရှိတဲ့သားနဲ့ မှီခိုစရာရေနည်းနေတဲ့ ငါးနဲ့တူတဲ့ သဘောချင်းထပ်တူပြုထားတဲ့ စကားပုံလေ။ 'အမိ' နဲ့ 'ရေ' ဆိုတဲ့ နာမ်ချင်း၊ 'မဲ့' နဲ့ 'နည်း' ဆိုတဲ့ ကြိယာချင်း၊ ပြီးတော့ 'သား' နဲ့ 'ငါး' ဆိုတဲ့ နာမ်ချင်း ပုံစံတူထပ်ထားတာ မဟုတ်လား။ သဘောချင်းလဲတူ၊ ပုံစံချင်းလဲတူတာပေါ့"**

# ကသာမြို့အနီးရှိ ဧရာဝတီမြစ်ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းမှုကို စစ်ဆေး

**ကသာ မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့အနီးရှိ ဧရာဝတီမြစ်ရေလမ်းကြောင်းတွင် ကုန်စည်သယ်ယူ ပို့ဆောင်ရေး ကောင်းမွန်ရန်နှင့် ကသာမြို့ကမ်းခြေအနီးသို့ ရေယာဉ်များဆိုက်ကပ်လာနိုင်ရန်အတွက် ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်နေသည့် အခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းနှင့် တာဝန်ရှိသူများက မတ် ၂၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကသာမြို့အနီး ဧရာဝတီမြစ်အတွင်း၌ သဲသောင်များထွန်းနေသဖြင့် ကုန်စည်သယ်ဆောင်သော ရေယာဉ်များသည် မြို့နှင့်ဝေးရာတွင် ဆိုက်ကပ်ရပြီး ကုန်ပစ္စည်းသယ်ဆောင်ခ၊ အလုပ်သမားခများ ပိုမိုကုန်ကျနေ၍ မူလ ဧရာဝတီမြစ် ရေလမ်းကြောင်းဖြစ်သည့် ရွှေဂူကြီးဘုရားနှင့် မြစေတီဘုရားဘက်သို့ မြစ်ရေ ဦးတည်စီးဆင်းလာရန် ရေလမ်းကြောင်း ပြုပြင်ကာ ရေယာဉ်များ ဆိုက်ကပ်နိုင်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြစ်ကမ်းတစ်လျှောက်နေထိုင်သူ ဒေသခံများကလည်း ကိုယ်စီ လိုက်နာထိန်းသိမ်းပေးကြရန်လိုကြောင်း လွှတ်တော်ကိုယ်စားလှယ်က ပြောကြားသည်။

ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်း ကောင်းမွန်ရေးကို အထောက်အကူဖြစ်စေရန် ရေယာဉ်မောင်းသူများအနေဖြင့် ရေစူးသတ်မှတ်ချက်ကို လိုက်နာရန်လိုကြောင်း၊ ထို့အပြင် ကမ်းပြိုကာကွယ်ရေးအတွက် ကျေးရွာများမှ ပြည်သူများအနေဖြင့် ပလတ်စတစ်အမှိုက်များကို မြစ်အတွင်းသို့ စွန့်ပစ်ခြင်းမပြုရန်လည်းလိုအပ်ကြောင်း၊ ကိုယ်စီအသိဖြင့် ဝိုင်းဝန်းထိန်းသိမ်းပေးကြမည်ဆိုလျှင် ရေလမ်းကြောင်းပြောင်းလဲစေရေး လုပ်ဆောင်နေမှုများအပေါ် ပို၍ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ရေလမ်းကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဌာနတစ်ခုမှ ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

ကသာမြို့နယ်အတွင်း မြစ်ကြောင်းထိန်းသိမ်းရေး လုပ်ငန်းများအဖြစ် ကသာမြို့ ကမ်းနားလမ်းတစ်လျှောက် ဧရာဝတီမြစ်ရေလမ်းကြောင်း ပြောင်းလဲလာစေရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက် ကျပ်သိန်း ၂၂၂၀ ဖြင့် ဆောင်ရွက်နေသလို တိုင်းဘတ်ဂျက် ကျပ်သိန်း ၂၀၀၀ ဖြင့်လည်း မိုးတားလေး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ဆောင်ရွက်နေကြောင်း၊ ထို့အပြင် ပိန်းတောရွာ ကမ်းပြို ကာကွယ်ရေးလုပ်ငန်းကိုလည်း ကျပ်သိန်း ၂၀၀၀ ဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

**ငွေအိုး (ကသာ)**




သောင်ထွန်းနေသည့်နေရာတစ်ခုတွင် ရေလမ်းကြောင်း ထိန်းသိမ်းရေးဆောင်ရွက်နေစဉ်။

# ဖားကန့်မြို့နယ်၌ အချိန်အခါမဟုတ် မိုးရွာသွန်းမှုနှင့် မိုးသီးကြွေကျမှုဖြစ်ပွား

**ဖားကန့် မတ် ၂၇**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ မတ် ၂၄ ရက် ညနေ ၃ နာရီကျော်ခန့်က အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းနှင့် မိုးသီးကြွေကျမှု ဖြစ်စဉ်ကြောင့် နေအိမ်အမိုးများ ပျက်စီးမှုများရှိခဲ့ရာ ဆိုင်းဂျာဘွမ်ကျေးရွာမှ ပျက်စီးခဲ့သည့် အိမ်များ၏ အခြေအနေကို မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များက မတ် ၂၆ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

မိုးရွာသွန်းချိန် မိနစ် ၄၀ ခန့်အတွင်း အေးမြသာယာအုပ်စုအတွင်းမှ ဆိုင်းဂျာဘွမ်ကျေးရွာတွင် အရွယ်အစားကြီးသည့် မိုးသီးများ ကြွေကျခဲ့မှုကြောင့် ဘာသာရေးအဆောက်အအုံများ အပါအဝင် အိမ်ခြေ ၁၉၀ ကျော်၏ အမိုးများ ပျက်စီးခဲ့ကြရကြောင်း သိရသည်။

မိုးသီးကြွေခြင်းကြောင့် အမိုးများပျက်စီးခဲ့သည့် ကျေးရွာရာအိမ်မှူးရုံး၊ မူလတန်းလွန်ကျောင်း ဝန်ထမ်းအိမ်ရာ၊ နှစ်ခြင်းမူကြိုကျောင်း၊ ကက်သလစ်ဘုရားကျောင်းနှင့် ဗုဒ္ဓဘာသာမူကြိုကျောင်း အပါအဝင် အဆောက်အအုံများနှင့် လူနေအိမ်များကို မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဝင်များက စစ်ဆေးကြည့်ရှုပြီးနောက် ပျက်စီးမှုအခြေအနေအပေါ် မူတည်၍ လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**



မိုးသီးများကြောင့် ပျက်စီးသွားသော အိမ်ခေါင်မိုးတစ်ခု

# တာလေမြို့၌ ကုန်ဈေးနှုန်းများ အဆမတန်တိုးမြှင့်ရောင်းချခြင်းမရှိစေရန် မြို့အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့က ရှောင်တခင် ကွင်းဆင်းစစ်ဆေး

**တာလေ မတ် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့တွင်းရှိ ဈေးဆိုင်များနှင့် တပ်နယ်ဈေးအတွင်း စားသောက်ကုန်များ၊ လူသုံးကုန်များနှင့် ကုန်ပစ္စည်းများကို ဈေးနှုန်းများ အဆမတန် တိုးမြှင့်ရောင်းချမှု မရှိစေရေးအတွက် မြို့အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က မတ် ၂၆ ရက်က ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

မြို့အုပ်ချုပ်ရေးမှူး ဦးချစ်ကို ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်သောအဖွဲ့သည် တာလေမြို့အတွင်းရှိ ဈေးဆိုင်များ၌ ကိုရိုနာဗိုင်းရပ်စ် COVID-19 ရောဂါကို အကြောင်းပြု၍ စားသောက်ကုန်များ၊ လူသုံးကုန်များနှင့် ကုန်ပစ္စည်းများကို ဈေးနှုန်းများ အဆမတန် တိုးမြှင့်ရောင်းချခြင်း မရှိစေရေး ကွင်းဆင်းစစ်ဆေးခဲ့ပြီး ရောဂါကာကွယ်ရေးအတွက် လူထူထပ်သည့်နေရာများသို့ တတ်နိုင်သမျှ သွားလာခြင်းမပြုကြရန်၊ စားသုံးသူများ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များ၌ ဆိုင်ထိုင်စားသောက်ခြင်း မပြုလုပ်ကြရန်နှင့် ဈေးဆိုင်များကလည်း ပါဆယ်ဆွဲသာ အများဆုံး ရောင်းချကြရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**အောင်ကျော်မိုး (ပြန်/ဆက်)**

# တာမွေမြို့နယ် ပြည်သူ့စာကြည့်တိုက်ရှိ ပြတိုက်ငယ်နှင့် စာဖတ်ခန်းကို လာရောက်လေ့လာ

**ရန်ကုန် မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် စာရင်းစစ်ရုံးမှ စာရင်းစစ်အရာရှိ ဒေါ်စန်းစန်းမြင့်နှင့်ဝန်ထမ်းများသည် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ရှိ ပြတိုက်ငယ်နှင့် စာဖတ်ခန်းကို မတ် ၂၆ ရက်က လာရောက်ကြည့်ရှုလေ့လာခဲ့ရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်မို့မို့အောင်က စာကြည့်တိုက်ရှိ စာအုပ်များနှင့်ပတ်သက်၍လည်းကောင်း၊ ပြတိုက်ငယ်အတွင်း ပြသထားသော မြို့နယ်သမိုင်းကြောင်းနှင့် အထင်ကရမှတ်တမ်းများ၊ မြန်မာ့လက်မှု အနုပညာပစ္စည်းများ၊ ရှေးဟောင်းလက်ရာများ၊ ခေတ်အဆက်ဆက်သုံး ငွေစက္ကူနှင့် အကြွေစေ့များ၊ တိုင်းရင်းသားစာပေများနှင့် ပုံပြင်များ၊ ဒေသထွက်ပစ္စည်းများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြသခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ထားဝယ်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ထားဝယ် မတ် ၂၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မီးသတ်ဦးစီးဌာန၏ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ မီးလောင်မှု၊ မီးလန့်မှုများ ဖြစ်ပွားလာပါက ဆုံးရှုံးမှုတန်ဖိုးများ လျော့နည်းစေရေးအတွက် အထပ်မြင့်အဆောက်အအုံ မီးလောင်မှု ဖြစ်ပွားပါက မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၂၆ ရက်က ထားဝယ်မြို့ မယ်ဒီလန်းဆေးရုံ၌ ပြုလုပ်ခဲ့သည်။

သရုပ်ပြမှုတွင် မယ်ဒီလန်းဆေးရုံ၌ အထပ်မြင့် မီးလောင်မှုဖြစ်ပွားခြင်းအတွက် နှစ်ဆင့်လှေကားပါ မီးသတ်ရေယာဉ် တစ်စီးနှင့် ရေသယ်ယာဉ် တစ်စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်း မီးငြိမ်းသတ်စဉ်အတွင်း ကြက်ခြေနီတပ်ဖွဲ့ဝင်များက အဆောက်အအုံအတွင်းရှိ လူများအား ကယ်ဆယ်ပုံ အဆင့်ဆင့်နှင့် ရှေးဦးသူနာပြုစုနည်းများဖြင့် အရေးပေါ် ကယ်ဆယ်မှုများကို သဏ္ဍာန်တူ သရုပ်ပြ လေ့ကျင့်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ သရုပ်ပြလေ့ကျင့်မှုတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းထွန်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပါဝင်ခဲ့ကာ ယာဉ်ထိန်းတပ်ဖွဲ့များနှင့် မယ်ဒီလန်းဆေးရုံမှ ဝန်ထမ်းများကလည်း ပူးပေါင်းပါဝင်၍ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



အထပ်မြင့်အဆောက်အအုံတွင် မီးငြိမ်းသတ်မှုကို သရုပ်ပြလေ့ကျင့်နေစဉ်

# ကျောက်တံခါး၌ကျေးရွာရေရရှိရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ကျောက်တံခါး မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကင်းကျေးရွာအုပ်စု အင်းဖျော့ကျေးရွာတွင် ဆောင်ရွက်သော တွင်းနက်တူးဖော်ခြင်း၊ ရေစက်ရုံနှင့် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း လုပ်ငန်းများကို မြို့နယ်ဦးစီးမှူးဒေါ်ဆွေဆွေမြင့်နှင့် ဝန်ထမ်းများက မတ် ၂၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဦးစီးမှူးနှင့်အဖွဲ့သည် တောင်ပေါ်စုကျေးရွာအုပ်စု ဖိုးနိုးစုကျေးရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအရ ဆောင်ရွက်မည့် ရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းအတွက် ဂဝံစုဆောင်းထားမှု အခြေအနေ၊ ကင်းကျေးရွာအုပ်စု ကျားချောင်းကျေးရွာ၌ ရွာတွင်းလမ်း ကျောက်ချောခင်းရန် ကျောက်များစုဆောင်းထားမှု အခြေအနေနှင့် ကျောက်အရည်အသွေးများကို စစ်ဆေးခဲ့ကြသည်။

**ခင်ကို(ကျောက်တံခါး)**

# ကနန်-တိန်းကယား ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်

**ခါမ်းပါတ် မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခါမ်းပါတ်မြို့ရှိ ကနန်-တိန်းကယား ကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို မတ် ၂၄ ရက်က စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၂၈၀ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လမ်းအရှည် ၂ ဒသမ ၆၁၅ ကီလိုမီတာနှင့် အကျယ်မှာ ၃ ဒသမ ၆၆ မီတာဖြစ်ကြောင်း သိရသည်။

**သားငယ်(ပထဝီဝင်)**

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပွင့်ဖြူမြို့နယ်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းအား ယာယီပိတ်ထား

**ပွင့်ဖြူ မတ် ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးသိပ္ပံကျောင်းကို မတ် ၂၄ ရက်က စတင်ပြီး ယာယီပိတ်ထားလိုက်ကြောင်း အဆိုပါ မြို့နယ်စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီတင်ထံမှ သိရသည်။

"ကျွန်မတို့ မြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းမှာရှိတဲ့ ဆရာ ဆရာမတွေနဲ့ ကျောင်းသားကျောင်းသူတွေ လက်ရှိ ဖြစ်ပေါ်နေတဲ့ ကိုရိုနာဗိုင်းရပ်စ်ရောဂါနဲ့ ပတ်သက်ပြီး ကူးစက်မှုမဖြစ်စေဖို့အတွက် အထက်အကြီးအကဲတွေရဲ့ ညွှန်ကြားချက်နဲ့ မတ် ၂၄ ရက်ကစပြီး ခေတ္တယာယီပိတ်ထားလိုက်ပါပြီ။ မတ် ၁၇ ရက်ကစပြီး ကျောင်းသား ကျောင်းသူတွေ စာမေးပွဲဖြေနေတုန်းဖြစ်ပါတယ်။ ဖြေဆိုပြီးတဲ့ ဘာသာရပ်အနေနဲ့ ငါးဘာသာဖြေဆိုပြီးသွားပြီဖြစ်ပြီး သုံးဘာသာဖြေဆိုရန် ကျန်ရှိနေပါသေးတယ်။ ကျွန်မတို့ မြို့နယ်စိုက်ပျိုးရေးသိပ္ပံကျောင်းမှာတော့ အခု ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်မှာ ကျောင်းသားကျောင်းသူဦးရေဟာ ပထမနှစ်မှာဆိုရင် ကျောင်းသားကျောင်းသူ ၁၈၉ ဦး၊ ဒုတိယနှစ်မှာဆိုရင် ကျောင်းသားကျောင်းသူ ၁၇၆ ဦး၊ တတိယနှစ် မှာဆိုရင် ကျောင်းသားကျောင်းသူ ၁၈၅ ဦးရှိပါတယ်။ အားလုံး ကျောင်းသား ကျောင်းသူဦးရေဟာ ၅၅၀ ရှိပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် အထက်ညွှန်ကြားတဲ့အတိုင်း ယာယီပိတ်ထားရတာဖြစ်လို့ ဘယ်အချိန်အထိ ပိတ်ထားရမယ်ဆိုတာနဲ့ ဘယ်အချိန်မှ ပြန်ဖွင့် ရမယ်ဆိုတာ သေချာမသိရသေးပါဘူး။ တာဝန်ရှိသူတွေ ညွှန်ကြားတဲ့အတိုင်း လိုက်နာဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မင်းဘူး၌ ပြည်ပနိုင်ငံများမှ ပြန်လာသူများအား COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် နေရာချထားမှုဆောင်ရွက်ရေး အစည်းအဝေးကျင်းပ

**မင်းဘူး မတ် ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် ပြည်ပနိုင်ငံများမှ ပြန်လာသူများအား COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် နေရာချထားမှုဆောင်ရွက်ရေး အစည်းအဝေးကို ယမန်နေ့က ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းငွေက COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပြည်ပနိုင်ငံများမှ ပြန်လာသူများအား နေရာချထားရေး၊ တည်းခိုနေထိုင်စားသောက်ရေးတို့နှင့်ပတ်သက်သည့် အကြောင်းအရာများကို ပြောကြားခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ငွေက COVID–19 ရောဂါနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် ငါးမြို့နယ်မှ အုပ်ချုပ်ရေးမှူးများက မိမိတို့မြို့နယ်အလိုက် COVID–19 ရောဂါနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတင့်ခိုင်က ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို တင်ပြဆွေးနွေးခဲ့ပြီး ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီးက နေရာချထားရေးဦးစီးကော်မတီ ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးမြင့်မော်၊ ခရိုင်ဦးစီးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနထံသို့ နှာခေါင်းစည်း အခု ၄၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တက်ရောက်လာကြသော ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ၏ တင်ပြချက်များကို ခရိုင်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။




**ကျော်စိုးဝင်း (မင်းဘူး)**

## မတူပီမြို့တွင် ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မတူပီ မတ် ၂၇**

ချင်းပြည်နယ် မတူပီမြို့တွင် COVID–19 ရောဂါကူးစက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အဖျားတိုင်းတာခြင်း၊ ဆေးပက်ဖျန်းခြင်း၊ အသိပညာပေး ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ယနေ့နံနက်ပိုင်းက ဆက်လက်ဆောင်ရွက်သည်။

ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လူထူထပ်ရာ မတူပီမြို့ စန်ဘောင်လမ်းဆုံ၊ ရှစ်လမ်းဆုံနှင့် မြို့အဝင်/အထွက်တို့တွင် အဖျားတိုင်းတာခြင်းလုပ်ငန်းများ၊ အသိပညာပေးပိုစတာများစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်သည်။

ဆက်လက်ပြီး မတူပီမြို့အတွင်းရှိ ဟိုတယ်များနှင့် တည်းခိုခန်းများတွင် ပိုးသတ်ဆေးပက်ဖျန်းခြင်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်၊ မြို့နယ်တာဝန်ခံဒေါက်တာသစ်လွင်သိမ်းနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က ဆောင်ရွက်ခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခြင်းမှ ကြိုတင် ကာကွယ်နိုင်ရန်အတွက် မတူပီမြို့ရှိ ဘုရားရှိခိုးကျောင်းများ၊ လက်ထပ်မင်္ဂလာ ထိမ်းမြားခြင်းများ၊ ရိုးရာပွဲတော်များနှင့် လူစုလူဝေးများ မပြုလုပ်ရန် တားမြစ်ထားပြီး ပြည်ပနိုင်ငံများမှ မတူပီမြို့သို့ ရောက်ရှိလာသူများအား မတူပီမြို့ ပြည်သူ့ဆေးရုံ၌ ၁၄ ရက်ကြာ စနစ်တကျစောင့်ကြည့်ခြင်းများဆောင်ရွက်ထားကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

## ဖားကန့်မှ ကျောက်မျက်ကုမ္ပဏီများက COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် လှူဒါန်း

**ဖားကန့် မတ် ၂၇**

COVID–19 ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေရေး ကျောက်မျက်ကုမ္ပဏီ ၁၇ ခုက ဖားကန့်မြို့နယ်အတွက် ငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော်ကို မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ပေးအပ်လှူဒါန်းသည်။

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ဖားကန့်) မှ ဥက္ကဋ္ဌ ဦးဇော်လင်းမြင့်(ခ)ဦးဝမ်းက "အခုလိုကမ္ဘာ့ကပ်ရောဂါကြီးနဲ့ ကြုံတွေ့နေရချိန် ကျွန်တော်တို့လုပ်ငန်းရှင်တွေအနေနဲ့လည်း ပြည်သူထဲက ပြည်သူကို ကာကွယ်ချင်တဲ့ စိတ်နဲ့ ဝိုင်းဝန်းပံ့ပိုးတာပါပဲ။ ဒီဒေသမှာပဲ ကျွန်တော်တို့ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းတွေ လုပ်ကိုင်သလို ဒီဒေသအကျိုးအတွက် ကိုယ်နိုင်တဲ့ အခန်းကဏ္ဍကနေ ပူးပေါင်းပါဝင်ခွင့်ရလို့လည်း ကျေနပ်ပီတိ ဖြစ်ရပါတယ်" ဟု ပြောသည်။

ကျောက်မျက်လုပ်ငန်းရှင်များက ပြည်ထောင်စုအစိုးရအဖွဲ့သို့ ငွေကျပ်သိန်း ၃၀၀၀ ကျော်နှင့် ပြည်နယ်အစိုးရအဖွဲ့သို့ ငွေကျပ်သိန်း ၂၀၀၀ ကျော်ကို COVID–19 ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများအတွက် ပေးအပ်လှူဒါန်းသွားမည် ဖြစ်ကြောင်း ဦးဝမ်းက ဆက်လက် ပြောသည်။



အလှူငွေပေးအပ်လှူဒါန်းပွဲတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ဇော်မျိုးဝင်း၊ ရဲမှူးကြီး သန်းထိုက်စိုး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့် အဖွဲ့ဝင်များက မြို့နယ်အတွက် အလှူငွေများလှူဒါန်းခဲ့သည့် ကျောက်မျက်ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**တာလင်းမောင် (ပြန်/ဆက်)**

## COVID-19 ရောဂါကာကွယ်ရေး ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၌ COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေး၊ ကုသရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က သန်လျင်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ ကျင်းပသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်က COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ မှာကြားချက်များကို မိမိတို့မြို့နယ်များတွင် ဒေသန္တရအမိန့်များ ထုတ်ပြန်ဆောင်ရွက်ရေး၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နိုင်ငံအသီးသီးမှ ပြန်လည်ဝင်ရောက်လာကြသူများ ကျန်းမာရေးအသိပညာများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ညွှန်ကြားချက်များ တိကျစွာလိုက်နာဆောင်ရွက်ပေးရေး၊ ကုသရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ပေးရန်နှင့် နေရာထိုင်ခင်းများ လုံလောက်စွာရရှိရေး ကြိုတင်စီမံဆောင်ရွက်ထားရန် မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသော ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက မိမိတို့မြို့နယ်များအတွင်း COVID–19 ရောဂါကြိုတင်ကာကွယ်ရေး၊ကုသရေးလုပ်ငန်းများ စီမံချက်ချ၍ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

## ဆားလင်းကြီးမြို့တွင် COVID-19 ရောဂါကာကွယ်ရေးအတွက် ငွေလှူဒါန်း

**ဆားလင်းကြီး မတ်၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသာခန်းမ၌ ယမန်နေ့က ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးအတွက် အသုံးပြုရန် တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရန် အလှူငွေပေးအပ်လှူဒါန်းပွဲကို ကျင်းပသည်။

အခမ်းအနားတွင် ဆားလင်းကြီးမြို့နယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းနိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဆန်းမြင့်တို့က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်ဆရာဝန်ကြီး ဦးမင်းထွဋ်က COVID–19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါသည်ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားလျက်ရှိရာမှ ယခုအခါ မြန်မာနိုင်ငံတွင်းသို့ ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း၊ ပြည်သူများ၏ အသက်အန္တရာယ်ထိခိုက်မှုမရှိစေရန်၊ ပြည်သူများ၏အကျိုးစီးပွားထိခိုက်မှုနည်းနိုင်သမျှ နည်းစေရန်အတွက် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အက်ရှင်အေ့(မြန်မာ)မှ ဒေါ်ခင်စောဝင်းကCOVID–19 ရောဂါကာကွယ်ရေးအတွက် ပစ္စည်းများဝယ်ယူရန် အလှူငွေကျပ် ၁၇ သိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဦးမင်းထွဋ်က လက်ခံယူသည်။

အဆိုပါပစ္စည်းများကို ဆားလင်းကြီးမြို့နယ်အတွင်းရှိ ဆေးရုံ၊ တိုက်နယ်ဆေးရုံနှင့် အခြားနေရာများတွင် ခွဲဝေပေးမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ သိရသည်။

**ဇော်လင်း (ပြန်/ဆက်)**

## COVID-19 စောင့်ကြည့်လူနာများ သီးခြားထားရှိရန်စီစဉ်ဆောင်ရွက်

**မိုးညို မတ် ၂၇**

ကိုရိုနာဗိုင်းရပ်စ် COVID– 19 ကူးစက်ရောဂါပျံ့နှံ့မှု မဖြစ်ပွားစေရေး မြို့နယ်အဆင့်ကာကွယ်ရေးလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်း အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းက ရွှေဥဒေါင်းရပ်ကွက်ရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအတွင်း၌ စောင့်ကြည့်လူနာများ သီးခြားထားရှိရန်အတွက် ရိပ်သာဝင်းအတွင်း အမှိုက်များရှင်းလင်းခြင်း၊ ထားရှိမည့် အခန်းများ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ခုတင်များ စနစ်တကျထားရှိရန် စီစဉ်ခြင်း၊ ဆေးဖျန်းခြင်းနှင့် လိုအပ်သောအစီအမံများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုမင်း (မိုးညို)**

သက်ရှိလောက တည်မြဲဖို့
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

# ရွှေဘိုမြို့၌ COVID - 19 နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားမှုတို့ကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မုံရွာ မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ရွှေဘိုခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် အတူ ယနေ့ နံနက်ပိုင်းက ရွှေဘိုမြို့၌ COVID – 19 ရောဂါနှင့် ပတ်သက်၍ အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးဆောင်သော စုပေါင်းအဖွဲ့များ၏ COVID–19 ရောဂါကာကွယ်ရေးအတွက် မန္တလေးဘက်မှ ရွှေဘိုမြို့အဝင်မုခ်ဦး၌ လည်းကောင်း၊ မြစ်ကြီးနားဘက်မှ ရွှေဘိုမြို့အဝင် မြောင်းကြီးကျေးရွာ ထိပ်၌ လည်းကောင်း၊ စဥ့်ကူးဘက်မှ ရွှေဘိုမြို့အဝင် ကျောက်မြောင်းတံထားထိပ်၌ လည်းကောင်း၊ အဖျားတိုင်း ကိရိယာများဖြင့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဘိုမြို့တွင်းရှိ အများပြည်သူ ဝင်ထွက်သွားလာနေကြသည့် လူစည်ကားရာနေရာများဖြစ်သော လက်ဖက်ရည်ဆိုင်များ၊ စျေးများ၊ ကားဂိတ်များနှင့် ကုန်စုံဆိုင်များသို့ ရောက်ရှိကာ COVID – 19 ရောဂါနှင့် ပတ်သက်၍ ပြည်သူများ ကျန်းမာရေးအသိပညာပေးပြောကြားခဲ့သည်။

ထို့နောက် ရွှေဘိုမြို့၌ ကိုရိုနာဗိုင်းရပ်စ်ပိုး သံသယလူနာတွေ့ရှိပါက လူနာများနားနေကုသနိုင်ရန်အတွက် ရတနာအောင်မြေကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံများတွင် သီးသန့်အခန်းများ၊ ပြည်သူ့ဆေးရုံကြီးအတွင်းရှိ သီးသန့်အခန်းများအား လည်းကောင်း၊ ရွှေဘိုတက္ကသိုလ်အတွင်းရှိ အမျိုးသမီးကျုံကော်ဆောင်တွင် COVID 19 နှင့် ပတ်သက်၍ အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသော သံသယလူနာနားနေခန်းများအား လည်းကောင်း၊ ရွှေဘိုမြို့ သိရိမင်္ဂလာဘိုးဘွားရိပ်သာတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်ပြည်သူ့ဆေးရုံအတွက် အောက်ဆီဂျင်စက် ပြင်ဆင်ရန်အလှူငွေကျပ် သိန်း ၁၀၀ ပေးအပ်ရာ ရွှေဘိုခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာစောသက်လျှာအောင်က လက်ခံယူခဲ့သည်။

**ထွန်းကိုကို (ယင်းမာပင်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် COVID–19 ရောဂါကာကွယ်ရေးကြိုတင်ပြင်ဆင်ထားမှုကို စစ်ဆေးပြီး လိုအပ်သည်များမှာကြားစဉ်။

# တနင်္သာရီတိုင်းဒေသကြီး COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးညှိနှိုင်းစည်းဝေး

**ထားဝယ် မတ် ၂၇**

COVID– 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က တိုင်းဒေသကြီးအနေဖြင့် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြား ချက်များအတိုင်းလိုက်နာ၍ နေအိမ်၌ ထားရှိစောင့်ကြပ်ကြည့်ရှုခြင်းကို ဦးစားပေးလုပ်ဆောင်နေကြောင်း၊ နယ်စပ်မှ ဝင်ရောက်လာသူများ ကျန်းမာရေးစစ်ဆေးမှုများ ခံယူကြရန်လိုကြောင်း၊ ကုန်စျေးနှုန်းများ မြင့်တက်နေမှုနှင့် ပတ်သက်၍ မည်ကဲ့သို့ထိန်းချုပ်မည်ကို ဆွေးနွေးပေးစေလိုကြောင်း၊ တိုင်းဒေသကြီးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များအတိုင်း ထိရောက်မှုရှိစေရန် လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ ကူးစက်ရောဂါဖြစ်သည့် အတွက် မလိုအပ်ဘဲ အပြင်မထွက် ကြရန်နှင့် ရိက္ခာစုဆောင်းမှုများကိုလည်း မပြုလုပ်ကြရန် မှာကြားလိုကြောင်း၊ တစ်ဖက်နိုင်ငံများမှ လူပွဲစားများဖြင့် ခိုးဝင်လမ်းကြောင်းများမှ ဝင်ရောက်လာပါက လူပွဲစားများအား ထိထိရောက်ရောက် အရေးယူမည်ဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိဒေသသို့ ပြန်လည်ရောက်ရှိလာသူများအား Quarantine ပြုလုပ်သွားနိုင်ရေးလိုအပ်ကြောင်း၊ COVID–19 နှင့် ပတ်သက်သည့် လိုအပ်ချက်များကို အမျိုးသားအဆင့်ဗဟိုကော်မတီသို့ တင်ပြသင့်သည်များကို ဆက်လက်တင်ပြနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။



ထို့နောက်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာထွန်းမင်းနှင့် တက်ရောက်လာကြသူများက COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ကယားပြည်နယ် COVID - 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးညှိနှိုင်းစည်းဝေး

**လွိုင်ကော် မတ် ၂၇**

ကယားပြည်နယ်၌ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က COVID – 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံရပ်ခြားမှ ပြန်လည်ဝင်ရောက်လာသူများနှင့် စပ်လျဉ်း၍ ထပ်မံရောက်ရှိလာမည့်သူများအား စောင့်ကြပ်ကြည့်ရှုခြင်း ပြုလုပ်သွားနိုင်ရန်အတွက် ကာကွယ်၊ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် လိုအပ်သည့် ပစ္စည်းကိရိယာများကို ပြည်ထောင်စုအဆင့်သို့ တင်ပြနိုင်ရေး စီမံရမည်ဖြစ်ကြောင်း၊ မယ်စဲ့၊ ရှားသစ်၊ ရှားတောဒေသများတွင် အဓိကစိစစ်ရန်လိုအပ်ပြီး ယင်းဒေသများတွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်နေမှုများ ရှိနေကြောင်း၊ ယင်းသို့ ဝင်ရောက်လာသူများအနက် ကျန်းမာရေးကောင်းမွန်သူများကို စောင့်ကြပ်ကြည့်ရှုခြင်းဖြင့် ထားရှိရန်နှင့် ရောဂါဖြစ်ပွားလာပါက လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင်သာ ကုသရန်ဖြစ်ပြီး လိုအပ်သည့်ပစ္စည်း ဆေးဝါးများ၊ အောက်ဆီဂျင်ဆက်စပ်ပစ္စည်းများ ပြည့်စုံရန်လိုအပ်ကြောင်း၊ စားသောက်ကုန်စျေးနှုန်းများ မြင့်မားမှုမရှိစေရေးနှင့် ဆေးပစ္စည်း များ စျေးနှုန်းမြင့်တက်မှု မရှိစေရေး ကြပ်မတ်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာန တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်စွက်အကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် COVID – 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ပြည်နယ်အဆင့် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ထွန်းလေး(ပြန်/ဆက်)**

# COVID–19 ကာကွယ်၊ ထိန်းချုပ်ရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

**ဟားခါး**

ချင်းပြည်နယ် ဟားခါးမြို့တွင် လတ်တလောဖြစ်ပေါ်လျက်ရှိသော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး သံသယလူနာတွေ့ရှိပါက အချိန်နှင့်တစ်ပြေးညီ စောင့်ကြပ်ကုသနိုင်ရေးအတွက် ဟားခါးမြို့ပြည်သူ့ဆေးရုံကြီးနှင့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း (ဟားခါး) တို့တွင် ကြိုတင်ပြင်ဆင်မှုများထားရှိရာနေရာများကို မတ် ၂၆ ရက်က ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုသည်။

ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံကြီးအတွင်း၌ ဆရာ ဆရာမများ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ လဲလှယ်မည့်နေရာများ၊ သံသယလူနာတွေ့ရှိပါက Home Quarantine စစ်ဆေးရန်အခန်းများ၊ ကုသနိုင်ရန်အတွက် လူနာထားရှိမည့် သီးသန့်ခုတင်များကို လှည့်လည်ကြည့်ရှုရာ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ငွေစံနှင့် ဟားခါးမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇင်ကိုကိုအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက ရှင်းလင်းပြသခဲ့ကြသည်။

ယင်းနောက် အားကစားနှင့်ကာယပညာသိပ္ပံကျောင်း(ဟားခါး)သို့ ရောက်ရှိ၍ သင်တန်းခန်းမများနှင့် သင်တန်းသားနားနေဆောင်နေရာတို့တွင် သီးသန့်ထားရှိနိုင်ရေးနှင့် အိပ်ခန်း၊ နားနေခန်း၊ ထမင်းစားခန်းနှင့် ရေချိုးခန်း၊ ရေအိမ်များသီးသန့်ထားရှိနိုင်ရေးတို့ကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ရာ ပြည်နယ်ဝန်ကြီးများနှင့်သက်ဆိုင်ရာ တာဝန်ရှိသူများက ချင်းပြည်နယ်အတွင်း COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး သံသယလူနာတွေ့ရှိပါက အချိန်နှင့်တစ်ပြေးညီ စစ်ဆေးကြပ်မတ်ဆောင်ရွက်နိုင်ရေး၊ အချိန်မီထိန်းချုပ်ကုသနိုင်ရေးတို့အတွက် စနစ်တကျ စီမံဆောင်ရွက်ထားရှိရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

**မြင်းမူ**

COVID–19 ရောဂါ မဖြစ်ပေါ်စေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စီမံဆောင်ရွက်ခြင်း ညှိနှိုင်းအစည်းအဝေးပွဲကို မတ် ၂၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်သစ်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးနှင့် တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးခင်မောင်လတ်တို့က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ COVID–19 ကူးစက်မှုမဖြစ်စေရန် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းကိရိယာများစုဆောင်းထားရှိမှုနှင့် တိုင်းဒေသကြီးအတွင်း ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရေးအတွက် လိုအပ်မှုများ တင်ပြနိုင်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းလှိုင်နှင့် တာဝန်ရှိသူတို့က ခရိုင်အတွင်းရှိမြို့နယ်များတွင် ရောဂါထိန်းချုပ်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိခြင်းများကိုလည်းကောင်း၊ မိမိတို့မြို့နယ်အတွင်း ရောဂါကူးစက်မှုမဖြစ်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အသိပညာပေးခြင်း၊ ပြည်ပပြန်လည်ရောက်ရှိလာသူများကို စစ်ဆေးကြပ်မတ်ကာ ဆေးစစ်ခြင်းများဆောင်ရွက်မှုတို့ကိုလည်းကောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာ ကေသီခိုင်က ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများနှင့်အတူ ရောဂါကာကွယ်၊ ထိန်းချုပ်ကုသရေးဆိုင်ရာ လိုအပ်ချက်များကိုတင်ပြပြီး ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဆေးပစ္စည်းနှင့် ကုသဆောင်များ စီစဉ်ထားရှိမှုတို့ကို ရှင်းလင်းပြသခဲ့သည်။

**အောင်စိုးဖေ (မြင်းမူ)**














## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ သလ္လာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၅၃ မြို့သာယာ)၊ ဦးပိုင်အမှတ်(၁၁၂၊ ၁၁၃)၊ ဧရိယာ ၀ ဒသမ ၂၂၀ ဧကအား ဦးအေးကိုကို အမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ မြေနဲကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် (၇၀ဖ၊မြေနဲ(န))၊ ဦးပိုင်အမှတ်(၂၁၅၊၂၁၇၊၂၆၉၊၂၇၀/၁)၊ ဧရိယာ ၀ ဒသမ ၉၃ ဧကရှိ ဦးအေးကိုကို ၅/မရန(နိုင်)၁၃၈၄၉၂ အမည်ဖြင့် အမှုတွဲအမှတ် ၂၄၃/၂၀၁၀-၂၀၁၁အရ ၁၈-၂-၂၀၁၁ရက်မှ ၁၇-၂-၂၀၄၁ ရက်ထိ လူနေထိုင်ရန်မြေငှားစာချုပ် ရရှိထားသော မြေကို ဦးအေးကိုကို အမည်ဖြင့် စက်မှုစီးပွားမြေငှားစာချုပ် ပြောင်းလဲလျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူ မဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စက်မှုစီးပွားမြေငှားစာချုပ်ပြောင်းလဲခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၄၂၄)၊ မြေဧရိယာ(၀ဒသမ၁၄၆)ဧကရှိ ဒေါ်ယုယုခိုင် (ဘ) ဦးသန်းအောင် ၁၂/မရက(နိုင်) ၁၂၃၃၅၆အမည်ပေါက်ပါမစ် မြေကွက်အား အမည်ပေါက်သူ ဒေါ်ယုယုခိုင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာ(၅၇၉၉/၂၀၁၁)ရရှိထားသူ ဦးဝင်းထိုက်(ဘ)ဦးရှောက်ဟန် ၁၃/မနန(နိုင်) ၀၁၀၃၃၈မှ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်မူရင်း၊ အထူးကိုယ်စားလှယ်လွှဲစာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်အား လျှောက်ထားသူဦးဝင်းထိုက်(ဘ)ဦးရှောက်ဟန် ၁၃/မနန(နိုင်) ၀၁၀၃၃၈ အား ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှစတင်၍ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် ပျံ့နှံ့ကူးစက်ဖြစ်ပွားခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ နယ်စပ်မြို့နယ်အချို့တွင်လည်း ကူးစက်ဖြစ်ပွားသဖြင့် ဖြစ်ပွားကျရောက်ခြင်းမရှိသေးသော အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူထားသော ဝက်များကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အိမ်မွေးဝက်များကိုအပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်း မရှိသောစားသောက်ဆိုင်များမှ စားကြွင်း/ကျန်ကျွေးခြင်း မပြုလုပ်ရန်၊
(ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊
(င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(စ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက်ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(ဇ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ဈ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဌ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးမိုးညွန့်(တောင်သာ)

(လက်ထောက်ညွှန်ကြားရေးမှူး၊ အလုပ်သမားဌာန)

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ အမှတ်(၁၄၄/၄)နေ(ဦးအောင်တင့်-ဒေါ် ရွှေနု)တို့၏သား၊ ဒေါ်သန်းနု၏ခင်ပွန်း၊ ဦးဆန်းထွန်းဦး-ဒေါ်အေးအေးလှိုင်၊ ဒေါ်ခင်တည်မိုး(ခေတ္တ-စင်ကာပူ)၊ ဒေါ်စန္ဒာမိုးတို့၏ဖခင်၊ မ ကြော့ကေခိုင်မိုး၊ မဆုလဲ့မိုးတို့၏အဘိုးသည် ၂၇-၃-၂၀၂၀ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၂၀ရက် (တနင်္ဂနွေ နေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၂၀ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

MMA (မော်လမြိုင်)EC အဖွဲ့ဝင် သမားတော်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်အေး၏ မိခင် ဒေါ်အုန်းတင် အသက်(၈၃)နှစ်(မော်လမြိုင်)သည် ၂၅-၃-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းရပါကြောင်း။

**မြန်မာနိုင်ငံဆရာဝန်အသင်း(မော်လမြိုင်)**
**အလုပ်အမှုဆောင်အဖွဲ့ဝင်များ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်လေး(ခ) ဖိုးသောကြာ(ခေတ်+မိုး)

**အသက်(၈၇)နှစ်**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌဟောင်း ဆရာကြီး ဦးခင်မောင်လေး (ခ)ဖိုးသောကြာ(ခေတ်+မိုး)သည် ၂၆-၃-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

---

## ကျေးဇူးဥပကာရတင်ရှိခြင်း

## ဦးခင်မောင်တည် B.Sc,(Forestry)

ဒု/ညွှန်ကြားရေးမှူး(ငြိမ်း)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဦးစီးဌာန

**အသက်(၆၄)နှစ်**

၂၅-၃-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့) တွင် ခရစ်တော်၌အိပ်ပျော်သွားသော ဦးခင်မောင်တည် (ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း) ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၏ နာမကျန်းဖြစ်စဉ်ကာလအတွင်း မေတ္တာပြခဲ့သူများအားလုံး၊ ၂၆-၃-၂၀၂၀ရက်တွင် နာရေး ကိစ္စအဝဝအတွက် ကူညီပေးခဲ့သော ဓမ္မဆရာ၊ ဆရာမများ၊ B.Sc,(Forestry) "80" Batch မှ သူငယ်ချင်းများ၊ မြန်မာ့သစ် လုပ်ငန်းဌာနမှ လုပ်ဖော်ကိုင်ဖက်များ၊ ဓမ္မမိတ်ဆွေနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ နေအိမ်သို့ ကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဆက်၍သော်လည်းကောင်း၊ လူမှုဆက်သွယ်ရေးကွန်ရက်များမှတစ်ဆင့် အားပေး သတင်းမေးမြန်းဆက်သွယ်ကြသော ရပ်နီးရပ်ဝေး မှ မိတ်ဆွေများနှင့်တကွ လူ့လောကီရေးရာ နောက်ဆုံးခရီး ကို အဆင်ပြေချောမွေ့စေရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသည့် ကျေး ဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

တောင်ကြီးအသင်း(ရန်ကုန်)
ဒါယကာကန်တော့ခံ

## ဦးခင်မောင်လေး(ခ) ဖိုးသောကြာ

**အသက်(၈၇)နှစ်**

ရန်ကင်းမြို့နယ်၊ တိုက်(၂၃၃/A)၊ အခန်း(၃)နေ ဒေါ်ရီရီသိန်း(ခ)ဒေါ်နန်းကြာရီ၏ခင်ပွန်း ဦးခင်မောင်လေးသည် ၂၆-၃- ၂၀၂၀ရက်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 72W/55517 ယာဉ်လက်ဝယ်ရှိသူ ဦးငွေအောင် ၁၄/ကလန(နိုင်)၁၅၉၂၆၃ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ပဒေသာဈေးတွင် သမဝါယမဦးစီးဌာနပိုင်ဆိုင်သော ရုံအမှတ်(က) ဆိုင်အမှတ် (၃၉၊ ၄၀၊ ၄၁၊၄၂၊ ၅၁၊ ၅၂၊ ၅၃၊၅၄)နှင့် ရုံအမှတ် (ဂ)ဆိုင်အမှတ် (၁၄)ဦးချစ်ဦးတို့ ဆိုင်ခန်း(၉)ခန်းမှာ ဆိုင်ခန်းမှတ်ပုံတင်စာအုပ် ပျောက်ဆုံး၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အသစ် ထုတ်ယူခွင့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံး သည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ဖော့ကန်ပဒေသာ**
**ဈေးတာဝန်ခံ ၊**
**ဖုန်း-၀၉- ၄၂၀၃၃၄၃၄၇**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

---

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်သန်းမြင့်

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၅၃/A၊ ၁ရပ်ကွက်၊ ဆီစက်လမ်းနေ (ဦးအောင်တင်-ဒေါ်အမာ)တို့၏သမီး၊ [ဗိုလ်မှူးကြီး-ငြိမ်း (ဦးအောင်မြင့်)]၏ ချစ်လှစွာသောဇနီး၊ ဒေါ်တင်တင်အေး-ဦးကိုကို၊ ဦးမျိုးခင်-ဒေါ်ခင်အေးအေး၊ ဦးမျိုးညွန့်-ဒေါ်တင်မာကြည်တို့ ၏အစ်မ၊ Drဦးဇော်ဝင်း-ဒေါ်ရီရီမြင့်၊ (ဦးဝေလွင်အောင်)-ဒေါ်မြင့်မြင့်စန်း၊ ဦးရန်အောင်-ဒေါ်စန်းစန်းမြင့်၊ ဗိုလ်မှူးကြီး(ငြိမ်း) ဦးစန်းလွင် အောင်(မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်ဖြိုးဖြိုးသူတို့၏မိခင်၊ ဦးတိုးလှိုင်-ဒေါ်သက်သက်အောင်(ခေတ္တ-စင်ကာပူ)၊ဦးထိန်လင်းအောင်-ဒေါ်ဝင်းလဲ့ရီ၊ ဦးဝင်းနန္ဒ-ဒေါ်ခိုင်သူသူအောင်(ခေတ္တ-ဂျာမနီ)၊ ကိုကောင်းထက်အောင်၊ ဒေါက်တာထွန်းထွန်းနိုင်-ဒေါ်ယဉ်သူသူ အောင်၊ ကိုစစ်ဖြိုးအောင်၊ ကိုအာကာထက်အောင်တို့၏အဘွားသည် ၂၇-၃-၂၀၂၀ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် အမှတ်(၂)စစ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၀ ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၊ ငြိမ်းအေးဇရပ်တွင် တရားနာပြီး ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးဉာဏ်မြင့်

(စမ်းချောင်းမြို့နယ် သတင်းစာကိုယ်စားလှယ်)
သုံးဆယ်မြို့

**အသက်(၈၈)နှစ်**

သုံးဆယ်မြို့နေ(ဦးအီစင်း-ဒေါ်အေးရှင်)တို့၏သား၊ (ဦးမောင်စိန်-ဒေါ်ကျင်သန်း)တို့၏သားသမက်၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ အမှတ်(၁၅)၊ ကျွန်းတောကျောင်းလမ်းနေ ဒေါ်တင်အုန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်သန်းအေး-ဒေါ်ခင်ခင်တင့်၊ ဦးထွန်းဦး-ဒေါ်ခင်မျိုးမြင့်၊ ဦးအောင်ဇော်လတ်-ဒေါ်ခင်ညွန့်ဝေ၊ ဦးရဲမြင့်-ဒေါ်ဝင်းဝင်းမြင့်တို့၏ဖခင်၊ မောင်အောင်ဘို မင်း၊ မအေးပပခိုင်၊ မစုမာလာထက်တို့၏ ဘိုးဘိုးကြီးသည် ၂၆-၃-၂၀၂၀ရက် မွန်းလွဲ ၁:၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၉နာရီထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## သတင်းစာဆရာကြီး ဦးခင်မောင်လေး(ခ) ဖိုးသောကြာ(ခေတ်+မိုး)

**အသက်(၈၇)နှစ်**

အထူးကြည်ညိုလေးစားရပါသော မြန်မာနိုင်ငံသတင်းစာဆရာအသင်း MJA၏ နာယက ဝါရင့်သတင်းစာဆရာကြီး ဦးခင်မောင်လေး(ဖိုးသောကြာ-ခေတ်+မိုး)ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ (ဆရာကြီး ကောင်းရာသုဂတိ လားပါစေ။)

**သတင်းစာဆရာ ဦးကျော်လှနှင့် သမာဓိ မိသားစု(တောင်ငူမြို့)**

---

## ဦးမိုးကြွယ်(တိုနီ)

လက်ထောက်အင်ဂျင်နီယာ(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန

**အသက်(၆၀)**

ရန်ကုန်မြို့၊ အမှတ်(၄၀)၊ လေဆိပ်ရိပ်သာလမ်းသွယ်(၃)နေ [ဦးဘကြွယ် (တိုင်းအင်ဂျင်နီယာမှူးကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်မြဆွေ] တို့၏သား၊(ဦးစိန်မြင့်-ဒေါ်အုန်းမြင့်)တို့၏သားသမက်၊ (ဦးထွန်းမြင့်)-ဒေါ်ခိုင်ခိုင်ကျော်၊ Mr.Raj-ဒေါ်နီလာကြွယ်(Ruby)တို့၏ ညီ/မောင်၊ Drကြည်ကြည်လင်း(Ashro Myanmar Ltd)၏ချစ်လှစွာသောခင်ပွန်း၊ မခြူးမြတ်စန္ဒီ(MMAC, Grade-9)၏ ဖခင်သည် ၂၇-၃-၂၀၂၀ရက် နံနက် ၅:၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၂-၄-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ် သို့ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကိုဇာနည်ထက်

စက်မှုကျွမ်းကျင်(၃) ကညန(ကော့သောင်း)

**အသက်(၂၉)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက်၊ ရွှေကိန္နရီအိမ်ရာနေ (ဦးရင်ပျို-ဒေါ်ခင်ပု)တို့၏မြေး၊ ပဲခူးယ်ကုန်းမြို့၊ အုန်နဲ့ရိုးရွာနေ (ဦးသောင်းရွှေ)-ဒေါ်ညွန့်ခင် တို့၏မြေး၊ မော်လမြိုင်မြို့နေ ဦးအေးကြူ-ဒေါ်ခင်မာကြည် တို့၏သားသမက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက်၊ ရွှေကိန္နရီအိမ်ရာ၊ တိုက် ၂၊ အခန်း ၄၀၁ နေ ဦးလှငွေး-ဒေါ်သန်းမြတို့၏သား၊ မောင်အာကာထက်၊ မောင်ကျော် ဇင်ထက်၊ မမေမိုးမြင့်ထက်တို့၏အစ်ကိုကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ခ ရပ်ကွက်၊ ရွှေကိန္နရီအိမ်ရာ၊ တိုက် ၃၊ အခန်း ၂၀၄ နေ မလင်းလင်းထက်၏ခင်ပွန်း သည် ၂၅-၃-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၃၁-၃-၂၀၂၀ ရက်(အင်္ဂါနေ့) ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက်၊ ရွှေကိန္နရီအိမ်ရာ၊ တိုက် ၃၊ အခန်း ၂၀၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/5990 Toyota Alphard MW H 10 Micro Bus(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဇော ၅/မရန(နိုင်)၀၀၀၅၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၃-၂၀၂၀ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၁)တွင် ဒေါ်ကြည်ကြည်(မိတ္ထီလာ) ၉၁နှစ်နာရေးကြော်ငြာတွင် ၁၆-၃-၂၀၂၀ရက် ညနေ ၄:၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားခြင်းအစား ၂၆-၃-၂၀၂၀ရက် ညနေ ၅:၁၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားခြင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

သင့်သွေးဖြင့် အသက်ကယ်ပါ

---

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေ များရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်း ကို လျှော့ချရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေးရန်။
- ❖ မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# တရုတ်နိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ ထောက်ပံ့သော ဒုတိယအသုတ်ဆေးပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်




**နေပြည်တော် မတ် ၂၇**

တရုတ်နိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ ထောက်ပံ့သော COVID-19 ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ ဒုတိယအသုတ် ဆေးပစ္စည်းကိရိယာများ မတ် ၂၆ ရက်ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။ (ဓာတ်ပုံ)

အဆိုပါ ဆေးပစ္စည်းကိရိယာများကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ လွှဲပြောင်းပေးအပ်သည်။

တရုတ်နိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ ထောက်ပံ့ပေးအပ်သည့် ယခုအကြိမ် ဆေးပစ္စည်းကိရိယာများတွင် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ (PPE) ၅၀၀၀ ၊ N95 နှာခေါင်းစည်း ၅၀၀၀ နှင့် တစ်ခါသုံးနှာခေါင်းစည်း နှစ်သိန်းတို့ပါဝင်ပြီး စုစုပေါင်းတန်ချိန် ၂ ဒသမ ၄၅ တန် ရှိကြောင်း၊ ယခုအကြိမ်မတိုင်မီ တရုတ်နိုင်ငံက မြန်မာနိုင်ငံသို့ COVID-19 ဗိုင်းရပ်စ်ပိုးဓာတ်ခွဲစစ်ဆေးရေးကိရိယာ ၂၀၀၀ ကျော်နှင့် နှာခေါင်းစည်း စသည့်ဆေးပစ္စည်းကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ လက်တွေ့အခက်အခဲများနှင့် လိုအပ်ချက်များကို ပေါင်းစပ်သုံးသပ်၍ ယခုကဲ့သို့ အပူချိန်တိုင်းကိရိယာ စသည့်ဆေးပစ္စည်းကိရိယာများ ပို့ဆောင်သွားရန် စီစဉ်လျက်ရှိပြီး မကြာမီတွင် လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## YBS ယာဉ်လိုင်းကုမ္ပဏီများမှ YRTA ထံ ပေးသွင်းရသည့် စီမံခန့်ခွဲမှုရန်ပုံငွေကို တစ်လကျော် ကင်းလွတ်ခွင့်ပြု

**ရန်ကုန် မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်တင် ပြေးဆွဲနေသည့် YBS ယာဉ်လိုင်းကုမ္ပဏီများမှ YRTA ထံ ပေးသွင်းရသည့် စီမံခန့်ခွဲမှုရန်ပုံငွေကို မတ် ၂၇ ရက်မှစ၍ ဧပြီ ၃၀ ရက်အထိ တစ်လကျော်ကြာ ကင်းလွတ်ခွင့်ပြုလိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA) မန်နေဂျင်းဒါရိုက်တာ ဦးအောင်ညီညီမော်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားပြည်သူများ သွားလာရေး အဆင်ပြေစေရန် ပြေးဆွဲပေးနေသော YBS ယာဉ်များအတွက် ထောက်ပံ့ သည့်အနေဖြင့် YRTA သို့ နေ့စဉ်ပေးသွင်းရသောရန်ပုံငွေ YBS ယာဉ်တစ်စီးလျှင် ကျပ် ၄၀၀၀ အား တစ်လကျော်ကြာ ကင်းလွတ်ခွင့်ပြုကြောင်း၊ အဆိုပါ YBS ယာဉ်အစီးရေမှာလည်း တစ်နေ့လျှင် ၄၅၀၀ ခန့် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

"ဒါဟာ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အနေနဲ့ YBS ယာဉ်လိုင်းကုမ္ပဏီများကို တစ်ထောင့်တစ်နေရာကနေပြီးတော့ ပံ့ပိုးမှုဖြစ်စေအောင် စီစဉ်ဆောင်ရွက်ပေးခြင်းပဲ ဖြစ်ပါတယ်" ဟု ဦးအောင်ညီညီမော်က ပြောသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ◆

## COVID-19 ရောဂါဖြစ်ပွားပျံ့နှံ့လျက်ရှိသော နိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများကို သီးသန့်နေရာများထားကာ စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**မုံရွာ မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၏ အချက်အချာကျသော နေရာ ရှစ်ခု၌ လက်ရှိတွင် COVID-19 ရောဂါ ပျံ့နှံ့ဖြစ်ပွားလျက်ရှိသော နိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများကို သီးသန့်နေရာခွဲပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

မုံရွာမြို့တွင် ယခင်က COVID-19 ရောဂါ ပျံ့နှံ့ဖြစ်ပွားလျက်ရှိသော နိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများကို နေရာရှစ်ခုတွင် ကနဦးစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ၎င်းတို့၏ နေအိမ်များ၌ သီးသန့်နေရာခွဲ၍ နေထိုင်စေရန် ညွှန်ကြားခဲ့သည်။ သို့သော်လည်း လိုက်နာမှုအားနည်းသဖြင့် သီးသန့်နေရာခွဲပြီး စောင့်ကြပ်ကြည့်ရှုခြင်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မတ် ၂၆ ရက် ညနေပိုင်းမှ စတင်ကာ နန္ဒဝန်ရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာ တိုက်အမှတ်(၆)နှင့် (၇)တို့တွင် ထားရှိကာ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း မုံရွာမြို့နယ်




COVID-19 ရောဂါ ကာကွယ်ရေးအတွက် အဖျားတိုင်းစစ်ဆေးစဉ်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဒေါက်တာစုစုလင်း၏ ပြောကြားချက်အရ သိရသည်။

“အရင်ရက်တွေက COVID-19 ရောဂါ ပျံ့နှံ့ဖြစ်ပွားလျက်ရှိတဲ့ နိုင်ငံတွေကနေ ပြန်လည်ဝင်ရောက်လာတဲ့သူတွေကို မြို့ရဲ့ အချက်အချာကျတဲ့ နေရာရှစ်ခုမှာ ကနဦးစမ်းသပ်မှုတွေ လုပ်တယ်၊ ဘာလက္ခဏာမှ မပြတဲ့သူတွေကို ကိုယ့်နေအိမ်မှာပဲ အခန်းခွဲတာ၊ ဒါမှမဟုတ် သီးသန့်နေရာခွဲပြီးနေဖို့ ညွှန်ကြားပြီး ပြန်လွှတ်တယ်၊ ဒါပေမယ့် အများစုက လိုက်နာမှုအားနည်းပြီး နေရာအနှံ့ကို လျှောက်သွားကြတဲ့အတွက် သူတို့မှာ ရောဂါပါလာခဲ့မယ်ဆိုရင်

*စာမျက်နှာ ၁၁ ကော်လံ ၁* ●

## PUBG Mobile Myanmar Championship 2020 ဗိုလ်လုပွဲ အွန်လိုင်းတွင် ကျင်းပမည်

**ရန်ကုန် မတ် ၂၇**

၂၀၂၀ ပြည့်နှစ် မတ်၂၉ ရက်တွင် ရန်ကုန်မြို့ရှိ Yangon Convention Center ၌ ကျင်းပရန် စီစဉ်ထားရှိသော PUBG Mobile Myanmar Championship 2020 ဗိုလ်လုပွဲအဆင့် ဂိမ်းပြိုင်ပွဲကြီးကို အွန်လိုင်းပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပသွားမည်ဖြစ်ပြီး ပရိသတ်များဘေးကင်းလုံခြုံစွာ ကြည့်ရှုအားပေးနိုင်ရန် PUBG MOBILE ၏ Facebook Page တွင် တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❑


**သတိပြုရှောင်ရှားသင့်သော လူစုလူဝေးများနှင့် COVID-19 ရောဂါ** (စာ-၆)

**မရမ်းကုန်းမြို့နယ် ရပ်ကွက် ၁၀ ခုအတွင်း ပြည်ပမှ ပြန်ရောက်လာသူ ၁၁၀ အား ဟိုတယ်နှစ်ခုတွင်ခွဲ၍ ၁၄ ရက် စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အားလုံးကျန်းမာရေးကောင်းမွန်လျက်ရှိ** (စာ-၁၇)

**ထန်းတပင်၊ ပျဉ်းမနား၊ မိတ္ထီလာနှင့် ကရသူရိမြို့တို့တွင် မီးလောင်မှုဖြစ်စဉ်များကြောင့် နေအိမ်အဆောက်အအုံအချို့ ဆုံးရှုံးပြီး တစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရ** (စာ-၂၅)